အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.148(2377-2392)

လက်နက်လမ်းစဉ်မှ ဖိတ်ခေါ်ချက်

.May Be:

..အပိုင်း ၂၃၇၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင် လောင်ဖန်းက

ရယ်မောရင်း “အစ်ကိုယ့်

လောကသုံးပါးမှာ နံပါတ်

(၁)ညဏ်ကြီးရှင်လို့ ပြောကြတာကို

မင်းမသိသေးတာ

ဖြစ်ကောင်းဖြစ်နိုင်မယ်။ ဟုတ်တယ်

ဒါကို ဘယ်သူမှ လက်မခံပါဘူး။

အနည်းဆုံးတော့

ငါတို့လူသားမျိုးနွယ်ထဲက ဘယ်သူမှ

အသိအမှတ်မပြုချင်ကြဘူး။

နောက်ဆုံးတော့ သူက

သိုင်းပညာအဆင့်သတ်မှတ်ချက်မှာ

မတိုက်ခိုက်ရသေးဘူးလေ။ ဟုတ်တယ်

တကယ်တော့ သူက

နံပါတ်(၁)ဓားကျင့်ကြံသူ

ဖြစ်ကောင်းဖြစ်နိုင်တယ်”

သူက အားရှဲ့ကိုစိုက်ကြည့်သည်။

“အားရှဲ့က အစွမ်းထက် ဓားကျင့်ကြံသူ

တစ်ယောက်ပါ။ ဒါကြောင့် သူမက

ယန်ယဲ့ကို သဘာဝကျကျ

တွေ့ချင်နေတာ။ ကောလဟာလတွေက

ပြောထားသလို တကယ်သန်မာတဲ့သူ

ဟုတ်မဟုတ် ကြည့်ချင်တာပဲ”

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်ပြသည်။

“ဟုတ်တယ်

သိုင်းဧကရာဇ်အဆင့်သတ်မှတ်ချက်က

ဘာလဲ...”

လောင်ဖန်းက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

အံ့အားသင့်သွားကာ “ဟာ

သောက်ကျိုးနည်း မင်းဒါကို

မကြားဖူးဘူးလား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“ငါမကြားဖူးဘူး”

လောင်ဖမ်းက

ထူးဆန်းသောအမူအရာဖြင့် ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်

“သိုင်းဧကရာဇ်အဆင့်သတ်မှတ်ချက်ဆို

တာက လောကသုံးပါးရဲ့

မျိုးနွယ်စုတွေအားလုံး ပူးတွဲ

ထုတ်ပြန်ထားတဲ့ အရာပဲ။

အဆင့်သတ်မှတ်ချက်ထဲမှာပါတဲ့

ကျင့်ကြံသူတွေက မျိုးနွယ်စု အသီးသီးရဲ့

ညာဏ်ကြီးရှင်တွေပဲ။ အထူးသဖြင့်

ထိပ်ဆုံး (၁၀)ယောက်က

အရမ်းကြောက်ဖို့ကောင်းတယ်။

အတိတ်တစ်ချိန်တုန်းက

သိုင်းဧကရာဇ်အဆင့်သတ်မှတ်ချက်ရဲ့

အဆင့် (၉)ကျင့်ကြံသူက

မဟာမျိုးနွယ်စုကြီး လေးခုရဲ့

ညာဏ်ကြီးရှင် တစ်ယောက်ကို
သတ်ပစ်ခဲ့တယ်။ အဲ့ဒီလူက
လက်စားချေမခံရတဲ့အပြင်
ပြန်ပြီးတော့တောင်
တောင်ပန်ခံရသေးတယ်”

ယန်ယဲ့က “ထိပ်တန်းမျိုးနွယ်စုရဲ့
ညာဏ်ကြီးရှင်တွေက အဲ့ဒီလူတွေလောက်
မသန်မာဘူးလား…”

“မင်းအဲ့ဒီလိုတော့ မပြောနိုင်ဘူး”

လောင်ဖန်းကဆက်ပြီး ပြောခဲ့သည်။

“ခြုံငုံပြောရလျှင် သူတို့ရဲ့

အရည်အသွေးက အနည်းငယ်

ပိုကောင်းရုံပဲ။ ဒါပေမဲ့ မျိုးနွယ်ခြား

အသီးသီးရဲ့ ဉာဏ်ကြီးရှင်တွေက

သူတို့ထက် နိမ့်ကျတယ်လို့ မဆိုလိုဘူး။

သိုင်းကောရာဇ်အဆင့်သတ်မှတ်ချက်ရဲ့

ထိပ်ဆုံး (၁၀)ယောက်ထဲက

ညာဏ်ကြီးရှင်တိုင်းလိုပဲ သူတို့က
မဟာမျိုးနွယ်စုကြီးလေးခုရဲ့
ညာဏ်ကြီးရှင်တွေထက် မနိမ့်ကျဘူး”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
ဘာမှပြန်မပြောပေ။

တစ်ချိန်တည်းမှာပဲ လောင်ဖန်းက
“ယန်ယဲ့က ကောင်းကင်မျိုးနွယ်ရဲ့
ညာဏ်ကြီးရှင်တွေအားလုံးကို

ဖိနှိပ်နိုင်ခဲ့တဲ့အတွက် သူက

အားနည်းသူမဟုတ်တာသေချာတယ်။

သူ့ရဲ့ ခွန်အားကို အခြေခံရင်

သိုင်းရောဇ်အဆင့်သတ်မှတ်ချက်ရဲ့

ထိပ်ဆုံး (၁၀)ယောက်ထဲကိုတော့

ဝင်နိုင်သင့်တယ်။ နည်းနည်းလေး

ချဲ့ကားလိုက်မယ်ဆိုရင်တော့ ပိုပြီး

စိတ်ဝင်စားစရာကောင်းလာမှာပါ”

စုရှစ်က ရုတ်တရက် မေးလိုက်သည်။

“ဒါဆို ဘာဖြစ်လဲ…။ သူက

ငါတို့လူသားမျိုးနွယ်ကို

သစ္စာဖောက်ခဲ့တယ်။

ငါတကယ့်ကိုနားမလည်ဘူး။ သူ့ရဲ့

ပင်ကိုယ်စွမ်းရည်ကို အခြေခံလျှင်

လူသားမျိုးနွယ်ရဲ့

အနာဂတ်ထောက်တိုင်ကြီးတစ်ခု

ဖြစ်လာနိုင်တယ်။ ဒါကို သူက

ဘာကြောင့်များ ရှာမန်မျိုးနွယ်နဲ့
ပူးပေါင်းလိုက်တာလဲ...”

“သူက ရှာမန်မျိုးနွယ်နဲ့
ပူးပေါင်းခဲ့သလား...”

ယန်ယဲ့က စုရှစ်ကို စိုက်ကြည့်ရင်း
“မင်းကိုလူသားအင်ပါယာအရှင်ပြောခဲ့
တာလား...”

စုရှစ်က

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

“လူသားအင်ပါယာအရှင်က

ဖမ်းဝရမ်းထုတ်ထားတယ်။ ယန်ယဲ့က

အခုအချိန်မှာ လူသားမျိုးနွယ်ကို

သစ္စာဖောက်တဲ့လူဖြစ်တယ်။ သူ့ကို

ကာကွယ်ဖို့ ဘယ်သူမှ ခွင့်မပြုနိုင်ဘူး”

ယန်ယဲ့က အခြားစကားထပ်မပြောပေ။

သူသည် လူသားကမ္ဘာသို့

ပြန်မသွားနိုင်တော့ကြောင်း

သဘောပေါက်ခဲ့သည်။ မဟုတ်ပါက

သူပြန်သွားသည်နှင့် အဆုံးအစမဲ့သော

ဒုက္ခများသာရင်ဆိုင်ရပေမည်။ ထိုပြင်

လူသားအင်ပါယာအရှင်က

သေခြင်းရှင်ခြင်းတိုက်ခိုက်ဖို့

ရည်ရွယ်ခဲ့သည်။

ဤအချိန်တွင် လောင်ဖန်းက ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ "အစ်ကိုရဲ့ မင်းက ဘယ်မျိုးနွယ်ကလဲ..."

ယန်ယဲ့က ပြုံးလိုက်သည်။ "မင်းတို့ တစ်ခါမှ မကြားဖူးတဲ့ မျိုးနွယ်လေးတစ်ခုပါ"

လောင်ဖန်းနှင့် အခြားလူတိုင်းက ယန်ယဲ့ကိုစိုက်ကြည့်ကာ

ဘာမှပြန်မပြောပေ။ အကြောင်းမှာ

ထပ်မေးပါက ဉာဏ်မမီသောကြောင့်ပါ။

(၂)နာရီခန့်အကြာတွင် လောင်ဖန်းက

ရုတ်တရက် “ငါတို့ဒီမှာ”

လူတိုင်းရပ်ပြီး ရှေ့သို့

မျှော်ကြည့်လိုက်ကြသည်။

ယန်ယွဲ့၏အမူအရာသည် ရုတ်တရက်

ပြောင်းလဲသွားပြီး သူ၏အသိစိတ်က

ခန္ဓာကိုယ်ထဲသို့ နစ်မြစ်လိုက်သည်။

ခဏအကြာတွင် မူလစေတီထဲမှ

ယန်ယဲ့၏ အံ့အားသင့်နေသော

အသံထွက်ပေါ်လာသည်။

သူရှေ့တွင် ဓားတစ်ချောင်းရှိကာ

တစ်ဆက်ဆက်တုန်ခံနေသည်။

အနှောင်းအဖွဲ့ကင်းမဲ့သူ၏

ဓားပင်ဖြစ်သည်။

“အဲ့တာက ဘာလဲ...”

ယန်ယဲ့သည်

မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင် ဓားက ရပ်သွားသည်။

ယန်ယဲ့ရှေ့မှာ ရုတ်တရက်

လွင့်မျောလာသည်။ ယန်ယဲ့သည် ဓားကို

ဆုပ်ကိုင်လိုက်သည့်အခါ အနည်းငယ်

တုန်ခါတော့သည်။ ယန်ယဲ့သည်

ဓားကိုကြည့်ရင်း

နက်နက်နဲနဲတွေးတောပြီးနောက်

မူလစေတီထဲမှ  ထွက်သွားခဲ့သည်။

ဤအချိန်တွင် လောင်ဖန်းက ယန်ယဲ့ကို

စူးစိုက်ကြည့်ကာ “အစ်ကိုယဲ့

နတ်ဆိုးမျိုးနွယ်ထဲကလာကို

တိုက်ခိုက်ရင်း မင်းဟာ ရုပ်ခန္ဓာအားကို

အသုံးခဲ့တာမဟုတ်လား...။  ဒါဆို

ငါ့အထင် မင်းက ခန္ဓာကိုယ်

ကျင့်ကြံသူဖြစ်ရမယ်”

ယန်ယွဲ့သည် ခေါင်းညိတ်သည်။

“ဒီလိုပါပဲ'

“ခန္ဓာကိုယ်လမ်းစဉ် ကျင့်ကြံသူ”

ယန်ယဲ့၏အဖြေကို ကြားသောအခါ

စုရှစ်နှင့် အားရှဲ့တို့နှစ်ယောက် သူ့ကို

လှည့်ကြည့်ကြသည်။

ခန္ဓာကိုယ်လမ်းစဉ်ကျင့်ကြံခြင်းသည်

နာကျင်လွန်းသောကြောင့်

မရှိသလောက်ရှားပါသည်။

လူသားကျင့်ကြံသူများ၏အမြင်အရ

ခန္ဓာကိုယ်ကျင့်ကြံခြင်းလမ်းစဉ်လျှောက်

လှမ်းခြင်းသည် ကိုယ့်ကိုယ်ကို

ညှင်းပန်းနှိပ်စက်ရန် တောင်းဆိုခြင်းနှင့် ဆင်တူသည်။ ထိုပြင် လူသားခန္ဓာကိုယ်သည် နတ်ဆိုးမျိုးနွယ်နဲ့ နတ်မိစ္ဆာမျိုးနွယ်နှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျခဲ့သည်။

တစ်ချိန်တည်းမှာပင် လောင်ဖန်းက ပြုံးပြီး “ခန္ဓာကိုယ်လမ်းစဉ်ကျင့်ကြံသူတွေ အရမ်းရှားတယ်။ အစ်ကိုယ့် မင်းရဲ့ ခန္ဓာကိုယ်ကို

ဒီလောက်အတိုက်းအတာအထိ

ကျင့်ကြံထားနိုင်တယ်။ ဒီတော့ မင်းရဲ့

စိတ်ဆန္ဒက တကယ်ကို လေးစားစရာပဲ”

ယန်ယဲ့က ပြုံးရုံသာပြုံးလိုက်ပြီး

ဘာမှပြန်မပြောချေ။ ဤအချိန်တွင်

သူတို့က အဝေးဆီသို့ ရုတ်တရက်

မျှော်ကြည့်နေသည်။ ထိုနေရာတွင်

မိုးကုပ်စက်ဝိုင်းတောင်တန်းကြီး

တည်ရှိနေခဲ့သည်။ တောင်တန်းက

မြင့်မားခြင်းမရှိသော်လည်း အလွန်တရာ
ရှည်လျားသည်။

ထိုပြင် တောင်တန်း၏နောက်ကွယ်ရှိ
ဧရိယာသည် အဆုံးအစမဲ့သော
ပင်လယ်သမုဒ္ဒရာပြင်ကြီးဖြစ်သည်။
တောင်ပေါ်ရှိ ကောင်းကင်ယံ၌
အဖြူရောင် အလင်းတန်းများ
တဖျတ်ဖျတ် လင်းလက်နေ၏။
မြင်လိုက်သောအခါ

ယန်ယဲ့၏မျက်နှာပေါ်တွင်

အလွန်လေးနက်သော

အမူအရာတစ်ခုပေါ်လာသည်။

“အန္တရာယ်”

တောင်ထိပ်ပေါ်ရှိ အခြေအနေက

သူ့အတွက် အန္တရာယ်များသည်ဟု

ခံစားလိုက်ရသည်။

"ယန်ယဲ့က အဲ့ဒါဘာလဲ..."

လောင်ဖန်းက ခေါင်းခါလိုက်ပြီး

"ငါလည်းမသိဘူး"

ထိုနောက် ပတ်ဝန်းကျင်ကို

စိုက်ကြည့်လိုက်ပြီး "သွားကြစို့"

အချိန်သိပ်မကြာလိုက်ပေ သူတို့အဖွဲ့က

မိုးကုပ်စက်ဝိုင်းတောင်တန်းသို့

ရောက်လာကြသည်။

အဖြူရောင်အလင်းတန်းများက

သူတို့အထက်တွင် လွင့်မျောနေသည်။

လောင်ဖန်းက မော့ကြည့်လိုက်ပြီး

“အဖြူရောင်က တားမြစ်နယ်မြေ။

တောင်းထိပ်ကို မရအောင်

တားထားတယ်။ ပညာရှင်အဆင့်

အပျက်အစီးနယ်မြေက

တောင်ထိပ်မှာရှိသင့်တယ်”

ယန်ယဲ့က "မျိုးနွယ်စုတွေအားလုံးက ဒါကိုဖြေရှင်းဖို့ သူတို့ရဲ့ ကျင့်ကြံသူတွေစေလွှတ်ခဲ့တာ မဟုတ်ဘူးလား..."

လောင်ဖန်းက ပြုံးပြီး "သူတို့က ပညာရှင်ကို လွှတ်လိုက်ရင် သဘာဝအတွင်းဖြစ်နိုင်တယ်။ ဒါပေမဲ့ သူတို့က ဘာကြောင့် ဒီလို လုပ်ရမှာလဲ...။

အစ်ကိုယ့် ပညာရှင်အဆင့်

အပျက်အစီးနယ်မြေက တကယ့်ပဲ

ငါတို့ကို လေ့ကျင့်ဖို့အတွက်

အသုံးတဲ့နေရာတစ်ခုပဲလာက်ပဲလေ။

သူတို့အမြင်အရတော့

ပညာရှင်အဆင့်အပျက်အစီးနယ်မြေတို

တာ မျိုးနွယ်စု အသီးသီးက

ညာဏ်ကြီးရှင်တွေကို လေ့ကျင့်နိုင်တယ်။

ဒီလိုမှမဟုတ်ရင်

ပညာရှင်အဆင့်အပျက်အစီးနယ်မြေ

ပေါ်လာတာနဲ့ သူတို့ ဒီကို

ချက်ချင်းရောက်လာမှာပဲ ငါတို့တွေလာဖို့

အခွင့်အရေးတောင် ရှိလာမှာမဟုတ်ဘူး”

ယန်ယဲ့ကစကားမပြောနိုင်သလို

ဖြစ်သွားခဲ့သည်။ တစ်ချိန်တည်းမှာပင်

လောင်ဖန်းကပြုံးပြီး “စိတ်မပူပါနဲ့

အစီအရင်က အစွမ်းထက်ပေမဲ့

ကိုင်တွယ်ဖြေရှင်းဖို့ မဖြစ်နိုင်တာတော့

မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဒီနေရာမှာ မျိုးနွယ်စု အသီးသီးက ထိပ်တန်းအဆင့် ညဏ်ကြီးရှင်တွေအကုန်ရောက်နေကြပြီ။

စကားပြောနေစဉ် လက်နှစ်ချောင်းကို ဖိလိုက်သည်။ သူ့ လက်ချောင်းများ အကြားနှင့် ရွှေရောင်ကဒ်တစ်ကဒ် ပါလာသည်။ နတ်ဆိုးမျိုးနွယ်ရဲ့ မိုရှောင်က ပေးလိုက်သော ဖိတ်ခေါ်စာ။ ထိပ်တန်းအဆင့်

ဉာဏ်ကြီးရှင်တွေအားလုံး
တစ်ယောက်တစ်ခုစီ
လက်ခံရရှိခဲ့ကြသည်။ သူက
အဖြူရောင်အလင်းတန်းများကို
မော့ကြည့်ပြီး လူတစ်ယောက်က ဒါကို
မထိန်းနိုင်ရင် (၁၀)ယောက် အယောက်
(၁၀၀) ဒါဆို ဖြစ်မလဲ…”

အားရှဲ့က ရုတ်တရက် “ငါတို့မှာ
ဖိတ်ခေါ်စာ မရှိဘူး”

လောင်ဖန်းကပြုံးပြီး “မိုရှောင်က

မင်းတို့အားလုံးကို တွေ့ပြီးတာနဲ့

သေချာပေါက် ဖိတ်ခေါ်စာ ပေးလိမ့်မယ်။

သွားကြရအောင်”

စကားပြောနေစဉ် လောင်ဖန်းက

လေလှိုင်းသဖွယ်ပြောင်းကာ အဝေးဆီသို့

ပျောက်ကွယ်သွားသည်။ စုရှစ်နှင့်

အားရှဲ့တို့နှစ်ယောက်လည်း

သူ့နောက်ကနေအမြန်လိုက်ပါသွားကြသည်။

ယန်ယဲ့သည် အဖြူရောင်အလင်းတန်းကို မျှော်ကြည့်ပြီးနောက် အနည်းငယ် မျက်မှောင် ကြုတ်လိုက်သည်။ အနားကို လျှောက်လာစဉ် သူ့စိတ်ထဲ၌ ထူးဆန်းသော အရာတစ်ခုကို ခံစားလိုက်ရသည်။ တော်တော်လေး ရင်းနှီးသလို ခံစားရသည်။ အမှန်တော့

သူနှင့် လုံး၀ ရင်းနှီးကျွမ်း၀င် နေသလို
ခံစားချက်မျိုးပါ။

ဤအချိန်တွင် အဝေးမှ
လောင်ဖန်း၏အသံထွက်ပေါ်လာသည်။
“အစ်ကိုယ့် မင်းလိုက်မလာရင် ငါတို့နဲ့
လူချင်း ကွဲသွားလိမ့်မယ်”

Translated by NyiNyiSoe
May Be:

..အပိုင်း ၂၃၇၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့သည် သူ၏ အတွေးများကို

ထိန်းကာ ချက်ချင်းပင်

ပျောက်ကွယ်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်

တောင်ခြေရှိ

ရေတံခွန်ဆီသို့ရောက်လာခဲ့သည်။

ဤနေရာတွင် လူ(၁၀)ယောက်လောက်

ရှိနေသည်။ ယန်ယဲ့သည် လူတိုင်းကို

တစ်ချက်ကြည့်လိုက်သည်။

သူတို့အထဲတွင် အားအနည်းဆုံးက

အမြင်တာအိုသခင်ပါ။

လောကသုံးပါးတွင် ပါရမီရှင်များ

သိပ်ပြီးမရှားလှပေ။ အဖွဲ့ကို

ဦးဆောင်လာသူက အနက်ရောင်
ဝတ်စုံဝတ်လူငယ်ပင်ဖြစ်သည်။

သူတို့အဖွဲ့ကို မြင်သောအခါ လူငယ်က
အနည်းငယ် ခေါင်းညိတ်ပြပြီး ယန်ယဲ့နှင့်
အခြားသူတိုင်းကိုလှည့်ကြည့်ကာ
“သူတို့က ဘယ်သူတွေလဲ…”

လောင်ဖန်းက “ဒါက အမြင်တာအိုသခင် စုရှစ်။ ဒါက အမြင်တာအိုသခင် အားရှဲ့။ ဒါက အစ်ကိုယွဲ့”

ယန်ယွဲ့သည် သူ၏အငွေ့အသက်ကို ဖုံးကွယ်ထားခြင်းမရှိသောကြောင့် လူတိုင်းက သူ၏ကျင့်ကြံမှုအဆင့်ကို မြင်လိုက်ကြရသည်။

အကြားတာအိုသခင်။

အတော်များများက မျက်နှာတွင်
အံ့သြသွားကြသည်ကို ယန်ယဲ့လည်း
သတိပြုမိခဲ့သည်။ အချို့က
လှောင်ပြောင်လိုသော
အရိပ်အယောင်များပင် ပေါ်လာသည်။

လောင်ဖန်းက အံ့အားသင့်သွားပြီး
“အစ်ကိုယဲ့ မင်းက
အကြားတာအိုသခင်လား…”

ယန်ယဲ့က ခေါင်းညိတ်ပြီး

“ဘာဖြစ်လို့လဲ…”

လောင်ဖန်းက နှုန်ခမ်းများ

လှုပ်ယမ်းသွားပြီးနောက်

သူ့မျက်နှာပေါ်တွင် ရှက်ကိုးရှက်ကန်း

အမူအရာ အနည်းငယ်ပေါ်လာသည်။

သူတို့က ယန်ယဲ့ထက် အဆင့်သေး

(၂)ဆင့်သာ မြင့်သော်လည်း

ကောင်းကင်နှင့် မြေပြင်အကြားမှ

ကွာဟချက်ကဲ့သို့ပင်။

သူသည်အဆင့်ကျော်တိုက်ခိုက်နိုင်သည်

လား။ ဤနေရာတွင် အဆင်တူ

ပါရမီရှင်များချည်းသာ ဖြစ်ရာ

ပစ်မှတ်ပေါ်တွင် မူတည်ခဲ့သည်။

ဤနေရာတွင်

အဆင့်ကျော်တိုက်ခိုက်နိုင်သော

ညာဏ်ကြီးရှင်အများအပြား

ရှိကောင်းရှိနိုင်သော်လည်း

လူအနည်းစုလောက်သာရှိခဲ့သည်။

သို့သော်လည်း ယန်ယွဲ့သည်

ထူးခြားသော

ညာဏ်ကြီးရှင်တစ်ယောက်ကဲ့သို့

မထင်ရပေ။ ယန်ယွဲ့သည်

ညာဏ်ပြေးသူဖြစ်ရာ

လူတိုင်းတွေးနေသည်ကို

ကောင်းကောင်းသဘောပေါက်လိုက်သ
ည်။

သူက ပြုံးပြီး“ကျင့်ကြံမှုအဆင့်
လူတစ်ယောက်ရဲ့ ခွန်အားကို အပြည့်အဝ
အဆုံးမဖြတ်နိုင်ဘူးထင်တယ်
ဟုတ်တယ်မလား…”

“အို့…”

လူငယ်တစ်ယောက်က ရုတ်တရက်
ရှေ့တိုးလာပြီး ပြုံးကာ “မင်းပြောတာကို
ငါကြားတယ်။ အကြားတာအိုသခင်က
ငါတို့လို အမြင်တာအိုသခင်တွေနဲ့
ရင်ဆိုင်ဖို့အားနည်းမှာမဟုတ်ဘူး
ဟုတ်သလား...”

ယန်ယဲ့က ထိုလူငယ်ကို
တစ်ချက်ကြည့်လိုက်ပြီး “ငါက

တမင်ရန်စတာတော့မဟုတ်ဘူး ဒါပေမဲ့

မင်းလုပ်နေတယ်တော့ ငါထင်တာပဲ”

လူငယ်က ယန်ယွဲ့ကိုကြည့်ကာ “ငါတို့က

အမှိုက်မလိုဘူး နားလည်လား...”

ယန်ယွဲ့သည် နေရာမှာပင် ရုတ်တရက်

ပျောက်သွားသည်။

ထိုနောက်လူငယ်လေး၏ ရှေ့တွင်

ရောက်နေခဲ့သည်။ လူငယ်၏တုံ့ပြန်မှုက

အလွန်လျင်မြန်သည်။ သူ့လက်ဝါးကို ရှေ့သို့ ဆောင့်တွန်းလိုက်သည်။ သူ့အရှေ့ရှိ အာကာသပြင်က တုန်ခါသွားသည်။

“ဘုန်း…”

သို့သော် လူငယ်ကပင် ကီလိုမီတာ (၁၀၀)ကျော် အကွာအထိပင် လွင့်ထွက်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် လူတိုင်းက ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

ယန်ယဲ့သည် လူငယ်လေးဆီသို့ လျှောက်လာကာ “တကယ်တော့ မင်းပြောတာမှန်တယ်။ ငါကမင်းတို့ အားလုံးထက် အားနည်းတာမဟုတ်ဘူး။ ဒါက ငါပြောချင်တဲ့ စကား အတိအကျပဲ”

ထိုစကားပြောပြီးနောက် နေရာမှာပင်
ပျောက်သွားခဲ့သည်။

"ဘုန်း..."

လူငယ်က တောင်နံရံနှင့်
ဆောင့်ရိုက်သွားသည်။ သို့သော်
ယန်ယွဲ့ကမရပ်တန့်ပေ။

လူငယ်လေး၏

ရှေ့တွင်ရုတ်တရက်ပေါ်လာပြီး

“ငါပြောတာတွေနဲ့ပတ်သက်ပြီး

ပြဿနာရှိသလား…”

လူငယ်က ယန်ယွဲ့ကို တိတ်တဆိတ်

စိုက်ကြည့်နေသည်။ ယန်ယွဲ့က လက်ကို

အားအနည်းငယ် စိုက်လိုက်ရာ

လူငယ်၏မျက်နှာက ခရမ်းရောင်

ပြောင်းသွားသည်။

ဤအချိန်တွင် လောင်ဖန်းက “အစ်ကိုယဲ့ ကျေးဇူးပြုပြီး သက်ညှာပေးပါ”

ယန်ယဲ့က သူ့ကို လှည့်ကြည့်ပြီး မြေပြင်ပေါ်ကိုလဲကျသွားသော လူငယ်ကို လွှတ်ပေးလိုက်သည်။

လောင်ဖန်းကပြုံးပြီး

အနက်ရောင်ဝတ်စုံဝတ်လူငယ်ကို

ကြည့်ကာ “အစ်ကိုမိုရှောင် ငါ့မိတ်ဆွေရဲ့ ခွန်အားက အဆင်ပြေရဲ့လား…”

မိုရှောင်က ယန်ယဲ့ကို စိုက်ကြည့်ကာ “ခန္ဓာကိုယ် ကျင့်ကြံသူလား…”

ယန်ယဲ့က “ဒီလိုပါပဲ”

မိုရှောင်က

အနည်းငယ်ခေါင်းညိတ်လိုက်သည်

။“လူသားခန္ဓာကိုယ်နဲ့ ဒီလောက်အထိ
ကျင့်ကြံနိုင်တာရှားပါးတယ်။ မင်းက
အကြားတာအိုသခင်သာ ဆိုပေမဲ့
မင်းပြောသလိုပဲ မှန်တယ်။ မင်းက
ငါတို့ထက် အားမနည်းဘူး။ ဒါဆို ငါတို့ရဲ့
အောင်မြင်မှု အခွင့်အလမ်းတွေက
သေချာပေါက် တိုးလာလိမ့်မယ်”

ယန်ယဲ့က "ဒီအဖြူရောင်
အလင်းတန်းတွေကို
ဖျက်ဆီးပစ်ဖို့လား..."

မိုရှောင်က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည် "ဒီမှာရှိတဲ့
ညာဏ်ကြီးရှင်တွေအားလုံး
ပူးပေါင်းနိုင်ရင်တော့ ဖြစ်နိုင်သည်။
ဒါပေမဲ့ ငါတို့ရဲ့ ခွန်အားက
လုံလောက်တာမဟုတ်ဘူး။

ဒီအဖြူရောင်အလင်းတန်းတွေက အားကောင်းလွန်းတယ်။ ဒါက ဈာန်သခင်ကိုတောင် အသာလေး သတ်ပစ်နိုင်တယ်”

“ဒါဆို ငါတို့ဘာလုပ်ကြမလဲ…”

လောင်ဖန်းက “ဒါကို ငါတို့ မဖြေရှင်းနိုင်ဘဲနဲ့ တောင်ထိပ် ဘယ်လို တက်သွားကြမလဲ…”

မိုရှောင်ကပြုံးပြီး “ဒါက

အရမ်းရိုးရှင်းပါတယ်။ ငါတို့က အဲ့ဒါကို

တွန်းလှန်ဖို့ ခက်ခဲပေမဲ့ တစ်ချိန်လုံး

တိုက်ခိုက်နေမှာမဟုတ်ဘူး။ ငါတို့

တောင်ပေါ်ကို မြန်မြန်တက်ဖို့ပဲ လိုတာ။

ဘာကြောင့်လဲဆိုတော့

တောင်ပေါ်ရောက်တာနဲ့ အဲ့ဒါက

လိုက်လာမှာ မဟုတ်ဘူး။ အဲ့ဒါက အခြား

ဘယ်နှစ်ယောက် ထိပ်ဆုံးပေါ်

တက်သွားတာလဲပေါ့ မှတ်တယ်”

လောင်ဖန်းက “ဘယ်နှစ်ယောက်လဲ...”

ဟုမေးလိုက်သည်။

မိုရှောင်က “သိပ်မများဘူး ငါတို့မှာ

အခွင့်အရေးရှိသေးတယ်။ တကယ်တော့

ပညာရှင် အမွေအနှစ်က

ရဖို့လွယ်ကူပါ့မလား...။ အဲ့ဒီမှာ

အများကြီးရှိတယ်ဆိုရင်တောင်
တစ်စုံတစ်ယောက်က အမွေဆက်ခံမဲ့
မျိုးဆက်ကို ရှာမှာပဲ။ အမွေဆက်ခံမဲ့
မျိုးဆက်ရှိနေသေးတော့ ဒါဟာ
ငါတို့အတွက် ကွားခြားမှုမရှိဘူး”

အမွေဆက်ခံမည့် မျိုးဆက်ကို
လုယက်ရန်ကြံစည်ခဲ့သည်။

ယန်ယဲ့သည် မိုရှောင်ကို

ကြည့်လိုက်သည်။ “ဒီကောင်က

နည်းနည်းတော့ ရက်စက်တယ်”

သို့သော် အင်အားကြီးသူသာ

လောက၏ရတနာကို

ရယူနိုင်သောကြောင့်

အဓိပ္ပါယ်ရှိပါသည်။

တစ်စုံတစ်ယောက်ပိုင်ဆိုင်ထားသော်လ

ည်း လုံလောက်အောင် မသန်မာပါက ပိုင်ရှင်ပြောင်းသွားနိုင်၏။

လောင်ဖန်းက “ငါတို့အခု တက်တော့မလား…”

မိုရှောင်က ခေါင်းညိတ်လိုက်သည်။ “ငါတို့မသွားခင် စကားတစ်ခွန်းတော့ ပြောပါရစေ။ ငါတို့အားလုံးဟာ တစ်လှေတည်း စီးနေတာဖြစ်လို့

အပြင်လူတွေလိုမဟုတ်ဘဲ

စည်းစည်းလုံးလုံးနေရမယ်။

တကယ်တော့ ဒီမှာရှိတဲ့

လူတွေအားလုံးက ဝိုင်းဖွဲ့ထားကြတယ်။

ငါတို့မစည်းလုံးရင် သေချာပေါက်

အသတ်ခံရမှာပဲ။ သတ်တာ လုယက်တာ

မင်းတို့ အားလုံးနဲ့ မရင်းနှီးသေးတာ

သေချာတယ်”

လူတိုင်း သဘောတူသောကြောင့်
ခေါင်းညိတ်ကြသည်။

မိုရှောင်က အဖြူရောင်
အလင်းတန်းများကို မေ့ကြည့်လိုက်ပြီး
“သွားကြရအောင် ငါတို့ကို တိုက်ခိုက်ရင်
ငါတို့က ပူးပေါင်းပြီး ခုခံတာပေါ့။
တစ်ခုတော့ရှိတယ် ဒီအလင်းတန်းတွေက
ဈာန်သခင်တွေကိုတောင်
သတ်နိုင်တယ်ဆိုတော့ မင်းတို့တွေက

ခွန်အားအပြည့် သုံးမှရမယ်လို့

ထပ်ပြီးပြောပါရစေ”

စကားပြောပြီးနောက် အဖွဲ့ကို

ဦးဆောင်ကာ တောင်ထိပ်ပေါ်သို့

ဖြည်းညင်းစွာ တက်သွားခဲ့သည်။

သူတို့အဖွဲ့က အလွန်လျင်မြန်စွာ

တက်လာကြသည်။ သို့သော်

လူတိုင်း၏မျက်နှာပေါ်တွင်

အလွန်လေးနက်သော

သတိအပြည့်ရှိနေသည့် အမူအရာများ

ရှိနေသည်။

တောင်ပေါ်လမ်းတစ်ဝက်သို့

ရောက်လာသည့်အခါတွင်

အဖြူရောင်အလင်းတန်းများအကြားမှ

စူးရှသော အူသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာပြီး သူတို့ဆီသို့

အလင်းတန်းမြောက်များစွာ

ပစ်လွှတ်လိုက်သည်။

မိုရှောင်နှင့် အခြားလူများ

ချက်ချင်းမျက်နှာပျက်သွားကြသည်။

ဤအချိန်တွင် ယန်ယွဲ့၏မျက်လုံးများက

ပြူးကျယ်လာကာ "ဒါက ဘယ်လို

ဖြစ်ရပြန်တာလဲ…"

ဓားစွမ်းအင်။

ယန်ယဲ့သည် ဓားစွမ်းအင်ကို
ခံစားမိလိုက်သည်။ ဓားစွမ်းအင်
ကြီးမျှင်တစ်ချောင်းပါ။ သို့သော်
အလှမ်းဝေးလွန်းသောကြောင့် ယခင်က
၎င်းကို အာရုံမခံမိပေ။ သို့သော်လည်း
ယခုအခါ ၎င်း၏အငွေ့အသက်ကို
ရှင်းရှင်းလင်းလင်း ခံစားမိနိုင်ခဲ့သည်။

“ဒါဘယ်သူ့ ဓားစွမ်းအင်လဲ...”

သို့သော် အဖြူရောင်အလင်းတန်းများက သူတို့အပေါ်ရောက်လာသောကြောင့် စဉ်းစားရန် အချိန်မရှိပေ။ ဤအချိန်တွင် ယန်ယွဲ့က မိုရှောင်ပြောသည့်စကားကို ယုံကြည်သွားသည်။ ၎င်းသည် ဈာန်သခင်များကို အမှန်တကယ် သတ်ပစ်နိုင်သည်။

အန္တရာယ်။ အလွန်အလွန် အန္တရာယ်များလှသည်။

“အတူတူတိုက်ခိုက်ကြ”

မိုရှောင်က ရုတ်တရက်

အော်ပြောလိုက်ပြီး ကောင်းကင်ထက်သို့

ခုန်တက်ကာ လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။ မီတာ(၁၀၀)ကျော်

ကြီးမားသော လက်သီးတစ်လုံးကြီး

ပြေးလွှားလာပြီး အဖြူရောင်

အလင်းတန်းများကို
ဆောင့်ရိုက်လိုက်သည်။

သို့သော် အဖြူရောင် အလင်းတန်းနှင့်
ထိတွေ့လိုက်သောအခါ ရောမ
လက်သီးကြီးဟာ ချက်ချင်းပင်
ချေဖျက်ခံလိုက်ရသည်။
တစ်ချိန်တည်းမှာပင်
အခြားလူတိုင်းလည်း
တိုက်ခိုက်လိုက်ကြသည်။ သို့သော်

အဖြူရောင် အလင်းတန်းက ချက်ချင်း ကျဆင်းလာကာ ရှေ့ဆုံးကနေ ဦးဆောင်တိုက်ခိုက်သော မိုရှောင်က တုံ့ပြန်နိုင်စွမ်းပင် မရှိဘဲ ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့သည်။

“သူသေပြီးလား…”

“ချက်ချင်း အသတ်ခံလိုက်ရတာလား…”

လောင်ဖန်းနှင့်အခြားလူတိုင်း၏
အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။

သူတို့ထဲမှ တစ်ယောက်က
“ငါတို့အဲ့တာကို မတိုက်ခိုက်နိုင်ဘူး
သွားကြရအောင်”

စကားပြောပြီးနောက် ချက်ချင်းပင်
အဝေးကို ပြေးထွက်သွားသည်။ အခြား

လူတိုင်းလည်း

တစ်ဟုန်ထိုးထွက်ပြေးကြသည်။

ယန်ယဲ့သည်လည်း သဘာဝအားဖြင့်

ချွင်းချက်မဟုတ်ပေ။

သာမန်ဓားစွမ်းအင်မဟုတ်သောကြောင့်

သူသည်မတိုက်ခိုက်လိုပေ။ သူ့ကိုယ်သူ

ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအပေါ်

ယုံကြည်မှုမရှိသောကြောင့်

အခြားသူများက ထွက်ပြေးသည်နှင့်

အလားတူထွက်ပြေးသွားခဲ့သည်။

သို့သော်လည်း ဓားစွမ်းအင်က

သူ့နောက်ကို လိုက်ပါလာသည်။

ယန်ယဲ့သည် သတိထားမိသောအခါ

မျက်ခွံများ လှုပ်ယမ်းသွားပြီး

ကျိန်ဆဲလိုက်သည်။

"သောက်ကျိုးနည်းဟာ။ ငါ့ကို

အမြင်မှားနေတာများလား..."

အရှိန်က မြန်ဆန်သော်လည်း
ဓားစွမ်းအင်က ပို၍ပင် မြန်ဆန်နေသည်။
လောင်ဖန်းနှင့် အခြားသူတိုင်းက ယန်ယဲ့
အခြေအနေကို သဘာဝကျကျ
သတိပြုမိသွားသည်။

စုရှစ်က “ငါတို့ ကူညီမလား…”

လောင်ဖန်းက ခေါင်းကို အနည်းငယ်
ခါယမ်းလိုက်သည် "ဒါက ငါတို့အတွက်ပဲ
အခွင့်အရေးပဲ ငါတို့ ဟိုဘက်ကို
သွားကြရအောင်"

ထိုနောက် တောင်ပေါ်သို့ ချက်ချင်း
ပြေးတက်သွားသည်။ အားရှဲ့နှင့် စုရှစ်က
အကြည့်ချင်းဖလှယ်ကြသည်။

အားရှဲ့က "ငါသူ့ကို ကူညီလိုက်မယ်"

စုရှစ်က သူမကို တအံ့တသြ
စိုက်ကြည့်နေသည်။

အားရှဲ့က “ငါတို့က
ယာယီမဟာမိတ်တွေဖြစ်လာဖို့
သဘောတူထားတယ်။
အားလုံးအတူတကွရင်ဆိုင်ရပါက
သဘာဝပဲ။ အခု ငါထွက်သွားရင်

ကတိကို ဖျက်လိုက်သလိုပဲ အဲ့ဒါက ငါနဲ့ အဆင်မပြေဘူး”

အလင်းတန်းတစ်ခုလင်းလက်သွားပြီး နောက် အားရှဲ့က နေရာမှာပင် ပျောက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည် လျင်မြန်စွာ ပြေးလာသောလည်း ဓားစွမ်းအင်က မရပ်တန့်ခဲ့ပေ။ အဆုံးတွင်တော့

ယန်ယဲ့သည် ရပ်တန့်သွားသည်။
ဓားစွမ်းအင်က သူ့ရှေ့တွင် ရုတ်တရက်
ရပ်သွားသည်။

ယန်ယဲ့က ဓားစွမ်းအင်ကို
တစ်ချက်ကြည့်လိုက်ပြီး
“မင်းဘာလိုချင်လို့လဲ…”

သူရပ်တန့်လိုက်သည့်
အကြောင်းအရင်းမှာ ဓားစွမ်းအင်က

သူ့အပေါ်

သတ်ဖြတ်လိုစိတ်မရှိသောကြောင့်ဖြစ်သ

ည်။ ၎င်းကသူ့အပေါ်

မကောင်းသောရည်ရွယ်ချက်

မထားပုံရသည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၇၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

အဖြူရောင်အလင်းသည်

အနည်းငယ်တုန်ခါသွားပြီး ထို့နောက်

ယန်ယွဲ့ဆီသို့လွင့်မျောလာပြီး

တုန်လှုပ်သွားပြန်သည်။

သူ့ကိုတစ်ခုခုပြောနေပုံပါ။ ယန်ယွဲ့သည်

ခဏမျှတုံ့ဆိုင်းသွားပြီး

ဖမ်းဆုပ်လိုက်သည်။

ထိုအခါဓားစွမ်းအင်က

သူ၏ခန္ဓာကိုယ်ထဲကိုဝင်လာသည်။

ယန်ယွဲ့သည် သူ၏အသိစိတ်ကို

မူလစေတီထဲသို့နစ်မြုပ်လိုက်သည်။

ဓားစွမ်းအင်က

မူလစေတီထဲသို့ဝင်လာသည်နှင့်

ယန်ယွဲ့သည် အံ့အားသင့်သွားခဲ့သည်။

အကြောင်းမှာ

အနှောင်အဖွဲ့ကင်းမဲ့သူ၏ဓားဆီသို့

ချက်ချင်းပြေးသွားလို့ပါ။

ဓားကပြင်းထန်စွာတုန်ခါသွားပြီးနောက်

နားပွင့်မတတ်

ဓားအူသံထွက်ပေါ်လာသည်။

ယန်ယဲ့သည် သူ့လက်ကိုဝှေ့ယမ်းကာ

ဓားကိုဖမ်းဆုပ်လိုက်သည်။

ထို့နောက် ဓားကိုငုံ့ကြည့်ရင်း

ခဏငြိမ်သွားသည်။

အချိန်တော်တော်ကြာပြီးနောက်မှ

မှူလစေတီထဲမှ ပြန်ထွက်သွားခဲ့သည်။

ထို့နောက် သူသည်

ပတ်ဝန်းကျင်ကိုစိုက်ကြည့်ကာ

ထွက်သွားရန်ပြင်လိုက်သည်။

သို့သော်လည်း ဘေးဘက်သို့

ရုတ်တရက်လှမ်းကြည့်လိုက်သည်။

''မင်းကိုယ်မင်းပြမလား'' ထိုနေရာသည်

အနည်းငယ်တုန်ခါသွားသည်။

အမျိုးသမီးတစ်ယောက်ထွက်လာခဲ့သည်

။ ထိုအမျိုးသမီးက အားရှဲ့ပင်ဖြစ်သည်။

ယန်ယဲ့က

အနည်းငယ်မျက်မှောင်ကြုတ်ကာ

''မင်းပဲဖြစ်နေတာလား''

ရှင်းရှင်းပြောရလျှင် သူသည်

အားရှဲ့ပြန်လာဖို့ မမျှော်လင့်ထားပေ။

သူမက ယန်ယဲ့ကိုစိုက်ကြည့်ကာ ''
ငါအကုန်မြင်တယ်''

ယန်ယဲ့က ''ပြီးရော...''

အားရှဲ့က '' နင်က ဘယ်သူလဲ''
ဟုပြန်ဖြေသည်။

ယန်ယဲ့က ပြုံးပြီး '' ငါတို့
မတော်တဆဆုံတာပဲ ဒီမေးခွန်းအတွက်
ဖြေဖို့မလိုပါဘူး ဟုတ်တယ်မလား''

အားရှဲ့က အနည်းငယ်
ခေါင်းညိတ်ပြသည်။ ''နင်မှန်ပါတယ်''
ထို့နောက် တောင်ထိပ်ကိုမျှော်ကြည့်ကာ
''သူတို့အဲဒီကို တက်သွားကြပြီ''

ယန်ယဲ့က အပေါ်ကိုမော့ကြည့်ပြီး " ဒါဆို ငါတို့လည်းသွားရအောင်"

အားရှဲ့က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်သည်။

သူမ၏စိတ်ထဲ၌

မေးခွန်းများရှိသော်လည်း

အဆုံးတွင်တော့မမေးခဲ့ပေ။

ယန်ယဲ့ပြောခဲ့သလိုပင်

မတော်တဆတွေ့ဆုံခဲ့ကြသည်ဖြစ်ရာ

အဖြေကိုဆက်လိုက်ဖို့က
ညက်မမီရာကျပေသည်။

တောင်ထိပ်သို့ရောက်ခါနီးတွင်
အနောက်လေထုမှ
တကွဲတပြားစီထွက်နေသော
အသံဗလံများထွက်ပေါ်လာသည်။
ခဏအကြာတွင်
အေးစက်စက်အလင်းတန်းများက
သူတို့ရှေ့သို့ရောက်လာသည်။ ၎င်းသည်

ပုစဉ်းရင်ကွဲတောင်ပံများကဲ့သို့

ပါးလွှားသောဓားပျံများဖြစ်သည်။

ဓားပျံများက

ယန်ယဲ့နှင့်အားရှဲ့၏အရေးပါသော

အစိတ်နေရာများကို

တည့်တည့်ပစ်ခတ်လိုက်သည်။

ဓားပျံများက အလွန်မြန်ဆန်သော်လည်း

ယန်ယဲ့အတွက်တော့

အတော်လေးကိုနှေးကွေးခဲ့သည်။ သူက

မရှောင်တိမ်းပဲ

လက်သီးဖြင့်ဖြတ်ထိုးလိုက်သည်။

ဓားပျံများက

ချက်ချင်းဆိုသလိုကွဲသွားသည်။

ယန်ယွဲ့သည်

အားရှဲ့ကိုလှည့်ကြည့်လိုက်သည်။

ထိုအခါ သူမ၏ပတ်ဝန်းကျင်မှာ

ဓားပျံများပျောက်ကွယ်သွားသည်ကို

သတိပြုမိလိုက်သည်။

သူမ၏လက်ထဲတွင်

ဓားတစ်ချောင်းဆုပ်ကိုင်ထားလျက်

ဓားစွမ်းအင်များတဖျပ်ဖျပ်လက်နေသည်

။

နှစ်ယောက်သားအကြည့်ချင်းဖလှယ်ပြီး

အဝေးကိုလှမ်းကြည့်လိုက်သည်။

တချို့သောပုံရိပ်များက

ထိုနေရာသို့ပုန်းကွယ်သွားကြသည်။

ယန်ယဲ့နှင့်အားရှဲ့၏ခွန်အားကို

မြင်တွေ့ပြီးနောက်

သူတို့၏လုယက်ဖို့အကြံအစည်ကို

ပြတ်ပြတ်သားသားစွန့်ပစ်လိုက်ကြသည်

။

အားရှဲ့က

''သူတို့နောက်ကိုလိုက်ကြမလား''

ယန်ယဲ့က ခေါင်းခါလိုက်သည်။ ''

ဒီလောက်ကလေးနဲ့ အချိန်မဖြုန်းနဲ့''

စကားပြောပြီးနောက်

မလှမ်းမကမ်းမှာရှိသော

တောင်ထိပ်ကိုလှမ်းကြည့်ရင်း

လျှပ်တစ်ပြက်ခုန်ထွက်သွားသည်။

အားရှဲ့က သူ့နောက်ကို

အနီးကပ်လိုက်လာသည်။

တောင်ထိပ်ပေါ်ရောက်လာသည်နှင့်

ယန်ယဲ့သည်ဘေးပတ်ဝန်းကျင်ကိုကြည့်

ပြီး ရှေ့သို့လှမ်းမျှော်ကြည့်လိုက်သည်။

တောင်တန်း၏အဆုံးသတ်ကိုမမြင်နိုင်ခဲ့ပေ။ ဤအချိန်တွင် အားရှဲ့က ရုတ်တရက်ပြောခဲ့သည်။

''ပင်လယ်ကမ္ဘာက ဟိုဘက်မှာရှိတယ်။ ပညာရှင်အပျက်အစီးနယ်မြေက ပင်လယ်ကမ္ဘာနဲ့နတ်ဆိုးကမ္ဘာရဲ့နယ်နိမိတ်အဆုံးမှာရှိနေတယ်''

''သွားကြရအောင် '' စကားပြောပြီးနောက်ယန်ယဲ့သည်

ညာခြေကိုတစ်ချက်ဆောင့်ကာ ၁၀

ကီလိုမီတာအကွာသို့ ရောက်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့် အားရှဲ့က

မျက်ခွံများလှုပ်ယမ်းသွားသည်။

''ဒီလိုရုပ်ခန္ဓာခွန်အား...''

ထို့နောက်တုံ့ဆိုင်းမနေတော့ဘဲ

ချက်ချင်းပင်

နောက်ကနေလိုက်လာခဲ့သည်။ ၂

နာရီခန့်အကြာတွင်တော့

နှစ်ယောက်သားရပ်သွားကြသည်။

သူတို့နှင့်သိပ်မဝေးသောနေရာတွင်

တောင်ကုန်းငယ်လေးတစ်ခုရှိကာ

တောင်ခြေတွင် လူ ၃၀

လောက်စုဝေးနေကြသည်။

စုရှဲ့နှင့်လောင်ဖန်းတို့လည်းပါသည်။

လောင်ဖန်းနှင့်စုရှဲ့က

ယန်ယဲ့နှင့်အားရှဲ့ရောက်လာသည်ကိုမြင်

သောအခါ

အနည်းငယ်ထိတ်လန့်သွားသည်။

သို့သော်လည်း လောင်ဖန်းက

လမ်းလျှောက်လာပြီး ပြုံးကာ ''အစ်ကိုယွဲ့

အားရှဲ့ မင်းတို့ရောက်လာတာ

ဝမ်းသာပါတယ် အဆင်ပြေရဲ့လား''

ယန်ယွဲ့က ပြုံးပြီး သူတို့ကိုငုံ့ကြည့်ကာ

''အစ်ကိုလောင်ဖန်း

ဟိုမှာဘာဖြစ်နေတာလဲ'' ယန်ယွဲ့၏

စိတ်နေသဘောထားက

အလွန်ကောင်းမွန်သည်။

၎င်းနှင့်ပတ်သက်ပြီး ဘာမှမဖြစ်ခဲ့ပါ။

လောင်ဖန်းက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး ပြုံးကာ ''

အစ်ကိုယဲ့

ငါနဲ့အစ်ကိုစုရှဲ့ထွက်သွားတာကို

အပြစ်မတင်ဘူးလား''

ယန်ယဲ့က ခေါင်းယမ်းကာ ပြုံးလိုက်ပြီး

''ဘာကြောင့်လဲ... အစ်ကိုလောင်ဖန်း

ပညာရှင်အမွေအနှစ်ကို

တစ်စုံတစ်ယောက်ရထားပြီလား''

သူကဆက်မေးလိုက်သည်။

''မဟုတ်ဘူး'' လောင်ဖန်းက

ခေါင်းယမ်းပြီး တောင်ကုန်းငယ်လေးကို

ညွှန်ပြကာ ''

ပညာရှင်အပျက်အစီးနယ်မြေက

ဟိုမှာရှိတယ် ဒါပေမဲ့ ငါတို့ဝင်လို့မရဘူး

ငါတို့တစ်ယောက်တည်းမဟုတ်ဘူး

တခြားသူတွေလည်းဒီမှာရပ်နေကြတယ်

အဲဒီကိုဘယ်သူမှမတတ်နိုင်ဘူး''

ယန်ယဲ့က အံ့သြသွားပြီး ''ဘာလို့လဲ''

လောင်ဖန်းက ''ဒါကိုကာကွယ်ထားတယ်''

ယန်ယဲ့၏မျက်လုံးများက

အနည်းငယ်ကျဥ်းမြောင်းသွားသည်။

သူသည် တောင်ကုန်းကို

မျှော်ကြည့်လိုက်သော်လည်း

ဘာမှမတွေ့ခဲ့ပေ။ လောင်ဖန်းက ပြုံးပြီး

''နောက်ကျရင် တွေ့လိမ့်မယ်''

ထို့နောက်တွင်တော့ သူ၏အမူအရာက

လေးနက်လာကာ ''အရင်က

အဖြူရောင်အလင်းတန်းတွေထက်ပိုပြီးကြောက်စရာကောင်းတယ်''

''လောင်ဖန်း'' ဤအချိန်တွင် အဝေးမှအသံတစ်သံထွက်ပေါ်လာသည်။
လောင်ဖန်းက
အပေါ်ကိုလှမ်းကြည့်လိုက်ရာ
ခရမ်းရောင်ဝတ်စုံဝတ် လူငယ်တစ်ဦးက
ဖြည်းညင်းစွာ လျှောက်လာနေသည်ကို
တွေ့လိုက်ရသည်။

''အစ်ကိုလင်းထန်'' လောင်ဖန်းက ပြုံးပြီး ''မင်းဘာလိုအပ်မလဲ ငါသိနိုင်မလား''

လင်းထန်က ယန်ယွဲ့နှင့်အားရှဲ့ကို ကြည့်လိုက်သည်။''သူတို့က ဘယ်သူတွေလဲ''

လောင်ဖန်းက ပြုံးပြီး ''သူတို့က ယွဲ့ယန်နဲ့အားရှဲ့

အမ်...ဒီကိုလာတဲ့လမ်းမှာတွေ့ခဲ့တဲ့ ငါ့မိတ်ဆွေတွေပါ'' သူက နှစ်ယောက်ကိုစိုက်ကြည့်ကာ လင်းထန်နှင့်မိတ်ဆက်ပေးလိုက်သည်။ '' ဒါဟာ အစ်ကိုလင်းထန် သူက ငါတို့မျိုးနွယ်ရဲ့ကျောင်းနှစ်ပါးထဲက တစ်ပါး''

ကျောင်းနှစ်ပါးထဲမှ တစ်ပါး။

ယန်ယွဲ့သည် လင်းထန်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ''ဒီကောင်က ချင်ချွမ်နဲ့အဆင့်တူ နာမည်ကြီးနေတာလား'' လင်းထန်က ယန်ယွဲ့နှင့်အားရှဲ့ကို ခေါင်းညိတ်ပြပြီး '' အဲဒီအရာကို တိုက်ခိုက်ဖို့ ငါတို့ဆုံးဖြတ်လိုက်ပြီး'' ဟုပြောခဲ့သည်။

လောင်ဖန်းက ရုတ်တရက် မေးလိုက်သည်။ ''ဒါဆိုဘာဖြစ်မလဲ...''

''ဒါဆိုဘာဖြစ်လဲ''လင်းထန်က

တဟားဟားရယ်လိုက်ရင်း

''အစ်ကိုလောင်ဖန်း၊ ဒီမေးခွန်းက

သိပ်တော့အဆင်မပြေဘူးမလား၊

ကိုင်တွယ်ဖြေရှင်းပြီးမှပဲ ငါတို့က

အမွေအနှစ်အတွက်

သဘာဝအတိုင်းတိုက်ပွဲဝင်ရမယ်။

သန်မာတဲ့သူက

အမွေအနှစ်ကိုရနိုင်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ဟာ ဒါကိုရဖို့ ကိုယ်ပိုင်စွမ်းရည်ကိုအသုံးပြုရမယ်''

လောင်ဖန်းက ခေါင်းညိတ်ပြပြီး စကားထပ်မပြောတော့ပေ။ လင်းထန်က ပြုံးပြီး ''လာပါ နတ်ဆိုးမျိုးနွယ်ရဲ့ ညာဏ်ကြီးရှင်နှစ်ယောက်နဲ့မိတ်ဆက်ပေးပါရစေ'' စကားပြောပြီးနောက် လင်းထန်က ယန်ယွဲ့နှင့်တခြားသူများကို တောင်ခြေသို့ခေါ်ဆောင်သွားသည်။

ထို့နောက် ထိုနေရာတွင်
တင်ပျဉ်ခွေထိုင်နေသောလူတစ်ယောက်
ကို ညွှန်ပြလိုက်သည်။ ထိုလူက
လူတိုင်းကိုကျောခိုင်းနေသည်။
လင်းထန်က ''သူဘယ်သူလဲ
မှန်းကြည့်လိုက်
နည်းနည်းလေးအရိပ်အမြွက်ပေးပါရစေ။
သူက သေဆုံးခြင်းကမ္ဘာက
ထွက်လာတာ''

''သေဆုံးခြင်းကမ္ဘာလား...''ယန်ယဲ့သည်
လင်းထန်ညွှန်ပြသည့် ဦးတည်ရာအတိုင်း
ရှေ့ကိုကြည့်လိုက်သည်။ ဤအချိန်တွင်
သူတို့ရှေ့တွင်
တင်ပျဉ်ခွေထိုင်နေသောလူတစ်ယောက်
က သူတို့ဘက်ကိုလှည့်သည်။ သို့သော်
လူတိုင်းက
သူ၏အသွင်အပြင်ကိုမမြင်နိုင်ပေ။

ယန်ယဲ့သည် ချွင်းချက်ပင်။

ထိုလူကိုမြင်သည်နှင့် မှတ်မိလိုက်သည်။

ယန်ယဲ့က ရယ်မောလိုက်သည်။

နတ်ဆိုးကမ္ဘာတွင် ထိုလူနှင့်လာတွေ့ဖို့

မမျှော်လင့်ထားပေ။

သို့မဟုတ် ထိုလူလည်းရောက်လာဖို့

မမျှော်လင့်ထားဘူးဟုပြောရပါမည်။

လင်းထန်က ထိုလူ၏

နောက်ကျောဘက်သို့လျှောက်သွားပြီး

စကားပြောရန်ပြင်လိုက်သည်။ သို့သော်

ထိုလူက

တစ်စုံတစ်ခုကိုအာရုံခံမိသည့်အလား

ရုတ်တရက် လှည့်ကြည့်လိုက်သည်။

ယန်ယဲ့ကိုတွေ့လိုက်သောအခါ

အံ့အားသင့်သွားသည်။ ခဏအကြာတွင်

သူက မတ်တတ်ထရပ်သည်။

ယန်ယဲ့ဆီသို့လျှောက်လာကာ

''မင်းရောက်လာဖို့ ငါမမျှော်လင့်ထားဘူး''

သူက လက်တစ်ဖက်သာရှိသည်။

သူသည် တခြားသူမဟုတ်ပဲ

ကောင်းကင်ဆိတ်သုဥ်းခြင်းမြို့တော်မှ

ယန်ယဲ့နှင့်တစ်ဖွဲ့သားတည်းဖြစ်ခဲ့ဖူးသော

အရှုးဆောဘာပင်ဖြစ်သည်။

လင်းထန်ပင်လျှင် လူတိုင်းက

ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

လင်းထန်က ''မင်းတို့နှစ်ယောက်လုံး

တစ်ယောက်ကိုတစ်ယောက်

သိနေတယ်လား''

ယန်ယဲ့က ပြုံးပြီး ''ဒါပေါ့'' ထို့နောက်

သူက အရှုးဆောဘာ၏

ဗလာအကျႌတစ်ဖက်ကိုစိုက်ကြည့်ပြီး ''

မင်းပြန်မယူသေးဘူးလား''

ဟုမေးလိုက်သည်။

အရှုးဆေဘာက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

''ဒီလိုမျိုးလေးပဲ ကောင်းပါတယ်''

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

''ကောင်းပြီလေ'' သူ့အမြင်အရတော့

အရှုးဆေဘာက ကိုယ့်လက်မောင်းကိုယ်

ဖြတ်ပစ်ခဲ့သူပါ။ အကြောင်းပြချက်ကို

တစ်ခါမှ မမေးခဲ့သလို

အားမန်နှင့်တခြားသူတိုင်းလည်း

မေးမြန်းခဲ့ခြင်းမရှိပေ။

အရှုံးဆောဘာ၏လက်ကို

ပြန်ယူနိုင်သည်။ သို့သော် ယန်ယွဲ့သည်

သေဆုံးခြင်းကမ္ဘာမှ ထွက်လာသည်တိုင်

အရှုံးဆောဘာက

ပုံမှန်အတိုင်းနေဖို့မမျှော်လင့်ထားပေ။

ထိုအတွက်

သေချာပေါက်အကြောင်းပြချက်ရှိပေမ

ည်။ အရှုးဆောဘာက

မပြောပြသောကြောင့်

မေးမည်မဟုတ်ပေ။

''အစ်ကိုကြီး...''တစ်ချိန်တည်းမှာပဲ

လောင်ဖန်းက

ရုတ်တရက်ပြုံးလိုက်သည်။ ''

မင်းသူ့ကိုသိဖို့ ငါမမျှော်လင့်ထားဘူး

ကြည့်ရတာမင်းက

တော်တော်နာမည်ကြီးပုံပဲ ''

''ယဲယန်'' အရှုးဆောဘာက ယန်ယဲ့ကိုစိုက်ကြည့်လိုက်သည်။ ယန်ယဲ့က ပြန်ပြုံးပြလိုက်သောအခါ သူကချက်ချင်းသဘောပေါက်သွားသည် ။ ''ယန်ယဲ့'' ထိုစကားလုံး ၂ လုံးက လောကသုံးပါးတစ်ခုလုံးတွင် နာမည်ကျော်ဟု ဖော်ပြနိုင်သည်။ ယန်ယဲ့သာ သူ၏နာမည်အတိုင်း ထုတ်ဖော်သုံးလိုက်မည်ဆိုလျှင်

အဆုံးအစမဲ့သော

ဒုက္ခပြဿနာများဖြစ်လာစေမည်။

ယန်ယဲ့က လောင်ဖန်းကိုကြည့်ပြီး

ပြုံးကာ ''မင်းဘာတွေပြောနေတာလဲ

ငါတို့က အတူတူသောက်ဖူးရုံပဲ''

''ဟုတ်လို့လား''

လောင်ဖန်းကပြုံးလိုက်သည်။ သူက

ထပ်ပြောချင်သော်လည်း

အရှုးဆေဘာက ''ဟိုဘက်ကိုသွားပြီး စကားပြောလိုက်ရအောင်''

စကားပြောနေစဉ် သူက ယန်ယဲ့ဆီသို့လျှောက်လာသည်။ ထို့နောက် လူငယ်တစ်ယောက်ကို ဖြတ်သွားသောအခါ ရုတ်တရက် ရပ်လိုက်သည်။ လူငယ်ကို စိုက်ကြည့်လိုက်သည်။

''မင်းရဲ့အစ်ကိုကြီးကို

နှုတ်ဆက်လိုက်ဦး''

လူငယ်က ထိတ်လန့်သွားသည်။

ယန်ယဲ့က

လူငယ်ကိုတစ်ချက်ကြည့်လိုက်သည်။

လူငယ်က

အရှူးဆေဘာနှင့်အတော်လေးဆင်တူသ

ည်။ လူငယ်၏တုံ့ပြန်မှုကို

သတိပြုမိသောအခါ အရူးဆေဘာက

အနည်းငယ်မျက်မှောင်ကြုတ်သွားသည်။

''ဟမျှ...''

လူငယ်က နှုတ်ခမ်းကိုဖိကိုက်ကာ

ယန်ယွဲ့အားစိုက်ကြည့်ရင်း

သူ၏လက်နှစ်ဖက်ကိုဆန့်ပြီး ''

အစ်ကိုကြီးတွေ့ရတာ ဝမ်းသာပါတယ် ''

အစ်ကိုကြီးဟူသော စကားလုံးကို သူက အလေးအနက်ထားပြောလိုက်ပုံပါ။

ယန်ယွဲ့က ရယ်မောလိုက်ပြီး လူငယ်၏လက်ကိုခါယမ်းလိုက်သည်။

သို့သော် လူငယ်က ရုတ်တရက်ညှစ်လိုက်ရာ ယန်ယွဲ့လည်း ထိုသို့ပြန်လုပ်လိုက်သည်။

''ခလွပ်...''

အရိုးကွဲအက်သံများထွက်ပေါ်လာသည်။

လူငယ်လေး၏မျက်နှာက

ချက်ချင်းပင်ဖျော့တော့သွားသည်။

ဤအချိန်တွင်

ခရမ်းရောင်ဖျော့ဖျော့စွမ်းအင်ကြိုးမျှင်း

က လူငယ်လေး၏လက်ထဲသို့

ဝင်ရောက်လာပြီး

ကျိုးပဲ့နေသောအရိုးများကိုပြန်ပြီးဆက်

ပေးခဲ့သည်။

ယန်ယဲ့က လူငယ်ကိုလွှတ်ပေးလိုက်ပြီး

ပုခုံးကိုအသာပုတ်လိုက်သည်။

ထို့နောက်အရူးဆေဘာကို

စိုက်ကြည့်လိုက်ရာ ''ငါ့ညီ မင်ချီ''

ယန်ယဲ့ကပြုံးပြီး ''မဆိုးပါဘူး...''

အရူးဆေဘာက

အနည်းငယ်ခေါင်းညိတ်ပြီး

''သူ့ရဲ့ဒေါသက သိပ်မကောင်းဘူး

ဒီကိုလာပါ ငါမင်းကို

မေးစရာတွေအများကြီးရှိသေးတယ်''

Translated By NyiNyiSoe

May Be:

..အပိုင်း ၂၃၈၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့သည် အရှူးဆေဘာနှင့်အတူ
နောက်ကနေ လိုက်သွားသည်။ မင်ချီက
သူတို့နောက်ကနေ လိုက်လာခဲ့သည်။
အရှူးဆေဘာက ရပ်လိုက်ပြီး
''ကောင်းကင်ကမ္ဘာမှာ
မင်းဘာလုပ်ခဲ့လဲငါသိတယ် အခု
နတ်ဆိုးမျိုးနွယ်ရဲ့လူငယ်တွေအားလုံးက
မင်းနာမည်ကို
ဝမ်းသာအားရရွတ်ဆိုနေကြတယ်''

''ကောင်းကင်ကမ္ဘာလား'' မင်ချိုက

အံ့အားသင့်သွားသည်။

တစ်ခုခုကိုတွေးမိလျက်

ယန်ယဲ့ကိုစိုက်ကြည့်ရင်း ''မင်းက...''

အရှူးဆေဘာက

ရုတ်တရက်ပြောခဲ့သည်။ ''သူက

မင်းအရမ်းလေးစားနေတဲ့သူပဲ''

''မင်းက ယန်ယဲ့...'' မင်ချီသည် ယန်ယဲ့ကို

အံ့အားသင့်စွာဖြင့်စိုက်ကြည့်နေသည်။

ယန်ယဲ့သည်

အရှူးဆေးဘာပြောလိုက်သည့်စကား

ကြောင့် ဘာပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် မင်ချီက

ယန်ယဲ့ဆီသို့လျှောက်လာကာ

မေးခွန်းပေါင်းများစွာ ပြောပါတော့

''မင်းတစ်ယောက်တည်းနဲ့

ကောင်းကင်မျိုးနွယ်ရဲ့ ညာဏ်ကြီးရှင်အား
လုံးကို တကယ်စိန်ခေါ်ခဲ့တာလား''

ယန်ယဲ့က ခေါင်းယမ်းကာ ပြုံးလိုက်ပြီး
အရှုးဆေဘာကိုစိုက်ကြည့်ရင်း '' မင်း
အမွေအနှစ်ယူဖို့အတွက်လား''

အရှုးဆေဘာက ခေါင်းညိတ်သည်။
''ဒီလိုပါပဲ အဓိကကတော့
ငါ့နတ်ဆိုးမျိုးနွယ်က

ကောင်းကင်မျိုးနွယ်ရဲ့လက်ထဲကို

ပြန်မရောက်စေချင်လို့

ဒီကိုရောက်လာတာ''

ကောင်းကင်မျိုးနွယ်။

ယန်ယွဲ့သည်

ခဏတုံ့ဆိုင်းသွားသော်လည်း အဆုံးတွင်

ယုကျင်းအကြောင်း အရှူးဆေဘာကို

မပြောပြခဲ့ပေ။ အရှူးဆေဘာကို

သူ၏ပြဿနာထဲ

ရောထွေးမနေစေချင်ပေ။ ယုကျင်းက

ကောင်းကင်မျိုးနွယ်၏အစိတ်အပိုင်းဖြစ်

သည်။ အရှူးဆေဘာက

နတ်ဆိုးမျိုးနွယ်မှဖြစ်သော်လည်း

ယုကျင်း၏လက်ရှိအခြေအနေအားသိ

သွားပါက

ငြိမ်နေမည်မဟုတ်ပေ။ယန်ယွဲ့က

အရှူးဆေဘာကို

ပြဿနာထဲဝင်မပါစေလိုသောကြောင့် သူတစ်ယောက်တည်းသာ လုပ်ဆောင်သင့်သည်ဟုဆုံးဖြတ်လိုက်သည်။

ဤအချိန်တွင် အရူးဆေဘာက ရုတ်တရက်ပြောလိုက်သည်။ '' အဲဒီတောင်ကုန်းပေါ်မှာ ကြက်သွေးရောင်နွားကြီးတစ်ကောင်ရှိတယ်။ ရှေးဟောင်းသက်ရှိတစ်ကောင်ပဲ။

အတိတ်တစ်ချိန်တုန်းက

ကောင်းကင်မျိုးနွယ်မှာရှိခဲ့တယ်။

ငါထင်တာမမှားရင်

ပညာရှင်အဆင့်သက်ရှိတောင်ဖြစ်နိုင်တ

ယ်။ ပညာရှင်ကျဆုံးသွားပေမဲ့

ကြက်သွေးရောင်နွားက

အသက်ရှင်နေသေးပြီးတော့

အဲဒီပညာရှင်ရဲ့နေရာကို

ကာကွယ်ပေးနေတယ်"

ကြက်သွေးရောင်နွားကြီး။

ယန်ယဲ့က

အနည်းငယ်မျက်မှောင်ကြုတ်ကာ "

ဘယ်လိုအဆင့်ရောက်နေပြီလဲ"

အရှုးဆေဘာက ခေါင်းခါပြီး

"လောလောဆယ်တော့

ငါလည်းမသိသေးဘူး ဒါပေမဲ့

အနည်းဆုံးတော့

ဈာန်အဆင့်မှာရှိသင့်တယ် ဒါ့အပြင်

အဲဒီသက်ရှိက

သာမန်ဈာန်အဆင့်မဟုတ်ဘူး။ အရင်က

ငါတော်တော်စိုးရိမ်မိတယ်။ ဒါပေမဲ့

မင်းဒီကိုရောက်နေတော့

ငါတို့နှစ်ယောက်ပေါင်းလိုက်ရင်

အဲဒီသက်ရှိကို ကိုင်တွယ်ဖြေရှင်းဖို့က

ပြဿနာမရှိသင့်ဘူး''

ယန်ယဲ့သည်

တောင်ကုန်းကိုမျှော်ကြည့်ကာ

''ကြက်သွေးရောင်နွားလား...'' သူသည်

ထိုနေရာနှင့်ပတ်သက်၍

ထူးဆန်းသောခံစားချက်တစ်ခုရှိခဲ့သည်။

အရှူးဆေဘာက ''မင်းမှာ

မေးစရာတွေရှိသေးလား''

ယန်ယဲ့က သူ့အကြည့်ကိုဖယ်လိုက်ပြီး

''သွားရအောင်'' ဟုသာပြောလိုက်သည်။

အရှူးဆေဘာက

အနည်းငယ်ခေါင်းညိတ်ပြသည်။

ထို့နောက် ယန်ယဲ့နှင့် မင်ချီကိုအဖွဲ့ဆီသို့

ပြန်ခေါ်လာခဲ့သည်။ အရှူးဆေဘာက

လူတိုင်းကို တစ်ချက်ကြည့်လိုက်သည်။

''အရင်က ဆွေးနွေးခဲ့သလိုပဲ

ကြက်သွေးရောင်နွားကို

ကိုင်တွယ်ပြီးတာနဲ့

ငါတို့ကသီးခြားလမ်းသွားမယ်။

ပညာရှင်အမွေအနှစ်ကိုပိုင်ဆိုင်ဖို့

ကိုယ်ပိုင်ခွန်အားကိုအားကိုးကြတာပေါ့

မင်းတို့အားလုံးကန့်ကွက်စရာမရှိဘူးမဟု

တ်လား'' အားလုံးက

ခေါင်းယမ်းကြသည်။

အရှူးဆေဘာက ''ကောင်းပြီ

ငါတို့အတူတူသွားကြတာပေါ့''စကား

ပြောပြီးနောက် သူ့လက်ထဲတွင်

ဓားတစ်လက်ပေါ်လာသည်။ လေထဲသို့

ဓားစွမ်းအင်တစ်စင်းပစ်လွှတ်လိုက်သည်

။ တောင်ကုန်းကို ထိမှန်ခံနီးတွင်

ကြက်သွေးရောင်အရိပ်တစ်ခု

ရုတ်တရက်ပေါ်လာသည်။

ထို့နောက်ဓားစွမ်းအင်က

တစ်စစီကွဲထွက်သွားသည်။

''ဘုန်း...''

ယန်ယဲ့နှင့်တခြားလူတိုင်းရှေ့တွင်
ရောမပုံရိပ်ကြီးတစ်ခုပေါ်လာသည်။

ကြက်သွေးရောင်နွားကြီး။

ကြက်သွေးရောင်နွားတွင်
ခြေနှစ်ချောင်းသာရှိ၍
၎င်း၏ခန္ဓာကိုယ်က လူနှင့်တူသည်။
သို့သော်ဦးခေါင်းပိုင်းက

နွားခေါင်းဖြစ်သည်။ ခေါင်းပေါ်တွင်

ရောမဦးချိုကြီးနှစ်ချောင်းပါရှိသည်။

တစ်မီတာခွဲအထိပင် ရှည်လျားသည်။

ထို့အပြင်

ဦးချိုနှစ်ချောင်းကချွန်ထက်နေကာ

အရာအားလုံးကိုပင်ထိုးဖောက်နိုင်ပုံရသ

ည်။

ကြက်သွေးရောင်နွား၏လက်နှစ်ချောင်း

က ပို၍ပင်တုန်လှုပ်စရာဖြစ်သည်။

၎င်းသည်ပေါက်ကွဲအားနှင့်ပြည့်နေသော

မီးတိုင်လုံးကြီးနှစ်တိုင်ကဲ့သို့ပင်။

အဓိကကတော့

၎င်း၏ခန္ဓာကိုယ်တစ်ခုလုံးက

အလွန်ချောမွေ့နေပါသည်။

ဂရုတစိုက်ကြည့်လျှင်

၎င်း၏ကိုယ်ပေါ်၌အကြေးခွံလွှာတစ်ခုရှိ

နေသည်ကို သတိပြုမိနိုင်ပါသည်။

အကြေးခွံများက

မှန်ကဲ့သို့ချောမွေ့နေသည်။ ဤအချိန်တွင် လူတိုင်း၏အမူအရာတိုင်းက သိသိသာသာလေးနက်လာသည်။

ဖိအား။

ကြက်သွေးရောင်နွားက မတိုက်ခိုက်သေးသော်လည်း အားလုံးက ပြင်းထန်သောဖိအားလှိုင်းကိုခံစားလိုက်ရသည်။ ကြက်သွေးရောင်နွားကို

အနိုင်ယူဖို့မဖြစ်နိုင်ကြောင်း တချို့က ခံစားလိုက်ရသည်အထိပင်။

ကြက်သွေးရောင်နွားများ၏မျက်လုံးများက ကြေးခေါင်းလောင်းများနှင့်တူသည်။

ဇင်းသည်

အရှေ့မှလူတိုင်းကိုလှမ်းကြည့်လိုက်ပြီး ညာဘက်လက်ကိုမြှောက်ကာ အဝေးကနေပင်လှမ်းရိုက်လိုက်သည်။

''ဘုန်း...''

အားပြင်းသောစွမ်းအားလှိုင်းကြီးထွက်

လာပြီး လောင်ဖန်းနှင့်အခြားလူတိုင်း ၃

မီတာအကွာသို့

ချက်ချင်းပင်လွင့်ထွက်သွားသည်။

ယန်ယွဲ့သည်ပင်လျှင် နောက် ၁

မီတာအကွာသို့ဆုတ်သွားခဲ့သည်။

အရှူးဆေဘာ အားရှဲ့နှင့်

တခြားအနက်ရောင်ဝတ်လူနှစ်ယောက်လ

ည်း အလားတူပြန်ဆုတ်လိုက်ရသည်။

ဤအခိုက်အတန့်တွင် လူတိုင်းက

အရှေ့တည့်တည့်တွင်ရပ်နေသောယန်ယွဲ့

ကို စိုက်ကြည့်နေကြသည်။

ကြက်သွေးရောင်နွားဧ၏တိုက်ခိုက်မှုက

သူတို့၏ခွန်အားကွာဟချက်ကို

ရှင်းရှင်းလင်းလင်း ပြသခဲ့သည်။

ယန်ယွဲ့သည် အနည်းငယ်သာ

နောက်ဆုတ်ခဲ့သောကြောင့်

သန်မာသည်ဟုဆိုလိုပေသည်။

လောင်ဖန်းနှင့် လင်းထန်က ယန်ယဲ့ကို

လေးလေးနက်နက်

အကြာကြီးတစ်ချက်ကြည့်လိုက်ပြီးနော

က် အကြည့်ချင်းဖလှယ်လိုက်သည်။

အဆုံးတွင်တော့ လင်းထန်က

''သူဘယ်ကလာလဲဆိုတာ မင်းသိလား''

လောင်ဖန်းက ခေါင်းခါလိုက်သည်။

လင်းထန်က ''သူက

သာမန်မဟုတ်တာသေချာတယ်''ဟုပြော

ခဲ့သည်။ စကားပြောနေရင်းဖြင့်
အဝေးကိုလှမ်းကြည့်လိုက်သည်။
ကြက်သွေးရောင်နွှား၏အကြည့်က
ယန်ယွဲ့ပေါ်သို့ကျဆင်းသွားသည်။ ၎င်းက
ခဏမျှငြိမ်သက်နေပြီးနောက်
ခုန်ထလာကာ
ယန်ယွဲ့အားပြေးဆောင့်လိုက်သည်။

အရှူးဆေးဘာက ယန်ယွဲ့ဘေးနားတွင်
ချက်ချင်းပေါ်လာပြီး

ဓားကိုရှေ့သို့ခုတ်ချလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က

သူ၏ညာလက်သီးကိုဆုပ်ကာ

အရှေ့သို့လှမ်းထိုးလိုက်သည်။

''ဘုန်း...ဘုန်း...''

ပေါက်ကွဲသံ ၂

ချက်ဆင့်ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့နှင့် အရှူးဆောဘာနှစ်ယောက်စလုံး

နောက်သို့အကြိမ်ကြိမ်ဆုတ်လိုက်ရသည် ။ ယန်ယဲ့သည် နောက်ဆုံးတွင် သူ့ကိုယ်သူ မရပ်တန့်မီ မီတာ (၃၀၀) အကွာထိဆုတ်သွားခဲ့သည်။ အရှူးဆေဘာကတော့ အကြိမ်ကြိမ် နောက်ပြန်ဆုတ်နေတုန်းပါ။ ယန်ယဲ့က အရှူးဆေဘာ၏ပုခုံးကို ဘယ်လက်ဖြင့် ဖမ်းဆုတ်လိုက်ပြီး ထိန်းထားပေးလိုက်သည်။

သို့သော်အရှူးဆောဘာ၏အမူအရာက
အလွန်ပင်ကြည့်မကောင်းလှပေ။
ယန်ယဲ့သည်လည်း မျက်နှာပေါ်တွင်
လေးနက်သောအမူအရာရှိနေသည်။

ကြက်သွေးရောင်နွားက
သူထင်ထားသည်ထက်
များစွာသန်မာနေသည်။ ဤအချိန်တွင်
ကြက်သွေးရောင်နွားက
ဖျတ်ခနဲပျောက်သွားပြီး

ယန်ယဲ့၏အထက်လေထဲ၌ပေါ်လာသည်။

ထို့နောက် ၎င်း၏ခန္ဓာကိုယ်ကိုလှန်ကာ

ဦးချိုနှစ်ချောင်းဖြင့်

ယန်ယဲ့အားထိုးချလာသည်။ ယန်ယဲ့က

သူ၏ဘယ်ဘက်လက်ကို

အနည်းငယ်လှုပ်ပြီး အရူးဆောဘာကို

မီတာ ၁၀၀

ကျော်အကွာသို့တွန်းထုတ်လိုက်သည်။

တစ်ချိန်တည်းမှာပင်

သူ၏ညာခြေကိုဆောင့်ကာ
အဖြူရောင်အလင်းတန်းအဖြစ်
လေထဲသို့ခုန်တက်သွားသည်။
ထို့နောက်တွင် သူ၏လက်သီးတစ်ဖက်က
ကြက်သွေးရောင်နွားများ၏ရောမအရေပြား
ကိုထိမှန်သွားသည်။

''အုန်း...''

ယန်ယဲ့သည်

မြေပြင်ပေါ်သို့လဲကျသွားသည်။

ဤမြင်ကွင်းကြောင့်

အရှုံးဆောဘာ၏အမူအရာကပြောင်းသွား

ကာ တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော်ယန်ယဲ့သည် မြေပြင်ကနေ

ရုတ်တရက်ခုန်ထပြီး

ကြက်သွေးရောင်နွားး၏ရင်ဘတ်ကို

လက်သီးဖြင့်ပြေးထိုးလိုက်သည်။

''ဘုန်း...''

ကြက်သွေးရောင်နွားက လုံးဝမရွေ့ဘဲ
ပုံရိပ်တစ်ခုက မီတာ
၃၀၀အကွာသို့ပြန်ဆုတ်သွားကြသည်။
တန်ပြန်အားဖြင့်
ပြန်ပြီးတွန်းထုတ်ခံလိုက်ရ၏။

''ဒါ ယန်ယွဲ့ပဲ'' ဤမြင်ကွင်းကြောင့်
အားလုံး၏မျက်နှာက မဲမှောင်သွားသည်။

ကြက်သွေးရောင်နွားး၏ခွန်အားနှင့်

စွမ်းအင်က ၎င်းတို့အတွက်

အနည်းငယ်စိတ်ပျက်စရာပင်။

ကြက်သွေးရောင်နွားက

လက်တစ်ချောင်းကိုဆန့်ထုတ်ပြီး

ယန်ယွဲ့ကိုလက်ဟန်ပြသည်။

ထိုသက်ရှိက ယန်ယွဲ့အား

ရှေ့တက်လာခဲ့ဟု စိန်ခေါ်နေခြင်းပင်။

ယန်ယွဲ့သည်

ခဏလောက်ငြိမ်သက်သွားပြီးနောက်

ခေါင်းခါလိုက်သည်။ " ငါက

တစ်ယောက်ချင်းတိုက်ပွဲမှာ

တကယ်မကျွမ်းကျင်ပါဘူး ငါက

အုပ်စုလိုက်တိုက်ခိုက်တာ

အကျွမ်းကျင်ဆုံးပဲ"

စကားပြောပြီးနောက်

တစ်ဖက်ပြန်လှည့်ကာ

လောင်ဖန်းနှင့်တခြားလူတိုင်းကိုဆူးစိုက်

ကြည့်သည်။ ''အရှုးတွေ မင်းတို့အားလုံး အဲဒီမှာဘာလုပ်နေကြတာလဲ အခုချက်ချင်း တိုက်ခိုက်ကြတော့...'' အားလုံးက ပြောစရာစကားမဲ့သွားသလိုခံစားလိုက်ရသည်။

''အတူတူတိုက်ခိုက်ကြ...'' ယန်ယဲ့က တစ်ယောက်တည်းတိုက်ခိုက်မည်ဟု လေပစ်ထားသဖြင့်

လူတိုင်း၏မျက်နှာတွင်

ထူးဆန်းသောအမူအရာများရှိနေသည်။

''တိုက်ခိုက်စမ်း...'' ဤအတောအတွင်း

အရှုးဆေဘာ၏အသံက

ပဲ့တင်ထပ်လာသည်။ ထို့နောက်

ဓားစွမ်းအင်တစ်စင်းက

လေထုကိုဆုတ်ဖြဲပြီး

ကြက်သွေးရောင်နွားဆီသို့ပစ်လွှတ်လိုက်

သည်။ လောင်ဖန်း

လင်ထန်းနှင့်တခြားလူတိုင်းလည်း
တိုက်ခိုက်လိုက်သည်။
ကြက်သွေးရောင်နွားး၏မျက်လုံးကြီးနှစ်
လုံးထဲမှ ရက်စက်ကြမ်းကြုတ်မှုများ
တဖျတ်ဖျတ်တောက်ပလာကာ
ညာဘက်လက်သီးကိုရှေ့သို့လှမ်းထိုးလို
က်သည်။ အနီးအနားရှိ အာကာသပြင်က
ချက်ချင်းကွဲထွက်သွားတော့သည်။
တစ်ချိန်တည်းမှာပင် သူ၏လက်ဖဝါးမှ

အားပြင်းသောစွမ်းအားလှိုင်းများထွက်လာပြီး ယန်ယဲ့နှင့်တခြားလူတိုင်းဆီသို့ လေဆင်နှာမောင်းအလားရွေ့လျားသွားသည်။

မျှော်လင့်ထားသည့်အတိုင်း ယန်ယဲ့နှင့်တခြားလူတိုင်းခုခံချိန်ပင်မရလိုက်ပေ။ ချက်ချင်းပင် လွင့်ထွက်သွားခဲ့သည်။ တချို့မှာ ၁၀ ကီလိုမီတာ

အထိတိုင်းလွင့်ပျံထွက်သွားသည်။

ဤအတောအတွင်း

ကြက်သွေးရောင်နွားက မရပ်တန့်ပဲ

၎င်း၏လက်နှစ်ဖက်ကို

မြေပြင်သို့ရိုက်ချလိုက်သည်။

''ဘုန်း...''

မြေပြင်သည် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

ပြင်းထန်သောစွမ်းအားလှိုင်းလုံးများ

ကောင်းကင်ပေါ်သို့ထိုးတက်လာသည်။

ယန်ယွဲ့ အရှူးဆေဘာနှင့်

တခြားနှစ်ယောက်ကတော့

ခုခံနိုင်ကြသည်။ သို့သော် တချို့ကတော့

ပါးစပ်ထဲမှ သွေးများအန်ထွက်လာကာ

အကြိမ်ကြိမ်

နောက်ပြန်လွင့်ထွက်သွားသည်။

ယန်ယဲ့မျက်နှာပေါ်တွင်

အလွန်လေးနက်သောအမူအရာရှိနေသ

ည်။ အကြောင်းမှာ

ကြက်သွေးရောင်နွားး၏အကာအကွယ်န

င့် တိုက်ခိုက်မှုက

အကူအညီမဲ့သလိုဖြစ်နေသောကြောင့်ပါ

။ သူ့စားကိုထုတ်သုံးရင်တောင်

ကြက်သွေးရောင်နွားကိုလှီးဖြတ်ဖို့

အလွန်ခဲယဥ်းပါလိမ့်မည်။

၎င်း၏အကာအကွယ်စွမ်းရည်က

အမှန်တကယ်

ကြောက်မက်ဖွယ်ရာကောင်းလှသည်။

ဤအချိန်တွင်ကြက်သွေးရောင်နွားက

လက်တစ်ချောင်းကိုဆန့်ကာ လူအုပ်ကို

လက်ဟန်ပြပြန်သည်။

Translated By NyiNyiSoe

May Be:

..အပိုင်း ၂၃၈၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

အရှုးဆေဘာက "ဘာတို့

ဘာလုပ်ကြမလဲ..."

ယန်ယဲ့က "သူတို့အားလုံးကို

မထိန်းထားဖို့ပြောလိုက်"

အသံတိုးတိုးဖြင့်ပြောလိုက်သည်။

ဤအဖွဲ့ရှိ လူတိုင်းက

သာမန်လူများမဟုတ်ကြပေ။ ထို့ကြောင့်

ကြက်သွေးရောင်နွားဧ၏ခွန်အားအပြင်။

၎င်းတို့ အစောပိုင်းမှာ လုံးလုံးလျားလျား

ရှုံးနိမ့်ခဲ့သော အကြောင်းအရင်းတစ်ခု

ရှိသေးသည်။ ၎င်းသည်

ကိုယ်ပိုင်ခွန်အားကို အပြည့်အဝ

သုံးမထားကြပေ။

မသိမသာဖုံးကွယ်ထားကြသည်။

ယန်ယဲ့အပါအဝင် လူတိုင်း

ဖုံးကွယ်ထားကြသည်။

အရှူးဆေဘာက

အနည်းငယ်ခေါင်းညိတ်ပြီး "လူတိုင်း

မင်းတို့ဆက်ပြီး ဖုံးကွယ်ထားမယ်ဆိုရင်

ပညာရှင် အမွေအနှစ်ကို

မေ့ထားနိုင်တယ်။ ကောင်းပြီ အခု

မင်းတို့ရဲ့ ခွန်အားကို

အပြည့်သုံးရတော့မယ်"

စကားပြောပြီးနောက် အရှုံးဆောဘာက
ကောင်းကင်ယံအထက်၌ ရုတ်တရက်
ပေါ်လာသည်။ သူ၏ဓားကို
တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရင်း
ဆန်းကြယ်ချီစွမ်းအင်များ
အဆက်မပြတ် ပို့လွှတ်လိုက်သည်။
ဤအချိန်တွင် အရှုံးဆောဘာ၏
လက်ထဲမှ ဓားက ပြိုးပြိုးပြက်ပြက်
လက်နေသောအလင်းတန်းများ

အဆက်မပြတ် ထွက်ပေါ်လာကာ

တုန်ခါလာပါတော့သည်။

ဓားအလင်းတန်းများက

မုန်တိုင်းကြီးတစ်ခုအလား

ဆင်းသက်လာကာ

ကြက်သွေးရောင်နွားကြီးပေါ်သို့

ကျဆင်းသွားလေတော့သည်။

ဓားအလင်းတန်းများဖြတ်သွားသည့်

အာကာသပြင်တစ်လျှောက်သည်

ဆုတ်ဖြဲခံလိုက်ရသည်။

အရှုံးဆေဘာက အင်းအားအပြည့်

တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

လင်းထန်နှင့် အခြားလူတိုင်းလည်း

ခဏမျှတုံ့ဆိုင်းသွားပြီးနောက်

ခွန်အားအပြည့်ဖြင့်

တိုက်ခိုက်လိုက်ကြသည်။

ဤ၊တစ်ကြိမ်တွင် မည်သူမျှ

ထိန်းမထားကြတော့ပေ။ သို့မဟုတ်

အတိအကျပြောရလျှင်

လူတိုင်းကသိပ်ပြီး

ဖုံးကွယ်မထားကြတော့ပေ။

ဒါဇင်ချီသော ညဏ်ကြီးရှင်များ၏

ပူးပေါင်းတိုက်ခိုက်မှုက

ဈာန်သခင်အချို့ကို

ချက်ချင်းသတ်ပစ်နိုင်လောက်သည်အထိ
ပြင်းလှသည်။

ဤအခိုက်အတန့်တွင်
ကြက်သွေးရောင်နွားက လက်သီးများကို
ရုတ်တရက် ဆုပ်လိုက်ရာ
အနီရောင်အလင်းတန်းတစ်ခု
လင်းလက်လာသည်။
အနီရောင်အလင်းများက
လက်သီးများသာမကဘဲ

၎င်း၏မျက်လုံးအစုံပင် ထူးထူးခြားခြား
အနီရောင်
တလက်လက်ပင်တောက်နေသည်။

“ဝမ်းဘဲ.....”

ကြက်သွေးရောင်နွားက ယန်ယွဲ့နှင့်
အခြားလူတိုင်းကိုကြည့်ကာ
ဒေါသတကြီး အော်ပြီးနောက်
၎င်း၏လက်သီးများကို ရှေ့သို့

ထုရိုက်လိုက်သည်။ ကျယ်လောင်သော

ပေါက်ကွဲသံထွက်ပေါ်လာပြီးနောက်

ရှေ့ဆုံးကနေ တိုက်ခိုက်လိုက်သော

အရှုးဆေဘာ၏ ဓားစွမ်းအင်များ

ချက်ချင်းပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ အရှုးဆေဘာသည်

ချက်ချင်းလွင့်သွားခဲ့သည်။

ဤအချိန်တွင် လင်းထန်နှင့်

အခြားလူတိုင်းလည်း

တံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ အလားတူ
လွင့်ထွက်သွားခဲ့သည်။

“ဘုန်း…ဘုန်း…ဘုန်း…”

ဒါဇင်ချီသော ပုံရိပ်များ မြေပြင်ပေါ်သို့
ပြုတ်ကျလာကာ မြေပြင်သည်
အက်ကွဲသွားခဲ့သည်။
ယန်ယွဲ့တစ်ယောက်တည်းသာ
မတ်တတ်ရပ်နေတုန်းဖြစ်သည်။

အားလုံးလွင့်ထွက်သွားပြီးနောက်
ကြက်သွေးရောင်နွှားက နောက်ထပ်
တိုက်ခိုက်ခြင်းမပြုသေးပေ။

ယန်ယဲ့၏ မတ်တတ်ရပ်နေသောပုံစံကို
ကြည့်ရင်း နေရာမှာတင် ရပ်လိုက်ပြီး
လက်ညှိုးထောင်ကာ ယမ်းပြသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်များ
ကွေးညွတ်သွားသည်။ သူက ဓားမသုံးဘဲ

ညာလက်ကို ဖြည်းညင်းစွာ
ဆန့်လိုက်သည်။ ထိုခဏလေးမှာပဲ
သူ့လက်ကနေ
နဂါးဖြူလက်သည်းတစ်ဖက်
ပေါ်လာသည်။

ကောင်းကင်တိမ်နဂါး။

အဖြူရောင်နဂါးလက်သည်း
ပေါ်လာသည်နှင့် ယန်ယွဲ့သည်

ကြက်သွေးရောင်နွားဆီသို့ ခုန်ဝင်လိုက်သည်။ ထိုနောက် သူက ကြက်သွေးရောင်နွားရှေ့သို့ ရောက်လာပြီး နဂါးဖြူလက်သည်းဖြင့် ရိုက်ချလိုက်သည်။

”ဘုန်း…”

ကြက်သွေးရောင်နွား၏ အကြည့်က နဂါးလက်သည်းပေါ်တွင်

ဆင်းသက်လာပြီး အနည်းငယ်

မျက်မှောင်ကြုတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့၏

အသွင်းပြောင်းနဂါးဖြူလက်သည်းက

ဇင်းရှေ့သို့ ရောက်လာသည်။

သို့သော် မရှောင်တိမ်းဘဲ ရှေ့သို့

လက်သီးဖြင့် ထိုးလိုက်ရုံသာ

“ဘုန်း…”

လက်သီးချက်က နဂါးဖြူလက်သည်းကို

တည့်တည့်ထိမှန်သွားသည်။

နှစ်ဖက်စလုံးပြင်းထန်စွာ

လှုပ်ခါသွားပြီးနောက်  ယန်ယဲ့သည် မီတာ

(၃၀၀)အကွာသို့ လွင့်ထွက်သွားခဲ့သည်။

ကြက်သွေးရောင်နွှားကတော့

မီတာ(၃၀)လောက်သာ

ဆုတ်သွားခဲ့သည်။ သို့သော်

၎င်း၏လက်သီးပေါ်တွင် လက်သည်းရာ တစ်ချက် ကျန်နေခဲ့သည်။

ဤသည်ကိုမြင်ကြသောအခါ အားလုံးက အကြည့်ချင်းဖလှယ်ကြပြီး မျက်လုံးထဲတွင် ထိတ်လန့်သွားခဲ့သည်။ ကြက်သွေးရောင်နွားက သူ၏လက်သီးကို ငုံ့ကြည့်ကာ ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ သို့မဟုတ် ပြောရလျှင် ယန်ယွဲ့၏လက်ပေါ်မှ

နဂါးဖြူလက်သည်းကို

စိုက်ကြည့်နေတာပါ။ ယန်ယွဲ့သည်လည်း

အလားတူပင်။ သူ၏လက်သီးကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။

ဤအချိန်မှာ သူ့လက်က အနည်းငယ်

အက်ကွဲနေခဲ့သည်။

ကြက်သွေးရောင်နွား၏ခွန်အားက

အမှန်ပင် ကြောက်စရာကောင်းလှသည်။

သူ၏ရုပ်ခန္ဓာဖြင့်ပင် ၎င်းကိုအနိုင်ယူရန်
လုံးဝမဖြစ်နိုင်ပေ။

ယန်ယဲ့သည်ခဏမျှတွေးတောပြီးနောက်
သူ၏အတွေးကိုထိန်းကာ ဓားကို
ဆွဲထုတ်ဖို့ ပြင်လိုက်သည်။ ဓားသုံးမှသာ
သူက တိုက်ခိုက်နိုင်ပါလိမ့်မည်။ သို့သော်
ကြက်သွေးရောင်နွားက ယန်ယဲ့ကို
စိုက်ကြည့်နေရာမှ
လက်တစ်ချောင်းမြှောက်ကာ

တောင်ကုန်းကို ညွှန်ပြပြီး ယန်ယဲ့ကို
ပြန်ညွှန်ပြသည်။

ယန်ယဲ့သည် အချိန်အတော်ကြာ
အံ့အားသင့်သွားပြီး
အခြားသူတိုင်းလည်း
အံ့အားသင့်သွားကြသည်။

ယန်ယဲ့က အချိန်ခဏကြာ
စဉ်းစားပြီးနောက် "ဘယ်လို... မင်းငါ့ကို

အဲ့ဒီနေရာ သွားစေချင်တာလား…”

ဟုမေးလိုက်သည်။

ကြက်သွေးရောင်နွားကြီးက

ခေါင်းညိတ်ပြသည်။

ဤနေရာမှ လူတိုင်း၏ အမူအရာက

အလွန်ပင် ထူးဆန်းလာသည်။ သူတို့ထဲမှ

အချို့၏ မျက်နှာသည် အတော်လေး

မှုန်ကုပ်နေသော

အမူအရာများရှိနေသည်။

သူတို့ဘာတွေးနေသလဲတော့ မသိနိုင်ပေ။

ယန်ယဲ့က အခြားလူတိုင်းကို

လျစ်လျူရှုပြီး“ဘာလို့လဲ…”ဟုမေးလိုက်

သည်။

ကြက်သွေးရောင်နွှားက

မျက်မှောင်ကြုတ်ပြီး တောင်ကုန်းကို

ညွှန်ပြသည်။

ယန်ယွဲ့သည်

တစ်ခုခုပြောချင်သော်လည်း

အရှုးဆောဘာက သူ့အနားသို့

လျှောက်လာပြီး “ဒီနေရာက လူတိုင်းကို

လျစ်လျူရှုပြီး

မင်းအရင်သွားလိုက်တော့”

ဟုပြောပါသည်။

ယန်ယွဲ့က "မင်းတို့ရော ဘယ်လိုလဲ...”

အရှုးဆောဘာက ခါးသက်သက်

ရယ်မောလိုက်သည်။ “ငါတို့ကို

မေ့ထားလိုက်။ အဲ့ဒီ သတ္တဝါက ငါတို့ကို

ဝင်ခွင့်မပြုရင်

သွားလို့ရမယ်ထင်လို့လား…”

ယန်ယွဲ့သည် ခေါင်းညိတ်ပြီး

ကြက်သွေးရောင်နွားကို

လှမ်းကြည့်ပြီးနောက်

စကားမပြောတော့ဘဲ တောင်ကုန်းပေါ်သို့

လျှောက်တက်သွားသည်။

ကြက်သွေးရောင်နွားက ဘေးသို့

ရွှေ့သွားသည်။ ယန်ယဲ့ကိုမတားခဲ့ပေ။

ဤသို့ဖြင့် အားလုံးက ယန်ယဲ့

တောင်ပေါ်သို့ ပျောက်ကွယ်သွားသည်ကို

စောင့်ကြည့်နေခဲ့သည်။

လူတိုင်းတိတ်ဆိတ်နေကြသည်။

လူတိုင်းဘာတွေးနေသလဲတော့
ဘယ်သူမှမသိကြပေ။

ဤအချိန်တွင် ကြက်သွေးရောင်နွားက
လူတိုင်းကို စိုက်ကြည့်ကာ နေရာမှာပင်
ရှိနေခဲ့သည်။

လင်းထန်က ရုတ်တရက် ပြောခဲ့သည်။
“လူတိုင်း
ငါအရင်ဆုံးထွက်သွားတော့မယ်”

စကားပြောပြီးနောက်နေရာမှာပင်

ပျောက်သွားခဲ့သည်။

လင်းထန်ထွက်သွားသည်နှင့် အချို့က

ထွက်သွားခဲ့သည်။ အရှူးဆေဘာ၊ မင်ချီ၊

နတ်ဆိုးမျိုးနွယ်မှ နောက်ထပ်

လူငယ်သုံးဦးသာ ဤနေရာတွင်

ကျန်နေခဲ့သည်။

မင်ချီကလည်း

လေးလံစွာပြောလိုက်သည်။

"အဲ့ဒီကောင်တွေ..."

အရူးဆေဘာက အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ "သူတို့ကို

လျစ်လျူရှုထားလိုက်။ ငါတို့ ဒီမှာ

စောင့်ပေးရမယ်"

ယန်ယဲ့သည် တောင်ထိပ်သို့

ရောက်သွားသည်။ ဤနေရာတွင်

သေးငယ်သော တဲအိမ်ငယ်လေး

တစ်လုံးရှိနေခဲ့သည်။ သို့မဟုတ်

အစုတ်အပျက်ဟုပင် ဖော်ပြနိုင်သည်။

ပေါင်းပင် မြက်ပင်

အကိုင်းအခက်များဖြင့်

တည်ဆောက်ထားခြင်းကြောင့်သော

နေထိုင်ဖို့ လုံးဝမသင့်တော်ပေ။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး မျက်နှာပေါ်တွင်

လေးနက်သော

အမူအရာတစ်ခုပေါ်လာသည်။

ပတ်ဝန်းကျင်တွေ

အောက်ခြေများစွာရှိနေသောတွင်းနက်

များစွာ ရှိနေသောကြောင့်ပင်။

"အထဲကို ဝင်လာပါ"

တဲအိမ်ငယ်လေးအထဲမှ

အိုးမင်းရင့်ရော်နေသော အသံတစ်သံ

ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယဲ့သည်

အသံထွက်ပေါ်လာသည့်ဆီသို့

လှမ်းကြည့်ကာ တွန့်ဆုတ်မနေဘဲ

ထိုနေရာသို့ လျှောက်သွားခဲ့သည်။

ထိုနောက် တံခါးကို ညင်သာစွာ

တွန်းဖွင့်လိုက်သည်။ အထဲတွင်

တင်ပျဉ်ခွေထိုင်နေသော
အဘိုးကြီးတစ်ယောက်ရှိနေဘိုသည်။
အဘိုးကြီးက ဆံပင်ဖြူနေကာ ဇရာ၏
အရေးအကြောင်းများနှင့်
အဖြူရောင်အခိုးအငွေ့များ
ရစ်သိုင်းနေခဲ့သည်။ ထိုပြင် အဘိုးကြီးက
မျက်လုံးများ မှိတ်ထားကာ မဖွင့်ခဲ့ပေ။

အဘိုးကြီးက ရုတ်တရက်
"တိမ်နဂါးလား..."ဟုမေးခဲ့သည်။

“ဟုတ်တယ်”

နောက်ဆုံးတွင် ယန်ယွဲ့က

ကြက်သွေးရောင်နွားက သူ့အား

ခွင့်ပြုသည့် အကြောင်းအရင်းကို

နားလည်လိုက်သည်။

သူပိုင်ဆိုင်ထားသော တိမ်နဂါးကြောင့်ပါ။

အတိတ်က ကောင်းကင်မျိုးနွယ်၏

အုပ်ထိန်းသူ အမှတ်အသား။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက “မင်းက လူသဆိုတော့
ဘာလို့ရှိနေတာလဲ…”

ယန်ယွဲ့က “မင်းဟာ လူသားတွေကို
ခွဲခြားဆက်ဆံနေတာလား…”
ဟုမေးခွန်းတစ်ခုဖြင့် ပြင်ဖြေသည်။

“လူတွေကို ခွဲခြားဆက်ဆံတာလား...”

အဘိုးကြီးက ခေါင်းကို အနည်းငယ် ခါယမ်းလိုက်သည်။ “ဟုတ်တယ် လုပ်တော့ဘာဖြစ်လဲ...။ ကောင်းကင်မျိုးနွယ်နဲ့ လူသားမျိုးနွယ်အကြားမှာအတော်လေး နက်ရှိုင်းတဲ့ ဆက်စပ်မှုရှိတယ်လို့ မဆိုလိုဘူး။ ငါသိချင်လို့ မေးလိုက်တာ”

ယန်ယဲ့က “ဒါကိုအခြား စီနီယာတွေက ပေးထားတာ”

“ဒါဟာ ပထမကောင်းကင်အင်ပါယာအရှင်ဖြစ်နိုင်တယ်”

အဘိုးကြီးက “သူက မင်းကို ကောင်းကင်မျိုးနွယ်ရဲ့

အုပ်ထိန်းသူဖြစ်စေချင်ခဲ့တာ

မဟုတ်လား...”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး“မင်းဒီမှာ

ဘာကြောင့်သေဆုံးသွားတာလဲ...။

ပြီးတော့ မင်းရဲ့အမွေအနှစ်ကို

နတ်ဆိုးမျိုးနွယ်က မရဖို့ တားဆီးအောင်

ငါက ရောက်လာတာ”

သူ့အမွေအနှစ်ကိုပေးဖို့ တစ်ဖက်လှည့်နှင့်

ပေးလိုက်ခြင်းပင်။

အဘိုးကြီးက

အချိန်အတော်ကြာတိတ်ဆိတ်သွားပြီး

“မင်း ငါ့အမွေအနှစ်ကိုဆက်ခံဖို့

မသင့်တော်ဘူး…”ဟုပြောခဲ့သည်။

Transalated by NyiNyiSoe

May Be:

..အပိုင်း ၂၃၈၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ..."

အဘိုးကြီးက "ဘာဖြစ်လို့လဲ

သိလား..."ဟုပြန်ဖြေသည်။

ယန်ယဲ့က ခေါင်းခါလိုက်သည်။

“ငါမသိဘူး”

အဘိုးကြီးက

“အကြောင်းပြချက်တွေအများကြီးရှိတယ်။ ပထမအချက် မင်းရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ပြင်းထန်လွန်းတယ်။ ဒုတိယအချက်က တာအိုလမ်းစဉ်နဲ့ လက်နက်လမ်းစဉ်ရဲ့ အော်ရာကို ပိုင်ဆိုင်ထားတယ်။

ငါ့အမွေအနှစ်က သူတို့နဲ့ မဆိုင်ပေမဲ့ မင်းပတ်ပတ်လည်မှာရှိတဲ့ ကံတရားက ကြီးမားလွန်းတယ်။ အတိုချုံးပြောရရင် ငါတို့လို အဆင့်အတန်းနဲ့ မထိုက်တန်လှဘူး...”

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး “ကောင်းပြီ ငါအတင်းအကျပ်လုပ်ယူမှာမဟုတ်ဘူး။ အဘိုးကြီးက ခေါင်းညိတ်ကာ ဒါပေမဲ့ မင်းပြောတဲ့အတိုင်း ငါ့အမွေအနှစ်က

နတ်ဆိုးမျိုးနွယ်ရဲ့ လက်ထဲကို

ကျရောက်လို့မရဘူး။ ငါ့အမွေအနှစ်ကို

အမွေခံ မျိုးစေ့အဖြစ်

ပေါင်းစပ်လိုက်မယ်။ မင်းက ဒါကို

ကောင်းကင်ကမ္ဘာဆီ ပြန်ယူသွားလိုက်။

သင်တော်တဲ့ ဆက်ခံသူကို

ရှာဖွေပေးမယ်လို့ မျှော်လင့်ပါတယ်”

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး
“ကောင်းပြီ ဒါနဲ့မင်း ဒီမှာက
ဘယ်လိုသေတာလဲ...”

အဘိုးကြီးက “မင်းက
ဓားကျင့်ကြံသူလား...” ဟု ရုတ်တရက်
မေးလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။
“ဟုတ်ပါတယ်”

အဘိုးကြီးက ခဏမျှငြိမ်သက်သွားပြီး "မင်းကို လက်ဗလာနဲ့ ပြန်ခွင့်မပေးပါဘူး။ ဒါကြောင့် မင်းကို လက်ဆောင်တစ်ခုပေးမယ်"

အဘိုးကြီးက သူ့ညာလက်ကို ရုတ်တရက် ဆန့်လိုက်ပြီး ယန်ယဲ့ရှေ့တွင် ပေါ့ပေါ့ပါးပါးဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ ယန်ယဲ့ရှေ့ရှိ

မြင်ကွင်းသည် ပြောင်းလဲသွားသည်။
သို့မဟုတ် ယန်ယွဲ့ရှေ့တွင်
မြင်ကွင်းတစ်ခု ပေါ်လာသည်ဟု
ဆိုရပေမည်။

မိုးကုပ်စက်ဝိုင်းတောင်တန်း။

ဤအခိုက်အတန့်တွင်
လူတစ်ယောက်သည် တောင်ပေါ်သို့
ဖြည်းဖြည်းချင်းလမ်းလျှောက်လာသည်။

တောင်ခြေရင်းကို ရောက်လာသည့်

အချိန်တွင် တောင်ပေါ်သို့ မျှော်ကြည့်ရင်း

အချိန်တော်တော်ကြာမှ

တိုးတိုးလေးပြောလိုက်သည်။

"လောကရဲ့ မဟာတာအို ၃၀၀၀ ထဲမှာ

ငါ့ဓားတာအိုက

အမြင့်မြတ်ဆုံးဓားတာအိုပဲ"

ယန်ယဲ့သည် ငြိမ်ကျသွားသည်။

သူ့ရှေ့ရှိလူက အနှောင်အဖွဲ့ကင်းမဲ့သူပင်။

အနှောင်အဖွဲ့ကင်းမဲ့သူ။

ယန်ယဲ့သည် ခဏကြာသည်အထိတိုင်

ငြိမ်သွားသည်။

အနှောင်အဖွဲ့ကင်းမဲ့သူသည် ဤနေရာသို့

ရောက်လာမည်ဟုပင်

သူမမျှော်လင့်ထားခဲ့ပေ။ ထို့ပြင်

လောကသုံးပါး၌ နောက်တစ်ကြိမ်
တွေ့ဖို့ပင် မမျှော်လင့်ထားပါ။
ယန်ယွဲ့သည် သူ့အတွေးများကို
ထိန်းထားပြီး သူ့ရှေ့ရှိ မြင်ကွင်းကို
ဆက်ကြည့်နေလိုက်သည်။

"လောကရဲ့ မဟာတာအို ၃၀၀၀ ထဲမှာ
ငါ့ဓားတာအိုက အမြင့်မြတ်ဆုံးပဲ...
ဟုတ်လား"

ယန်ယဲ့သည့် ထိုစကားများကို
တွေးတောရင်း မတက်နိုင်ဘဲ
ရယ်မောလိုက်မိသည်။
အနှောင်အဖွဲ့ကင်းမဲ့သူသည့် အမြဲလိုလို
မောက်မာထောင်လွှားသည်
မဟုတ်ပါလား။ သို့သော် ထိုစကားက
အနှောင်အဖွဲ့ကင်းမဲ့သူသည်
သူ၏ကိုယ်ပိုင် ဓားတာအိုကို မည်မျှ
ယုံကြည်မှုရှိကြောင်း ပြသနေသည်။

မည်သူမဆို သူတို့၏တာအိုသည်

မဟာတာအို သုံးထောင်တွင်

အမြင့်မြတ်ဆုံးတာအိုဟု

အတည်မပြုဝံ့ကြပေ။ သို့ရာတွင်

အနှောင်အဖွဲ့ကင်းမဲ့သူကတော့

ပွင့်ပွင့်လင်းလင်း ပြောဝံ့ခဲ့သည်။

မိုးကုပ်စက်ဝိုင်းတောင်ခြေ

အနှောင်အဖွဲ့ကင်းမဲ့သူက ဖြည်းညင်းစွာ

လျှောက်လာနေခဲ့သည်။ ဤအချိန်တွင်

သူ့ရှေ့မှောက်၌ ရောမ
ပုံရိပ်ကြီးတစ်ခုပေါ်လာသည်။

ကြက်သွေးရောင်နွားကြီးပင်။

ကြက်သွေးရောင်နွားကြီးက
ဒေါသတကြီးဖြင့် သူ၏ ခန္ဓာကိုယ်ကို
အနှောင်အဖွဲ့ကင်းမဲ့သူဆီသို့
ပြေးဆောင့်လိုက်သည်။ သို့သော်
အနှောင်အဖွဲ့ကင်းမဲ့သူ၏အမူအရာကအ

နည်းငယ်ပင် ပြောင်းလဲမသွားဘဲ
ရှေ့သို့သာ ဆက်သွားနေခဲ့သည်။

ကြက်သွေးရောင်နွားက သူနှင့်
(၁)မီတာအကွာသာသာ အကျော်သို့
ရောက်လာတော့မှသာ
လက်ကိုရုတ်တရက်
ဝှေ့ယမ်းလိုက်သည်။ မြေပြင်ပေါ်ရှိ
သစ်ကိုင်းတစ်ကိုင်းက

လျှပ်စီးကြောင်းတစ်ခုကဲ့သို့ ရုတ်တရက် လွင့်ထွက်သွားသည်။

“ဘုန်း…”

ကြက်သွေးရောင်နွှားသည် ပေါက်ကွဲသွားပြီး တောင်နံရံကို ထိမှန်သွားသည်။ သို့သော် သေးငယ်သော ဒဏ်ရာတစ်ခုက ၎င်း၏ဗိုက်မှတဆင့် တောင်နံရံနှင့်

ကပ်ရိုက်ထားသည်။ တောင်နံရံမှ

ပြုတ်ကျမလာပေ။ ဤအချိန်တွင်

အနှောင်အဖွဲ့ကင်းမဲ့သူက ရှေ့သို့

ဆက်သွား၏။ အချိန်သိပ်မကြာလိုက်ပေ

မိုးကုပ်စက်ဝိုင်းတောင်ထိပ်သို့

ရောက်သွားသည်။ ထိုနေရာတွင်

ဆံပင်ဖြူ

အဘိုးကြီးတစ်ယောက်ရှိနေသည်။

ထိုအဘိုးကြီးက ယခုလေးတင်
ယန်ယဲ့နဲ့တွေ့ခဲ့သော ပညာရှင်ဖြစ်သည်။

အဘိုးကြီးက အနှောင်အဖွဲ့ကင်းမဲ့သူကို
ကြည့်ကာ“လောကသုံးပါးမှာ
မင်းအကြောင်း တစ်ခါမှမကြားဖူးဘူး”
ဟုပြောလိုက်သည်။

အနှောင်အဖွဲ့ကင်းမဲ့သူက

အဘိုးကြီးကိုကြည့်ကာ

“ငါ့ကိုမြင်ဖူးတဲ့သူတိုင်းက သေပြီ”

အဘိုးကြီးက

အချိန်တော်ကြာတိတ်ဆိတ်သွားပြီး

“ဒါကြောင့်ကိုး၊ မင်းဟာ

မျိုးနွယ်ခြားအားလုံးရဲ့ ပညာရှင်

(၁၀)ယောက်ပျောက်ဆုံးသွားတဲ့

နောက်ကွယ်မှာရှိနေတာပေါ့။ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ...”

အနှောင်အဖွဲ့ကင်းမဲ့သူက အဘိုးကြီးဆီသို့ ဖြည်းညင်းစွာ လျှောက်လာသည်။ “ငါ့ရဲ့ ဓားတာအိုကို သက်သေပြဖို့”

အဘိုးကြီး၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။

“မင်းရဲ့ ဓားတာအိုကို သက်သေပြဖို့
ပညာရှင်တွေကို သတ်နေတာလား…”

အနှောင်အဖွဲ့ကင်းမဲ့သူက မရပ်တန့်ဘဲ
အဘိုးကြီးဆီသို့ ဆက်လျှောက်သွားကာ
“ပညာရှင်တွေကို ဘာကြောင့်
ငါရှာရတာလဲ…။ ဘာကြောင့်လဲဆိုတော့
ပညာရှင်တွေက အားကောင်းလွန်းတယ်။
သန်မာတဲ့လူတွေကို ငါလိုက်ရှာတယ်”

အဘိုးကြီးက “ဒါဆို မင်းက ဖန်ဆင်းရှင်တွေကို ဘာကြောင့်မရှာတာလဲ…” ဟုမေးလိုက်သည်။

အနှောင်အဖွဲ့ကင်းမဲ့သူက "မင်းက နောက်ဆုံးပဲ။ မင်းပြီးတာနဲ့ ငါ သူတို့ကို သွားရှာမယ်”

အဘိုးကြီးက "သူတို့အားလုံးကို
အနိုင်ယူပြီးရင် မင်းဘာဆက်လုပ်မလဲ..."
ဟုမေးလိုက်သည်။

အနှောင်အဖွဲ့ကင်းမဲ့သူက
"မဟာနတ်ဘုရားဆိုတာ ရှိသလား..."

အဘိုးကြီးက ငြိမ်သွားသည်။

ဤအတောအတွင်း

အနှောင်အဖွဲ့ကင်းမဲ့သူက မျက်လုံးများ

ဖြည်းညင်းစွာ မှိတ်ထားကာ

သူ့ရှေ့ရှိအဘိုးအိုလည်း

မျက်လုံးများမှိတ်ထားသည်။

ပတ်ဝန်းကျင်သည် ရုတ်တရက်

တိတ်ဆိတ်သွားသည်။ သို့မဟုတ်

သေမင်းတမန်အလား

တိတ်ဆိတ်သွားခြင်းဟု

သတ်မှတ်သင့်သည်။ ပတ်ဝန်းကျင်သည်

အေးခဲသွားသလိုပင်။

ခဏအကြာတွင် အဘိုးကြီးက

သူ့လက်များကို ဆန့်ပြီး

တင်းတင်းကျပ်ကျပ်ဖိလိုက်သည်။

ပတ်ဝန်းကျင်ကမ္ဘာသည် ချက်ချင်းပင်

တုန်လှုပ်သွားကာ အားကောင်းလှသော

သဘာဝအော်ရာလှိုင်းကြီး

အဘက်ဘက်မှ လွင့်ပျံလာသည်။

သဘာဝတရား၏စစ်မှန်သောစွမ်းအား။

ဤအခိုက်အတန့်တွင်

အနှောင်အဖွဲ့ကင်းမဲ့သူသည် လောကကို

တိုက်ခိုက်နေပုံရသည်။ သို့သော်

လက်မအရွယ်

ကျောက်တုံးလေးတစ်တုံးပေါ်လာပြီး

ရှေ့သို့ ပစ်ခတ်လိုက်သည်။

ကျောက်တုံးပျံသန်းလာသည်နှင့်အမျှ

၎င်း၏အရှိန်က တိုးလာကာ

ဓားစွမ်းအင်များ

တစ်ဖျတ်ဖျန်လက်လာသည်။

ဓားစွမ်းအင်က ကြမ်းတမ်းမနေဘဲ

နူးညံ့သိမ်မွေ့နေပုံရသည်။ သို့သော်

၎င်းသည် သဘာဝတရား၏အရှိန်အဝါကို

အသာအယာပင် ဖြတ်ကျော်သွားခဲ့သည်။

ဤအချိန်တွင် အဘိုးကြီး၏

မျက်လုံးများ ရုတ်တရက် ပွင့်လာကာ

တုန်လှုပ်ခြောက်ခြားနေသော

အမူအရာများပေါ်လာသည်။

တစ်ချိန်တည်းတွင်

အနှောင်အဖွဲ့ကင်းမဲ့သူက

မျက်လုံးဖွင့်ကာ ရုတ်တရက်

ထွက်သွားခဲ့သည်။ သူ့နောက်ကွယ်မှ

အဘိုးကြီး၏အသံ ရုတ်တရက်
ထွက်ပေါ်လာသည်။

“မင်းရဲ့ ဓားတာအိုက
ဒီလိုအဆင့်ရောက်ဖို့ ငါဘယ်လိုမှ
မမျှော်လင့်ထားဘူး”

အနှောင်အဖွဲ့ကင်းမဲ့သူက
ဘာမှပြန်မပြောဘဲ ရှေ့ကိုသာ
ဆက်လျှောက်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်
အဘိုကြီးအမြင်အာရုံထဲမှ
ပျောက်သွားခဲ့လေသည်။

ယန်ယဲ့သည် ဤမြင်ကွင်းကို ကြည့်ရင်း
အချိန်တော်တော်ကြာသည်အထိပင်
မလှုပ်မယှက်ဖြစ်နေခဲ့သည်။
ခဏအကြာတွင် မြင်ကွင်းက
ရပ်တန့်သွားသည်။ ယန်ယဲ့သည်
မူလအခြေအနေသို့ ပြန်ရောက်လာ၏။

အဘိုးကြီးက “မင်းဘယ်လိုထင်လဲ…”

ဟုမေးလိုက်သည်။

ယန်ယဲ့က “အရမ်းသန်မာတယ်”

အဘိုးကြီးက

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

“သူ့များတာအိုက နှလုံးသားစားရဲ့

အထွတ်အထိပ်(စားနှလုံးသားအထွတ်အ

ထိပ်)မှာရှိတယ်။ ဘာမဆို
သွားဖြစ်နိုင်တယ်။ ဟုတ်တယ်၊ အဲ့ဒါက
ထင်သလောက်မရိုးရှင်းဘူး။
ငါဆိုလိုတာကို
မင်းနားလည်မှာသေချာတယ်”

ယန်ယဲ့က ခေါင်းညိတ်သည်
“ငါနားလည်ပါတယ်”

အရာအားလုံးကို

ဓားတစ်ချောင်းဖြစ်အောင်ဖန်တီးခြင်းမှာ

အခြားအရာများကို

ဓားအဖြစ်အသုံးပြုရုံသာမဟုတ်ပေ။

ဥပမာအနေဖြင့် သူသည် ကျောက်တုံးကို

ဓားအဖြစ်အသုံးပြုနိုင်သော်လည်း။

၎င်းသည် မည်မျှသန်မာသနည်း။

သာမန်လူတစ်ယောက်အပေါ်တွင်

သန်မာနေသည်မှာသေချာပါသည်။

သို့သော်လည်း သူသည်

အဆင့်တူတစ်စုံတစ်ဦးကို တိုက်ခိုင်ပါက

ကိုယ့်သေတွင်းကိုယ်တူးသလိုပင်။

ထိုပြင် ဓားအဖြစ်သုံးသော

ကျောက်တုံးက ခွန်အားမပြသနိုင်လျှင်

သူ၏ခွန်အားကို မခံနိုင်သောကြောင့်ပါ။

အမှန်တော့ ကျောက်တုံးမှာ

ကျောက်တုံးသာဖြစ်သည်။ ၎င်း၏

ခံနိုင်ရည်မှာ အကန့်အသတ်ရှိခဲ့သည်။

သို့သော်

အနှောင်အဖွဲ့ကင်းမဲ့သူ၏လက်ထဲမှ

ကျောက်တုံးက သူ၏ခွန်အား အပြည့်ကို

လက်ခံထားနိုင်သည်။ ထိုအရာက

သူနှင့်အနှောင်အဖွဲ့ကင်းမဲ့သူ အကြားရှိ

ကွားခြားချက်ပင်။

အနှောင်အဖွဲ့ကင်းမဲ့သူက ပို၍

သာလွန်ကောင်းမွန်သော

အခြေအနေနှင့်ဖြစ်စဉ်ကို

ရှင်းရှင်းလင်းလင်း ကျွမ်းကျင်ခဲ့သည်။
သို့မဟုတ် အနှောင်အဖွဲ့ကင်းမဲ့သူ၏
ဓားတာအိုက အဆင့်ကြီးတစ်ခုအထိ
ရောက်ရှိနေပြီးဟု ပြောရပေမည်။

ဤနိုင်းယှဉ်မှုသည် ယန်ယဲ့သွားနေသည့်
ဦးတည်ချက်(တာအိုလမ်းကြောင်း)ကို
ရှင်းရှင်းလင်းလင်း သိမြင်စေခဲ့သည်။
မည်သို့ ရှေ့ဆက်လျှောက်သွားရမည်ကို
သဘောပေါက်သွားစေသည်။

ယန်ယဲ့ကသူ့အတွေးကို ထိန်းထားပြီး

အဘိုးကြီးကို လက်သီးဆုပ်ပြကာ

“ကျေးဇူးတင်ပါတယ် အကြီးအကဲ”

အဘိုးကြီးက ပြုံးပြီး

“လက်ရှိကောင်းကင်အင်ပါယာအရှင်က

ဘယ်သူလဲ...” ဟုမေးလိုက်သည်။

ယန်ယဲ့က “ငါမသိဘူး”

အဘိုးကြီးက “မင်းမသိဘူးလား...”

အဘိုးကြီးက “မင်းဟာ

ငါ့ကောင်းကင်မျိုးနွယ်ရဲ့

အုပ်ထိန်းသူဖြစ်သလို တာအိုလမ်းစဥ်ရဲ့

ဆက်ခံသူဖြစ်နေတယ်”

ထိုအချက်ကိုပြောသောအခါ ရုတ်တရက်

မျက်မှောင်ကြုတ်သွားသည်။

ယန်ယဲ့က "ဘာလဲ..."

အဘိုးကြီးက

ခေါင်းကိုအနည်းငယ်ခါယမ်းကာ

"မေ့လိုက်ပါ အဲ့ဒါကို ငါစိုးရိမ်စရာ ဘာမှ

မရှိပါဘူး။ မင်းကို ပထမမျိုးဆက်

ကောင်းကင်အင်ပါယာအရှင်က

ရွေးချယ်လိုက်တာဆိုတော့

ငါ့ကောင်းကင်မျိုးနွယ်ကို

မထိခိုက်စေမှာတော့ သေချာတယ်”

ထိုနောက် သူက

အလင်းလုံးလေးတစ်လုံးကို ယန်ယွဲ့ဆီသို့

ပစ်ပေးလိုက်သည်။

ယန်ယွဲ့က “ဒါက ဘာလဲ…”

အဘိုးကြီးက “ဒါက ငါ့အမွေအနှစ်ပဲ...။

မင်းငါ့ကောင်းကင်မျိုးနွယ်ထဲက

ညာဏ်ကြီးရှင် တစ်ယောက်ယောက်ကို

ပေးနိုင်လိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်”

ကောင်းကင်မျိုးနွယ်မှ

တစ်စုံတစ်ယောက်ကို ပေးလိုက်ပါ။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၈၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က

အဖြူရောင်အလင်းလုံးကိုယူကာ

''စိတ်မပူပါနဲ့ အကြီးအကဲ။

အမွေအနှစ်အတွက်

ထူးချွန်တဲ့ညဏ်ကြီးရှင်တစ်ယောက်ကို

ရွေးချယ်ပြီး သေချာလွှဲပေးလိုက်မယ်''

အဘိုးကြီးက ပြုံးပြီး ''

ငါမင်းကိုယုံတယ်'' ထို့နောက်

သူ့လက်ချောင်းကိုထပ်ပြီးပွတ်ဆွဲလိုက်

ရာ

အနက်ရောင်သိုလှောင်လက်စွပ်တစ်ကွင်း

က ယန်ယွဲ့ရှေ့တွင်ပေါ်လာသည်။ သူက

''ငါ့နွားက

အဲဒါပိုင်တဲ့သူနောက်ကိုလိုက်သွားလိမ့်မ

ယ်။ ငါက နတ်ဆိုးကမ္ဘာမှာရှိနေခဲ့တယ် ။

ဒီနေရာမှာရှိတဲ့ နတ်ဆိုးတွေ

ငါ့အမွေအနှစ်ကိုသိမ်းယူဖို့ခွင့်မပြုနိုင်ဘူး

။ မင်းက ငါ့အော်ရာကိုသုံးနိုင်တယ်။

ဒါဟာမင်းကို

အန္တရာယ်ကင်းကင်းနဲ့ထွက်သွားဖို့အခွင့်

အရေးအများကြီးရှိလိမ့်မယ်။ ဒါပေမဲ့

မင်းနတ်ဆိုးကမ္ဘာကနေထွက်သွားပြီးတာ

နဲ့ သူကမင်းနဲ့အတူနေဖို့ငြင်းဆန်ခဲ့ရင်
လွှတ်ပေးမယ်လို့ကတိပေးပါ
အဆင်ပြေလား''

ယန်ယဲ့က ခေါင်းညိတ်ပြီး ''ကောင်းပါပြီ''
အဘိုးကြီးကပြုံးပြီးဆက်သွားပါ။
ယန်ယဲ့သည်
အဘိုးကြီးအားလက်သီးနှစ်ဖက်ဆုပ်ပြီး
အရိုအသေပေးကာ
တဲအိမ်လေးထဲမှထွက်လာခဲ့သည်။

ယန်ယဲ့ထွက်သွားသည်နှင့်တစ်ပြိုင်နက်တဲအိမ်တစ်ခုလုံးတိတ်ဆိတ်မှုနှင့်သာပြည့်သွားသည်။

အဘိုးကြီးက ''တကယ့်ကိုစိတ်ခံစားချက်မရှိတာ ငါမြင်နေရတယ်'' ဟုတိုးတိုးလေးပြောခဲ့သည်။ စကားပြောပြီးနောက် အဘိုးကြီး၏ပုံရိပ်ကတဖြည်းဖြည်းပျောက်ကွယ်သွားတော့သည်။

ပညာရှင်တစ်ပါး ဤလောကမှ

အမှန်တကယ်ပျောက်ကွယ်သွားပေသည်

။ ခြေရာလက်ရာပင်မကျန်ခဲ့ပေ။

ယန်ယဲ့သည်

တဲအိမ်လေးထဲမှထွက်လာပြီးနောက်

သက်ပြင်းရှည်ကြီးချလိုက်သည်။

ပညာရှင်များတောင်သေဆုံးနိုင်သည်။

လူတိုင်းဟာ ဘဝတစ်လျှောက်လုံး

တစ်နေ့နေ့တစ်ချိန်ချိန်တွင်

ထိုအတိုင်းခံစားရမည်ဟု ခံစားမိခဲ့သည်။

ထာဝရသက်တမ်း။

ထာဝရသက်တမ်းကို

မည်သူကပိုင်ဆိုင်နိုင်မည်နည်း။ထူးခြား

ဆန်းကျယ်သောကျင့်ကြံသူများက

သက်တမ်းပိုရှည်လျားရုံသာဖြစ်သည်။

ယန်ယွဲ့သည်သူ့အတွေးများကိုထိန်းကာ

တောင်ကုန်းပေါ်မှဆင်းလာခဲ့သည်။

ယန်ယဲ့က

သို့လျှောင်လက်စွပ်ကိုစွပ်ကြည့်လိုက်ပြီး

အရှုးဆေဘာနှင့်တခြားလူတိုင်းစီထွက်

သွားခဲ့သည်။

အရှုးဆေဘာက ''မင်းရသွားပြီလား''

အရှုးဆေဘာ၏အေးစက်စက်မျက်နှာ

ပေါ်တွင်

အပြုံးအနည်းငယ်ပေါ်လာသည်။ ''

မင်းရမယ်ဆိုတာ ငါသိတယ်

လာ...ငါမင်းကို

နတ်ဆိုးကမ္ဘာကနေလိုက်ပို့ပေးမယ်''

ယန်ယဲ့က

ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်ပြီး

''ငါကိုယ်တိုင်ပဲထွက်သွားမယ်''

အရှူးဆေဘာက

သိသိသာသာမကျေမနပ်ဖြစ်သွားသည်။

'' ဘာလဲ''

ယန်ယဲ့ကပြုံးပြီး '' ငါက ဓားသမားလေ

ငါထွက်သွားချင်ရင်

ဘယ်သူမှတားလို့ရမှာမဟုတ်ဘူး

မင်းငါ့နဲ့လိုက်ခဲ့မယ်ဆိုရင်

အဆုံးအစမဲ့တဲ့ဒုက္ခတွေနဲ့ရင်ဆိုင်ရလိမ့်မ

ယ် မင်းလည်း အဲဒီလိုမထင်ဘူးလား ''

အရှူးဆေဘာက တိတ်ဆိတ်သွားသည်။

ယန်ယဲ့က အရှူးဆေဘာ၏ ပခုံးကို

အသာအယာပုတ်ကာ ''

နတ်ဆိုးတစ်သန်းတောင်

ငါ့ကိုမတားနိုင့်ခဲ့ဘူး။ အခုက

ဘာဖြစ်လို့လဲ။ စိတ်မပူပါနဲ့၊

ဘယ်သူကမှငါ့ကိုတားလို့မရဘူး။

ငါတခြားသူတွေကိုပြောထားသလိုပဲ၊

ငါတို့အတူတူပြန်ဆုံကြမယ်''

အရှူးဆေဘာက ခေါင်းညိတ်ပြီး

''ကောင်းပြီ သတိထားပါ''

ယန်ယဲ့က ပြုံးပြီး '' တစ်နေ့နေ့မှာ

ငါတို့ပြန်ဆုံကြမယ် ''ဟုပြောပြီး

အဝေးဆီသို့ပျောက်ကွယ်သွားသည်။

အရှူးဆေဘာက ''

သူ့ကိုစောင့်ကြည့်ပေးဖို့အတွက်

ငါ့လူတွေကိုစေလွှတ်ပေးဖို့

အဖေ့ကိုအကြောင်းကြားလိုက် သူ့ကို
လုံလုံခြုံခြုံနဲ့ထွက်သွားစေချင်တယ်''

မင်ချီက ''အစ်ကိုကြီး၊
အစ်ကိုယန်ရဲ့လက်ရှိခွန်အားနဲ့ဆို
ပြဿနာမဖြစ်သင့်ဘူးမဟုတ်လား ''

အရှုးဆေဘာက မင်ချီကို စိုက်ကြည့်ရင်း
''မင်းကို ငါပြောတဲ့အတိုင်းလုပ်ပါ''

မင်ချီက

နှုတ်ခမ်းများကိုကိုက်ထားသော်လည်း

တခြားဘာမှမပြောဝံ့ဘဲထွက်သွားသည်။

အရှူးဆေဘာက

ယန်ယွဲ့ထွက်ခွာသွားသောလမ်းကြောင်း

ကိုလှမ်းမျှော်ကြည့်ရင်း "အဲဒီလောက်

မရိုးရှင်းမှာပဲကြောက်မိတယ်"

ယန်ယွဲ့သည်

တောင်ပေါ်မှထွက်လာပြီးသည်နှင့်

မိုးကုတ်စက်ဝိုင်းသို့ရောက်လာခဲ့သည်။

အနှောင်အဖွဲ့ကင်းမဲ့သူတိုက်ခိုက်ခဲ့သော

နေရာပင်ဖြစ်သည်။ တစ်ချိန်တည်းတွင်

ရင်းနှီးသော်လည်း မရင်းနှီးသလိုပင်။

မဟာတာအိုသုံးထောင်ထဲတွင်

ငါ့ဓားတာအိုက အမြင့်မြတ်ဆုံးတာအိုပဲ။

ယန်ယွဲ့ကခေါင်းခါပြီး ပြုံးလိုက်သည်။

ဘယ်လိုစိတ်သဘောထားမျိုးပါလိမ့်။

ဤအချိန်တွင်

ယန်ယဲ့၏နောက်ကျောပေါ်မှ

လူပေါင်းတစ်ဒါဇင်ခန့်ပေါ်လာသည်။

လင်းထန်

လောင်ဖန်းနှင့်ရှုရှဲ့တို့ဦးဆောင်လာသည်။

ယန်ယဲ့ကလှည့်ကြည့်လိုက်သည်။

လောင်ဖန်းက ပြုံးပြီး၏ ''ဂုဏ်ယူပါတယ်

အစ်ကိုယဲ့''

ယန်ယဲ့ကပြုံးပြီး ''ကျေးဇူးတင်ပါတယ် ''

ဤအချိန်တွင် လောင်ဖန်း၏မျက်နှာက

အေးစက်သွားသည်။ ''အစ်ကိုယဲ့၊

အမွေအနှစ်ကိုထားခဲ့လိုက်ပါ။

ဒီလိုဆိုမင်းထွက်သွားလို့ရမယ်

ဘယ်လိုထင်လဲ ''

ယန်ယဲ့၏အပြုံးက

သူ့မျက်နှာပေါ်တွင်ကျန်နေခဲ့သော်လည်း

''သခြင်းတရားဆိုတဲ့စကားလုံးကို

ဘယ်လိုရေးရလဲ မင်းသိလား။

မင်းငါ့ကိုသင်ပေးစေချင်တာလား''

ယန်ယဲ့ပြောသောစကားကိုကြားသည့်အ

ခါ ''

လင်းထန်နှင့်လောင်ဖန်း၏မျက်နှာက

မှုန်ကုပ်သွားသည်။

လောင်ဖန်း၏နှုတ်ခမ်းထောင့်မှ

အေးစက်စက်အပြုံးတစ်ခုပေါ်လာကာ

''အစ်ကိုယ့်၊

မင်းဒီလောက်ယုံကြည်မှုရှိသလား''

ယန်ယဲ့ကပြုံးပြီး

''မင်းစမ်းကြည့်ရင်သိမှာပဲမဟုတ်ဘူး

လား ''

လောင်ဖန်းက ထပ်ပြောချင်သောလည်း

လင်းထန်ကဆက်ပြောလိုက်သည်။

''ကောင်းပြီ

မင်းဒီလောက်ယုံကြည်မှုရှိတော့စမ်းကြ

ည့်လိုက် လာခဲ့'' စကားပြောပြီးနောက်

ယန်ယွဲ့ရှေ့တွင်

လှံတစ်ချောင်းပေါ်လာကာ

ဆတ်ခနဲထိုးလိုက်သည်။

ယန်ယွဲ့ကသူ့လက်ကိုမြှောက်ပြီးထိုးလိုက်

ရုံသာ ''ဘုန်း...''

လင်းထန်က မီတာ ၃၀၀

အကွာသို့လွင့်ထွက်သွားသည်။

လောင်ဖန်းနှင့်တခြားလူများ

မျက်နှာပျက်သွားကြသည်။

သူတို့တိုက်ခိုက်ရန်ပြင်လိုက်စဉ်ဓားစွမ်း

အင်များ ရုတ်တရက် သူတို့အဖွဲ့ဆီသို့

ဆင်းသက်လာကာ

တိုက်ခိုက်လိုက်သည်။ ''ဘုန်း…''

လောင်ဖန်းကလှည့်ကြည့်လိုက်ရာ

အရှုးဆေဘာ သူ၏ညီနှင့်

အခြားနတ်ဆိုးအဖွဲ့ဝင်တစ်ယောက်

လျှောက်လာနေသည်ကိုမြင်လိုက်ရသည်
။ ယန်ယဲ့က
ခေါင်းယမ်းကာပြုံးလိုက်သည်။ ဤလူက
နောက်ဆုံးတွင်ရောက်လာနေတုန်းပါ။

အရှုးဆေဘာက ယန်ယဲ့ဆီရောက်လာပြီး
လောင်ဖန်းတို့အဖွဲ့ကိုစိုက်ကြည့်လိုက်သ
ည်။ ''သူတို့ကိုငါ့ဆီထားခဲ့
မင်းအရင်ထွက်သွားလိုက်'' ယန်ယဲ့က
တစ်ခုခုပြောချင်သော်လည်း

အရှုးဆောဘာက ''ကောင်းပြီ
သူတို့အတွက် အချိန်ဖြုန်းမနေနဲ့ ရှေ့မှာ
စောင့်နေတဲ့ပြိုင်ဘက်တွေကိုဒီထက်
တောင်အားကောင်းအိုးမယ်''

ယန်ယဲ့က '' ကောင်းပြီး ဂရုစိုက်ပါ ''
ထို့နောက်အလင်းတန်းတစ်ခုအဖြစ်ပြော
င်းကာ ကောင်းကင်သို့ပျံတက်သွားသည်။
''သူ့ကိုမလွှတ်စေနဲ့'' လောင်ဖန်းက
ရုတ်တရက် ပြောလိုက်သည်။

သို့သော် အရှုးဆေဘာက

လောင်ဖန်း၏အဖွဲ့ရှေ့တွင်ပေါ်လာခဲ့သည်

။ ဤအချိန်တွင် လင်းထန်က

အရှုးဆေဘာထံလျှောက်လာကာ

''အစ်ကိုအရှုးဆေဘာ

ဒီလိုလုပ်တာမမှန်ဘူးမလား''

အရှုးဆေဘာက ''လင်းထန်

ငါတို့အရင်ကပူးပေါင်းထားလို့

ငါမင်းကိုတစ်ခုပြောလိုက်ပါရစေ။

ရပ်လိုက်သင့်ပြီ အခုရပ်လိုက်မယ်ဆိုရင်

မင်းရှေ့မှာ

ကြီးကျယ်ခမ်းနားတဲ့အနာဂတ်တစ်ခုရှိနေ

လိမ့်မယ်''

လင်းထန်က

အေးစက်စွာရယ်မောလိုက်ပြီး

''စွန့်လွှတ်လိုက်တာက ငါ့ပုံစံမဟုတ်ဘူး''

အရှူးဆေးဘာက

''ဒါဆိုတိုက်ခိုက်လိုက်ရအောင်''စကား

ပြောပြီးသည်နှင့်

သူ၏လက်ထဲမှဓားရှည်ကိုတင်းတင်းကြ

ပ်ကြပ်ဆုပ်ကိုင်ထားလိုက်သည်။

......

ယန်ယွဲ့သည်

အရှူးဆေးဘာ၏ခွန်အားကိုယုံသောကြော

င့်ဆက်မနေခဲ့ပေ။ အရှူးဆေးဘာက

သေဆုံးခြင်းကမ္ဘာမှဆင်းသက်လာသူဖြစ်ရာ လင်းထန်နှင့်တခြားသူများယှဉ်နိုင်သူမဟုတ်ပေ။

လက်ရှိမှာ သူ၏ရည်ရွယ်ချက်က ကောင်းကင်ကမ္ဘာသို့ပြန်သွားပြီး ယုကျင်းကို ကယ်တင်ရန်သာ။

သို့သော် ယန်ယဲ့က ရုတ်တရက် ရပ်လိုက်ပြီး ရှေ့ကိုကြည့်လိုက်ကာ

''ကိုယ့်ကိုယ်ကိုယ် ပြုပါ'' ထိုနေရာသည်
တုန်လှုပ်သွားပြီး
ဓားကိုင်ထားသောအမျိုးသမီးငယ်တစ်
ယောက်ပေါ်ထွက်လာသည်။ ယန်ယွဲ့က
မျက်မှောင်ကြုတ်ပြီး
''မင်းပဲဖြစ်နေတာလား''

ထိုအမျိုးသမီးက အားရှဲ့ပင်။ သူမက
ယန်ယွဲ့ကိုငုံ့ကြည့်ကာ
''နင့်မှာပညာရှင်အမွေအနှစ်ရှိတယ် ''

ယန်ယွဲ့ကခေါင်းညိတ်သည်။ ''တကယ်ပဲ၊ ဘာလဲ... မင်း ငါ့ဆီက လုယက်ချင်လို့လား''

သူမက ခဏမျှငြိမ်သွားပြီး ''ငါကြိုးစားကြည့်ချင်တယ်ဟုပြန်ဖြေသည်။ ယန်ယွဲ့က ''ဒါဆိုကြိုးစားကြည့်လိုက် ''

အားရှဲ့က ဘာမှပြန်မပြော။

သူမ၏လက်ကောက်ဝတ်ကိုလှုပ်ခါလိုက်

ရုံဖြင့် ဓားစွမ်းအင်တစ်စင်းက

လေထုကိုကျော်ဖြတ်လျက်

ယန်ယွဲ့ဆီသို့တိုးဝင်လာသည်။

ယန်ယွဲ့ကဓားမသုံးပေ။

သူ၏လက်သီးဖြင့်ရှေ့ကိုလှမ်းထိုးလိုက်

သည်။

''ဘုန်း...'' ဓားစွမ်းအင်က

ချက်ချင်းပေါက်ကွဲသွားသည်။

ဤအချိန်တွင် ယန်ယဲ့၏မျက်လုံးများ

အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူ့

ခြေဖျားကိုဆောင့်ကာ

မီတာသုံးဆယ်အကွာသို့ခုန်ထွက်သွားသ

ည်။ သို့သော်

သူလည်းချောင်းကိုထိတွေ့လိုက်ရာ

သူ့လက်ချောင်းတွင်

သွေးအနည်းငယ်ပေကျံနေသည်။

''သွေးထွက်သွားတာလား'' ယန်ယဲ့က

အားရှဲ့ကိုမော့ကြည့်လိုက်သည်။

''မင်းကအရမ်းမြန်တာပဲ''

အားရှဲ့က ''နင့်ရဲ့တုန့်ပြန်မှုက

အရမ်းလျင်တယ်

ဒါပေမဲ့နောက်တစ်ကြိမ်တော့

နင်ဒီလောက်ကံကောင်းမှာမဟုတ်ဘူး''

စကားဆုံးသည်နှင့်

သူမ၏ခြေထောက်ကိုဆောင့်ကာ

အလင်းတန်းတစ်ခုအဖြစ်

ယန်ယွဲဆီသို့ခုန်ဝင်လာသည်။ထိုခဏ

လေးမှာပဲ

ဓားတစ်ချောင်းကယန်ယွဲ၏နဖူးရှေ့တွင်

ရုတ်တရက်ရောက်လာသည်။

သို့သော်လက်ချောင်းနှစ်ချောင်းက
ညှပ်ထားသဖြင့်ရှေ့တက်မတိုးနိုင်ခဲ့ပေ။

မျက်လုံးခြင်းဆုံပြီး အားရှဲ့က
သူမ၏ဓားကိုဆတ်ခနဲလှည့်လိုက်သည်။
ယန်ယဲ့က ချက်ချင်းလွှတ်လိုက်
သော်လည်း
ဓားကလမ်းကြောင်းပြောင်းကာ
သူ၏နဖူးဆီသို့ထိုးသွင်းလာသည်။
အားရှဲ့ကလျင်လျင်မြန်မြန်တုံ့ပြန်ခဲ့သည်

။ အားရှဲ့က သူ့မကိုယ်ကိုလိမ်ပြီး

အလျားလိုက်ထိုးသွင်းလိုက်ပြန်သည်။

ဤအချိန်တွင်ယန်ယွဲ့၏ပုံရိပ်က

နောက်ကိုဆက်တိုက်ဆုတ်သွားကာ

အားရှဲ့၏အသေသတ်တိုက်ကွက်ကိုရှော

င်သိမ်းလိုက်သည်။

ထိုအတိုင်းပင်တစ်ယောက်ကတိုက်ခတ်

ပြီး တစ်ယောက်ကခုခံနေသည်။

ဆယ်ငါးမိနစ်ခန့်ကြာသောအခါ

အားရှဲ့ကရုတ်တရက်ရပ်သွားသည်။

သူမက ယန်ယဲ့ကိုကြည့်ပြီး

''ဘယ်လိုလဲ''ဟုမေးလိုက်သည်။

ယန်ယဲ့ကခေါင်းခါလိုက်သည်။

''မင်းငါ့ဆီကအမွေအနှစ်ကိုမယူနိုင်ဘူး''

''ငါ့ရဲ့နောက်ဆုံးတိုက်ခိုက်မှုကိုရင်ဆိုင်ပါ'

' အားရှဲ့က ရုတ်တရက်

ယန်ယဲ့ဆီသို့ရောက်လာပြီး

ဓားကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်ခု

တ်ချလိုက်သည်။ ယန်ယဲ့သည်

ရုတ်တရက်

မျက်မှောင်ကြုတ်လိုက်သည်။

သို့သော်နောက်ဆုတ်ကာ

လက်သီးဖြင့်ထိုးချလိုက်သည်။

ဤအချိန်မှာပင် ဓားတစ်ချောင်းက

သူ၏လက်သီးကိုပိုင်းချလိုက်သည်။

''ဘုန်း...''

ပေါက်ကွဲသံထွက်လာပြီး ယန်ယဲ့သည် နောက်သို့အကြိမ်ကြိမ်လွင့်ထွက်သွားခဲ့သည်။ ဤအချိန်တွင် နောက်ထပ်ဓားတစ်ချောင်းက သူ့အားခုတ်ပိုင်းလာသည်။ ဓားကသူ့နောက်တွင်အမြဲရှိနေသလိုပင်ဖြစ်သည်။ ယန်ယဲ့တို့ပြန်မှုက မနှေးကွေးပေ။

သူ၏ညာခြေကိုဆောင့်ကာ
ခန္ဓာကိုယ်ကိုအဆက်မပြတ်လှည့်ပြီး
လက်သီးဖြင့်ထိုးချလိုက်သည်။

''ဘုန်း...''

ဓားကအပိုင်းပိုင်းကွဲထွက်သွားသည်။
သို့သော် တစ်ချိန်တည်းမှာပင် ယန်ယွဲ့၏
ညာဘက် ဘယ် ရှေ့နှင့်နောက်တွင်
ဓားတစ်ချောင်းစီပေါ်လာပြန်သည်။

အားလုံးက

သူ့ခေါင်းပေါ်ဆင်းလာကြသည်။

ယန်ယဲ့သည်မျက်နှာပျက်သွားသည်။

အချိန်ခဏအကြာတွင်သူ၏ညာလက်ကို

ဆန့်လိုက်ရာ

နဂါးလက်သည်းတစ်ဖက်ပေါ်လာသည်။

ထို့နောက်နဂါးလက်သည်းကိုမြှောက်ကာ

ရမ်းချလိုက်သည်။

''ဘုန်း...ဘုန်း...ဘုန်း...''

ပေါက်ကွဲသံများကျယ်လောက်စွာထွက်ပေါ်လာသည်။
ဓားများပျောက်ကွယ်သွားခဲ့သည်။
အားရှဲ့က ဆက်ပြီးမတိုက်ခိုက်တော့ပေ။
သူမက ယန်ယွဲ့ကိုစိုက်ကြည့်ရင်း
''နင်ဆက်ပြီးထိန်းထားဦးမလား''

''ထိန်းထားရဦးမလား''
ယန်ယွဲ့ကရယ်မောပြီး ''

မိန်းကလေးအားရှဲ့ မင်းက လောင်ဖန်းတို့

စုရှဲ့တို့နဲ့မတူဘူး

တကယ်ကိုအရည်အချင်းရှိတယ်

မဟုတ်ရင်မင်းအလောင်းဖြစ်သွားနေ

လောက်ပြီ ထားလိုက်ပါ

ငါပညာရှင်အမွေအနှစ်အပြင်

ငါတခြားလုပ်စရာရှိသေးတယ်''

ယန်ယွဲ့ကလှည့်ထွက်သွားသည်။

အားရှဲ့က ရုတ်တရက် ''နင်က ဘယ်သူလဲ''ဟုမေးလိုက်သည်။ သို့သော် ယန်ယဲ့က ပြန်မဖြေဘဲ ကောင်းကင်ယံထက်တွင်ပျောက်ကွယ်သွားခဲ့သည်။ အားရှဲ့က နေရာတွင် အချိန်အတော်ကြာတိတ်ဆိတ်နေခဲ့သည်။ ''သူက ငါ့လှုပ်ရှားမှုတိုင်းကို အသာလေးခြေဖျက်နိုင်တယ်

ယွဲ့ယန်...ယန်ယွဲ့ '' သူမ၏မျက်လုံးများက ဖျတ်ခနဲပြူးပြဲသွားသည်။

ဤအချိန်တွင် သူမက ယန်ယွဲ့၏ကိုယ်ပိုင်လက္ခဏာကိုခန့်မှန်းမိခဲ့ပါသည်။ ဤအချိန်တွင် ယန်ယွဲ့သည်အဝေးသို့ပင်ရောက်နေပေသည်။

Translated By NyiNyiSoe

May Be:

..အပိုင်း ၂၃၈၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင် ယန်ယဲ့သည်

အတော်ဝေးဝေးသို့ပင်

ရောက်နေပြီးဖြစ်သည်။ ယန်ယဲ့သည်

နတ်ဆိုးကမ္ဘာ၏ဂိတ်တံခါးသို့ပင်
ရောက်လာသည်။

သူ့နောက်ကနေ အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။ "ညီငယ် မင်းက
ဒီအတိုင်း ထွက်သွားတော့မှာလား..."

ယန်ယဲ့က ရပ်တန့်လိုက်ပြီး
လှည့်ကြည့်လိုက်သည်။ သူ့နောက်တွင်
အဘိုးကြီးတစ်ယောက် ပေါ်လာသည်။

အဘိုးကြီးက ခေါင်းတစ်ခုလုံး ဆံပင်များ

ဖြူဖွေးနေတာကာ မြေပြင်ပေးအထိ

ကျဆင်းနေသော

မုတ်ဆိတ်မွေးရှည်ကြီးရှိနေသည်။

ယန်ယဲ့က "နတ်ဆိုးမျိုးနွယ်လား..."

ဟုမေးလိုက်သည်။

အဘိုးကြီးက အနည်းငယ်

ခေါင်းညိတ်ကာ "မှန်ပါတယ်"

ယုန်ယဲ့က ပြုံးပြီး “ဘာလဲ နတ်ဆိုးမျိုးနွယ်က ဒါကို နတ်ဆိုးကမ္ဘာကနေ လွှတ်မပေးလိုက်ချင်ဘူးလား…”

အဘိုးကြီးကပြုံးပြီး “တကယ်တော့မဟုတ်ဘူး။ ငါတို့က ကောင်းကင်မျိုးနွယ်ရဲ့ လက်ထဲကို မကျရောက်စေချင်ရုံပဲ”

ယန်ယဲ့က "အကြီးအကဲ ငါက
လူသားမျိုးနွယ်ဆိုတာကို
မင်းမြင်နိုင်တယ်ဆိုတာတော့
သေချာပါတယ်"

အဘိုးက ယန်ယဲ့ကို အချိန်အတော်ကြာ
စိုက်ကြည့်နေရင်း "ညီငယ်
ငါ့မျိုးနွယ်ထဲက ဂျူနီယာတစ်ယောက်က
အဲ့ဒါကို လိုချင်နေတယ်

ဒါကြောင့်မင်းခွဲဝေပေးဖို့
ဆန္ဒရှိသလားလို့ တွေးမိတယ်။
ဟုတ်တယ် ငါမင်းဆီကနေ
အလကားမယူပါဘူး။ မင်းငါ့ကို
ပေးမယ်ဆိုရင် သေချာပေါက်
ကျေးဇူးဆပ်မယ်။ အဆင်ပြေလား...”

“ကျေးဇူးဆပ်မှာလား...”

ယန်ယဲ့သည် အဘိုးကြီးကို
ခဏစိုက်ကြည့်ပြီး
တဟားဟားရယ်မောလိုက်သည်။

ထိုနောက် “ဈာန်တစ်ပါးရဲ့ ကျေးဇူးက
သေးငယ်တဲ့အရာတော့မဟုတ်ဘူး။
ဒါပေမဲ့ စိတ်မကောင်းပါဘူး
ငါဟာမင်းကိုမပေးနိုင်ဘူး။ ဒါကြောင့်
မင်းက နောက်ထပ် ပညာရှင်ရဲ့

အမွေအနှစ်ရဲ့

အမွေအနှစ်ကိုရှာသင့်တယ်”

အဘိုးကြီး၏ မျက်လုံးများ

အနည်းငယ်မှိတ်သွားကာ “ညီငယ်

အမွေအနှစ်က တန်ဖိုးကြီးပေမဲ့

မင်းဘဝက ပိုပြီး အဖိုးတန်တာ

မဟုတ်ဘူးလား...”

သိသာသော ခြိမ်းခြောက်မှုပင်။

ယန်ယဲ့ကပြုံးပြီး “မင်းငါ့ကို
ခြိမ်းခြောက်နေတာထင်တယ်”

အဘိုးကြီးက “မင်းကို ဒီလိုပဲ
ပြောရတော့မှာပေါ့”

ယန်ယဲ့သည် စကားထပ်မပြောတော့ပေ။
နေရာမှာတင် ဖျတ်ခနဲ
ပျောက်သွားသည်။ ထိုနောက်

အဘိုးကြီးရှေ့တွင် ရောက်နေခဲ့သည်။

ထိုနောက် တစ်ဆက်တည်း

ဓားဆွဲထုတ်ကာ ခုတ်ချလိုက်သည်။

ယန်ယဲ့ ရုတ်တရက် တိုက်ခိုက်လာသဖြင့်

အဘိုးကြီးက ထိတ်လန့်သွားခဲ့သည်။

သို့သော် သူ၏တုံ့ပြန်မှုက မနှေးကွေးပေ။

အလွန်လျင်မြန်ပါသည်။ ယန်ယဲ့

တိုက်ခိုက်လိုက်သည့်အခါမှာပင်

သူ့လက်ဝါးကို ဆန့်ပြီး ယန်ယဲ့၏ ဓားကို ပုတ်လိုက်သည်။

“ဘုန်း…”

ပေါက်ကွဲသံထွက်ပေါ်လာသည်။ နှစ်ယောက်စလုံး လူချင်းကွဲသွားကြပြီး တစ်ယောက်နဲ့တစ်ယောက် မီတာ (၃၀၀) ခန့်အကွာတွင် ရှိနေခဲ့သည်။ အဘိုးကြီးက သူ့လက်ဝါးကို

ငုံ့ကြည့်လိုက်သည်။ ဤအချိန်မှာ သူ့လက်ဝါးက အနည်းငယ်နက်သော ဓားဒဏ်ရာတစ်ချက်ရှိနေခဲ့သည်။ အဘိုးကြီး၏မျက်နှာက ချက်ချင်း မှုန်ကုပ်သွားသည်။ သူ့မျက်လုံးထဲတွင် လေးနက်သောအရိပ်အယောင်များ မြင်ရသည်။

သူက ယန်ယဲ့ကို မော့ကြည့်လိုက်ပြီး “ညီငယ် မင်းက ခွန်အားတွေအများကြီး

ဖုံးကွယ်ထားလိမ့်မယ်လို့

ငါမမျှော်လင့်ခဲ့ဘူး။ ဒါအပြင် မင်းက

ဓားသမားတစ်ယောက်တောင်

ဖြစ်နေတယ်”

ယန်ယဲ့က စကားမပြောပေ

သူ့လက်ဝါးကို မြှောက်လိုက်သည်နှင့်

ဓားတစ်ချောင်းပေါ်လာသည်။ ဓားက

သူ၏လက်ဝါးအလယ်တွင် လျင်မြန်စွာ

လည်ပတ်နေကာ

တလျှပ်လျှပ်တောက်ပနေသော

ဓားစွမ်းအင်များ အဆက်မပြတ်

ထွက်ပေါ်လာတော့သည်။ အဘိုးကြီး၏

အမူအရာက ထိုမြင်ကွင်းကို

မြင်သောအခါ လေးနက်လာသည်။

ဤအခိုက်အတန့်တွင် သူသည်

မမြင်နိုင်သော အန္တရာယ်ကို

ခံစားလိုက်ရသည်။

“သွားတော့”

ဤအချိန်တွင် ယန်ယဲ့၏အသံက
ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။
သူ့လက်ဝါးပေါ်ရှိ ဓားက
ပျောက်ကွယ်သွားခဲ့သည်။

မရဏဓားချက်။

ယန်ယဲ့ တိုက်ခိုက်လိုက်သည်နှင့်
ကောင်းကင်ယံသည် ချက်ချင်းပင်
မှိတ်ကျသွားသည်။ အဘိုးကြီးက
အံ့သြသွားသည်။ သို့သော်
အံ့သြနေဖို့အချိန်မရှိပေ။
သူ၏လက်ဝါးနှစ်ဖက်ကို ပူးကပ်လျက်
ရှေ့သို့ လျင်မြန်စွာ ပုတ်လိုက်သည်။

“ဘုန်း…”

မီတာ ရာချီသော အာကာသပြင်သည်

ပြင်းထန်စွာ တုန်ခါသွားပြီးနောက်

အဆုံးအစမဲ့သော အာကာသပြင်သည်

အက်ကွဲသွားသည်။

“ဆူး...ဆူး...”

အတန့်ကြာပြီးနောက် အဘိုးကြီးက

၁ကီလိုမီတာကျော်

အကွာတွင်ရှိနေသည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့်

လက်ဝါးနှစ်ဖက်လုံး တိတိယိယိ

ပြတ်တောက်နေခဲ့သည်။ ဤအချိန်တွင်

ယန်ယဲ့၏ လက်ဝါးပေါ်၌ နောက်ထပ်

ဓားတစ်ချောင်းပေါ်လာသည်။

အဘိုးကြီးက ယန်ယဲ့ကို

အမြန်မော့ကြည့်ကာ

အံ့အားသင့်ဟန်ဖြင့်“မင်း မင်းက

ယန်ယဲ့ပဲ”

ယန်ယဲ့က ဖုံးကွယ်မထားဘဲ
ခေါင်းညိတ်ပြလိုက်ပြီး "မှန်တယ်
ငါယန်ယဲ့"

အဘိုးကြီးက မီတာ(၃၀၀)ကျော်အကွာသို့
ထပ်မံရွှေ့လိုက်ပြီး "ညီငယ် ဒါက
နားလည်မှုလွဲနေတာ။ ဟုတ်တယ်
ငါတို့က တော်တော်လေးဆိုးတဲ့

နားလည်မှုပဲ” ဟု ကမန်းကတန်း

ပြောလိုက်သည်။

ယန်ယဲ့က အံ့အားသင့်သွားကာ

ဘာပြောရမှန်းပင် မသိတော့ပေ။

“နားလည်မှုလွဲနေတာလား…”

ယန်ယဲ့သည် နေရာတွင် ရပ်နေရင်း

အံ့အားသင့်သွားခဲ့သည်။

သူ့မျက်နှာတွင်လည်း ထူးဆန်းသော အမူအရာပေါ်လာပြီး အဘိုးကြီးကို စိုက်ကြည့်နေသည်။ သူ့စိတ်ထဲတွင်တော့ ငါ့ဂုဏ်သတင်းက ဒီလောက်တောင် ကြီးနေတာလား...။

ယန်ယဲ့ ရပ်တန့်သွားသည်ကို မြင်သောအခါ အဘိုးကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး "ညီငယ် ဒါက တကယ်ကို နားလည်မှုလွဲနေတာပါ။

မင်းဘယ်သူလဲဆိုတာ ငါတို့မသိခဲ့ဘူး။
တကယ်လို့ သိရင် ငါဘယ်တော့မှ မင်းကို
တိုက်ခိုက်မှာမဟုတ်ဘူး”

ယန်ယဲ့က “ဘာဖြစ်လို့လဲ…”
ဟုမေးလိုက်သည်။

“ဘာကြောင့်လဲ…”

အဘိုးကြီးက ခါးသက်သက်ရယ်မောရင်း

“ညီငယ် ကောင်းကင်ကမ္ဘာက မင်းရဲ့

လုပ်ရပ်တွေက ငါ့နတ်ဆိုးမျိုးနွယ်ကို

ကိုယ်စားပြုနေတယ်ဆိုတာ

မင်းသိလား…”

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ကာ “ဒါဟာ

ကောင်းကင်မျိုးနွယ်နဲ့

ဆက်စပ်နေသလား…”

အဘိုးကြီးက “မင်းက

ကောင်းကင်မျိုးနွယ်ရဲ့

ညာဏ်ကြီးရှင်တွေကို နင်းချေလိုက်တယ်။

ဒီလို ကြီးကျယ်ခမ်းနားတဲ့

စွမ်းဆောင်မှုက ငါ့နတ်ဆိုးမျိုးနွယ်ရဲ့

ထိပ်တန်း ညာဏ်ကြီးရှင်တွေတောင်

မလုပ်နိုင်တဲ့အရာပဲ။ ဒါကြောင့်

မင်းနာမည်က ငါ့နတ်ဆိုးမျိုးနွယ်ကို

ပျံ့နှံ့သွားတယ်။ ငါ့နတ်ဆိုးမျိုးနွယ်က

မင်းအပေါ်မှာ မကောင်းကြံတဲ့
ရည်ရွယ်ချက်မရှိဘူး။ တကယ်
အခုလေးတင် ဖြစ်သွားတာတွေက
နားလည်မှုလွဲနေတာ”

ယန်ယဲ့က “ဒါကြောင့်လား...”

အဘိုးကြီးက ခေါင်းညိတ်ပြသည်။
“ငါအရင်က ပြောခဲ့သလိုပဲ
ငါ့နတ်ဆိုးမျိုးနွယ်က မင်းကို

မကောင်းကြံတာမျိုး လုံးဝမရှိဘူး။

မင်းဆန္ဒရှိတဲ့အတိုင်း

ထွက်သွားနိုင်တယ်”

၎င်းသည် နတ်ဆိုးမျိုးနွယ်မှ ကြင်နာမှုကို

ပြသလိုက်ခြင်းပင်။

ယန်ယဲ့က အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်သည် “ဒီလိုဆို

နှုတ်ဆက်ပါတယ်”

ယန်ယဲ့က လှည့်ကာ ထွက်သွားဖို့ ပြင်လိုက်သည်။

အဘိုးကြီးက ရုတ်တရက် ပြောခဲ့သည်။ “ငါ့အသိအရ လူသားအင်ပါယာအရှင်က မင်းကို ပစ်မှတ်ထားနေတယ်။ ဒါကြောင့် သတိထားဖို့အကောင်းဆုံးပဲ။ ညီငယ် မင်းမှာ နေစရာမရှိရင် ငါ့နတ်ဆိုးကမ္ဘာမှာနေနိုင်တယ်။

စိတ်မပူပါနဲ့ လူသားအင်ပါယာအရှင်က
သန့်မာနေရင်တောင် ဒါဟာ
ငါ့နတ်ဆိုးကမ္ဘာပဲ”

ယန်ယဲ့က သူ့ခေါင်းကို ခါလိုက်သည်။
“ဒီအတွက်လည်း
ထပ်ပြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့
ငါ့မှာ လုပ်စရာတွေရှိသေးတယ်။
နှုတ်ဆက်လိုက်ပါတယ်”

ထိုနောက် ယန်ယဲ့သည် နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ထွက်သွားသည်ကို မြင်သောအခါ

အဘိုးကြီးက အကူအညီမဲ့စွာ

ရယ်မောလိုက်သည်။ သူ့ရှေ့ရှိ လူငယ်က

နာမည်ကျော် ယန်ယဲ့ဖြစ်နေဖို့

မမျှော်လင့်ထားခဲ့ပေ။

ယန်ယဲ့။ လောကသုံးပါးတွင်

မည်သူမဆိုမကြားဖူးသော

နာမည်ဟုတ်သလား...။

သူဆက်ပြီး မတိုက်ခိုက်သည့်

အကြောင်းအရင်းမှာ

နတ်ဆိုးမျိုးနွယ်တစ်ခုလုံးမှ ယန်ယဲ့ကို

ပြဿနာမရှာဖို့

တိုက်ရိုက်အမိန့်ပေးထားသောကြောင့်ပင်

။ ရန်သူက မိတ်ဆွေပင်ဖြစ်သည်။

ကောင်းကင်မျိုးနွယ်က

ထိုသို့သောမဟာရန်သူတော်ကြီး

ရှိနေသောကြောင့် သဘာဝအတိုင်း

နတ်ဆိုးမျိုးနွယ်အတွက်

ကောင်းမွန်သောအရာပင်ဖြစ်သည်။

မှန်သည် နောက်ထပ်

အကြောင်းပြချက်တစ်ခုလည်း

ရှိခဲ့သည်။ သူ့ကိုယ်သူ ယန်ယဲ့အား

သတ်နိုင်မည်ဟုလည်း မယုံကြည်ပေ။

ထိုပြင် သူကိုယ်တိုင်သာ

ယန်ယဲ့၏လက်ချက်ဖြင့်

အသတ်ခံရနိုင်ချေများ၏။

သူတို့အစောပိုင်းက တိုက်ခိုက်မှုကို

အခြေခံရသော် စျာန်သခင်များက

ယန်ယဲ့ကို ဖိနှိပ်နိုင်တော့မည်မဟုတ်ပေ။

အဘိုးကြီးက ခေါင်းယမ်းပြီး

ရယ်မောရင်း“ဒီကလေးက

ငါမျှော်လင့်ထားတာထက် အများကြီး
ပိုသန်မာနေတယ်”

နတ်ဆိုးကမ္ဘာ၏ ဂိတ်တံခါး၀။

ယန်ယွဲ့သည် ပတ်၀န်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး ထွက်သွားရန်
ပြင်လိုက်သည်။

သို့သော် ရုတ်တရက်

မျက်မှောင်ကြုတ်လိုက်ပြီး

ဘေးကိုကြည့်ကာ “ဒါက

ပညာရှင်အမွေအနှစ်ပဲမဟုတ်ဘူးလား...။

လိုချင်တဲ့လူတွေ အများကြီး

ရှိနေတာလား...”

ထိုနေရာမှ

လူတစ်ယောက်ထွက်လာခဲ့သည်။

သူသည် အသက် (၂၀) ဝန်းကျင်ဟု

ထင်ရသော်လည်း တကယ်တမ်းသော
သစ်လွင်တောက်ပသောဝတ်ရုံကို
ဝတ်ဆင်ထားသည်။

ယန်ယဲ့သည် ထိုလူကို
စိုက်ကြည့်လိုက်သည်။ သူသည်
အလွန်ချောမောပြီး စူးရှတောက်ပသော
မျက်လုံးများနှင့် နှင်းကဲ့သို
ဆွတ်ဆွတ်ဖြူနေသော
အသားအရေရှိသည်။ ထိုပြင်

သူ၏ဝတ်ရုံအောက်မှ ပုံသဏ္ဌာန်သည်

အလွန်သေးငယ်သည်။

တစ်ချက်ကြည့်လိုက်ရုံဖြင့် ယန်ယွဲ့သည်

ယောကျ်ားအသွင်ဆောင်ထားသော

အမျိုးသမီးတစ်ဦးဖြစ်ကြောင်းသတိပြုမိ

လိုက်သည်။ သူမ၏ လက်ထဲကဓါး

ခေါက်ယပ်တောင်တစ်ချောင်း

ကိုင်ထားသည်။

“ပညာရှင်တစ်ယောက်ရဲ့

အမွေအနှစ်ပဲလား…”

အမျိုးသမီးက ခေါင်းယမ်းပြီး

“အစ်ကိုယန် မင်းခုနက ပြောခဲ့တာက

ငါတို့အားလုံးကို အရှက်ရစေတယ်။

ပညာရှင်အမွေအနှစ်က

ဘာကိုကိုယ်စားပြုလဲသိလား…။ ဒါဟာ

ပညာရှင်အဆင့်အထိ အသာလေး

အဆင့်တက်သွားတိုင်တယ်လို့

ဆိုလိုတယ်။ နင်က ဒီအမွေအနှစ်ရဲ့ အကူအညီနဲ့ ပညာရှင်အဆင့်ကို တက်သွားရင် ပိုပြီးတော့တောင် သန်မာလာနိုင်သေးတယ်”

ယန်ယွဲ့က သူမကို မျက်လုံးချင်း တည့်တည့်ကြည့်ပြီး “မင်းငါ့ကို သိနေတာလား...”

အမျိုးသမီးငယ်က ပြုံးပြီး "ဒါပေါ့ လောကသုံးပါးမှာ နင့်ကို မသိတဲ့လူ ရှိသေးလို့လား..."

ယန်ယဲ့က "ကောင်းပြီ မင်းပြောစရာရှိရင် မြန်မြန်ပြောပါ။ ငါအခု အလျင်လိုနေတယ်"

သူမက ပြုံးပြီး "ငါအထင် နင်က ကောင်းကင်ကမ္ဘာကို ပြန်သွားပြီးတော့

နှင့်မိတ်ဆွေကို ကယ်တင်ဖို့ အလျင်စလိုဖြစ်နေတာထင်တယ်”

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားပြီး “မင်းက တော်တော်လေး သိနေတာထင်တယ်”

သို့သော် အမျိုးသမီးငယ်က ပြန်မဖြေဘဲ “အစ်ကိုယန် ဒီအမွေအနှစ်ကိုလွှဲပေးရင် ကောင်းကင်အင်ပါယာအရှင်က

ပြန်လွှတ်ပေးမယ်လို့

တကယ်ထင်နေတာလား…”

သူမက ခေါင်းယမ်းပြီး

ဆက်ပြောလိုက်သည်။

“သူသေချာပေါက်မလုပ်ဘူး။ သူက

နင့်ကို အပြည့်အဝ အင်အားကြီးလာခွင့်

ပေးမှာမဟုတ်ဘူး။ ငါ့အသိတွေအရဆို

ကောင်းကင်အင်ပါယာအရှင်က

လူသားအင်ပါယာအရှင်နဲ့

ရန်တိုက်ပေးချင်နေတာ

လူသားအင်ပါယာအရှင်က နင့်ကို

မသတ်ဘူးဆိုရင်တောင်

ကောင်းကင်ကမ္ဘာကိုရောက်တာနဲ့

နင်သေလိမ့်မယ်။ အစ်ကိုယန် နင်က

ဘုရင်လေးပါးထဲက နှစ်ပါးကို

စော်ကားမိလိုက်တာ တော်တော်

အံ့ဩစရာပဲ”

ယန်ယဲ့က “မိန်းကလေး

မင်းရဲ့စိတ်ပိုင်းဆိုင်ရာ ကစားပွဲအတွက်

ငါ့မှာ အချိန်မရှိဘူး။

ရိုးရိုးသားသားပြောပါ နားလည်လား…”

အမျိုးသမီးက အပြုံးကို ထိန်းကာ

“ငါနင်နဲ့အလုပ်တွဲလုပ်ချင်တယ်။

နင့်ရဲ့သူငယ်ချင်းကို

လွှတ်အောင်ငါကူညီမယ်။

ငါ့အချက်အလက်တွေနဲ့ဆိုရင်

လူသားအင်ပါယာအရှင်ထက်

အမြဲလိုလိုခြေတစ်လှမ်းသာနေလိမ့်မယ်”

ယန်ယွဲ့က ရုတ်တရက် မေးလိုက်သည်။

“ငါငြင်းရင် ဘာဖြစ်မလဲ...”

အမျိုးသမီးက အနည်းငယ်

ကြောင်အန်အန်ဖြစ်သွားသည်။

ရှင်းရှင်းပြောရရင် ယန်ယွဲ့က

ထိုအတိုင်းမေးဖို့ မမျှော်လင့်ထားခဲ့ပေ။

သူမက “အစ်ကိုယန် ငါနင့်ကို

လွယ်လွယ်ကူကူ ရှာတွေ့နိုင်ခဲ့တယ်”

သိသာထင်ရှားသော

ခြိမ်းခြောက်မှုပင်ဖြစ်သည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၈၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က တဟားဟားရယ်လိုက်သည်။

"မင်းငါ့ကို ခြိမ်းခြောက်နေတာလား..."

အမျိုးသမီးက စကားမပြောဘဲ လက်ကို

ဝှေ့ရမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

ယန်ယဲ့၏ပတ်ပတ်လည်၌

အနက်ရောင်ဝတ်ရုံ

အရိပ်လေးခုပေါ်လာသည်။ အားလုံးက

ဈာန်သခင်များပင်ဖြစ်သည်။

“အကိုယန်”

ယန်ယွဲ့၏ လက်ထဲ၌

ဓားတစ်ချောင်းပေါ်လာပြီး

အနက်ရောင်ဝတ်ရုံအရိပ်

လေးယောက်ကို လက်ညှိုးထိုးပြကာ

“ငါပြောတာကို ယုံလိုက်

မင်းကနောက်ထပ် ဈာန်သခင်ငါးယောက်

ခေါ်လာရင်တောင်

ငါချက်ချင်းသတ်နိုင်တယ်”

အမျိုးသမီးက ပခုံးတွန့်လိုက်သည်။

“ငါနင့်ကိုမယုံဘူး”

ဤအချိန်တွင်

ဈာန်အဆင့်အော်ရာများက ယန်ယွဲ့အပေါ်

ချက်ချင်း ကျရောက်လာသည်။ သို့သော်

လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအားလှိုင်းတစ်ခု
ရုတ်တရက်ပေါ်လာသည်။

ဓားနယ်မြေ။

တစ်ချိန်ထည်းမှာပဲ ယန်ယွဲ့၏
ပတ်ဝန်းကျင်ရှိ အော်ရာများ
ပျောက်သွားကာ လူကိုယ်တိုင်
နေရာမှာပင် ပျောက်ကွယ်သွားသည်။

ယန်ယဲ့ပျောက်ကွယ်သွားသည်နှင့်
အနက်ရောင် ဝတ်ရုံလေးခုလည်း
ပျောက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည်
အမျိုးသမီးငယ်၏ ရှေ့၌ရောက်နေပါပြီ။
ထိုပြင် သူမ၏ပတ်ပတ်လည်၌ ဓား (၃၆)
ချောင်းပေါ်လာသည်။
ဈာန်သခင်လေးပါးက

ဓားများအပြင်ဘက်၌ ရှိနေကြသည်။
ဒီအချိန်မှာ သူတို့လုံးဝ မလှုပ်ရဲတော့ပေ။

ယန်ယဲ့က အမျိုးသမီးငယ်
လှမ်းကြည့်ရင်း “အခုငါပြောတာကို
ယုံပြီလား…”

အမျိုးသမီးက မျက်နှာတွင်
ကြောက်ရွံ့မှုမပြပေ။

သူမကပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်

လိုက်ပြီး ပြုံးကာ “လောကသုံးပါးမှာ

နံ့ပါတ်တစ်ဓားကျင့်ကြံသူက

ထင်ထားတဲ့အတိုင်း

ဓားနယ်မြေကိုတောင်နားလည်သာပဲ။

ဟင့်... ဒါက

ဓားအစီအရင်ဖြစ်တယ်မဟုတ်လား...။

ဈာန်သခင်ကိုတောင်

ချက်ချင်းသတ်နိုင်လောက်တယ်”

သူမက ယန်ယဲ့ကိုစိုက်ကြည့်ရင်း ပြုံးပြီး
“ငါတို့အတူတူ အလုပ်လုပ်လို့ရပေမဲ့
အဆင့်တူလို့ပြောနေတာလား...”

ယန်ယဲ့က သူ၏နှလုံးသားထဲမှ
စိတ်ဆန္ဒတစ်မျှင်ထုတ်ဖော်လိုက်သည်နှင့်
ဓားအစီအရင်နဲ့ဓားနယ်မြေသည်
ချက်ချင်းပျောက်သွားခဲ့သည်။

ယန်ယဲ့က လျစ်လျူရှုရင်း “မဟုတ်ဘူး

မင်းရဲ့နောက်မှာ ဘယ်သူပဲရပ်နေပါစေ

ငါ့ကို မခြိမ်းခြောက်နဲ့လို့ ငါပြောနေတာ။

ငါက တော်တော်ကို

စိတ်ဆက်တတ်တယ်။

တစ်စုံတစ်ယောက်က

ငါ့ကိုခြိမ်းခြောက်ရင်

ခဏလေးနဲ့ဒေါသထွက်ပြီး

သတ်ပစ်ချင်စိတ်ပေါက်တယ်”

စကားပြောပြီးနောက် ယန်ယဲ့သည်
လှည့်ထွက်သွားသည်။

ဤအချိန်တွင် အနားမှ အသံတစ်သံ
ရုတ်တရက်ထွက်လာသည်။
“ညီမလေးက ဘယ်လိုပြောရမလဲ
မသိဘူး။ အကိုယန် သူ့ကို ခွင့်လွှတ်ပါ”

ယန်ယဲ့က ရပ်လိုက်ပြီး အပေါ်ဘက်သို့
မော့ကြည့်လိုက်သည်။ ထိုနေရာတွင်

အမျိုးသမီးတစ်ယောက် ရပ်နေသည်။

သူမက မျက်နှာဖုံးစွပ်ထားသည်။

ထို့အပြင်

ဘီးတပ်ကုလားထိုင်တစ်လုံးပေါ်တွင်

ထိုင်နေခဲ့သည်။ မျက်နှာတစ်ခြမ်းကို

ဖုံးအုပ်ထားသော မျက်နှာဖုံးနှင့်

အဘိုးကြီးတစ်ယောက်က

ဘီးတပ်ကုလားထိုင်၏

နောက်တွင်ရပ်နေသည်။ အဘိုးကြီးက

ဘီးတပ်ကုလားထိုင်ကိုကိုင်လျက်

ယန်ယဲ့ဆီသို့ ဖြည်းညင်းစွာ

တွန်းလာသည်။

ဤအချိန်တွင် ယန်ယဲ့၏နောက်ကွယ်မှ

အမျိုးသမီးငယ်က အလျင်အမြန်

ပြေးသွားခဲ့သည်။

မျက်နှာဖုံးစွပ်အမျိုးသမီးက

ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်သည်။

အမျိုးသမီးငယ်က ငြိမ်သွားသည်။

ဤအချိန်တွင် အဘိုးကြီးက
မျက်နှာဖုံးအုပ် အမျိုးသမီးကို
ယန်ယဲ့ဆီသို့ တွန်းလာသည်။

ကျီရှဲ့။ လူသားမျိုးနွယ်။

ယန်ယဲ့က သူ့ရှေ့မှ အမျိုးသမီးကို
စိုက်ကြည့်ပြီး "မင်းက မင်းညီမထက်
ပိုရိုးသားတယ်"ဟုပြောလိုက်သည်။

သူမက တိုးတိုးလေးပြောလိုက်သည်။

"ညီမလေးက ငယ်သေးတော့

သူ့အသိတွေကို ကန့်သတ်ထားတာ

ကျေးဇူးပြုလို့ သူမကိုစိတ်မဆိုးပါနဲ့"

"ဒါပေါ့"

ယန်ယဲ့က ဆက်ပြောလိုက်သည်။

"ငါတို့လက်တွဲလုပ်ဆောင်နိုင်တယ်။

ဒါပေမဲ့ ပူးပေါင်းဆောင်ရွက်တာကတော့

ရိုးသားမှုပေါ်မှာ မူတည်တယ်။ အခု

မင်းရဲ့ ရိုးသားမှုကို ငါတွေ့ပြီ။ ဒီတော့

မင်းဘာလိုချင်လဲ ငါ့ကို ပြောပါ။

သဘောတူညီချက်တစ်ခုရနိုင်ရင်

အတူတူ ပူးပေါင်းလုပ်ဆောင်နိုင်တယ်။

မရရင်တော့ ငါတို့က

သီးခြားလမ်းသွားနိုင်တယ်

မင်းဘယ်လိုထင်လဲ…”

အမျိုးသမီးက

အနည်းငယ်ခေါင်းညိတ်ကာ “ကောင်းပြီ

အကိုယန် ဇေကရာဇ်ရှမ်ယွမ်အကြောင်း

ကြားဖူးသလား…”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“သူဟာ အတိတ်တစ်ချိန်က

မျိုးနွယ်ခြားအားလုံးကို

ဦးဆောင်ပြီးတော့ နတ်မျိုးနွယ်ကို

ဆန့်ကျင်ခဲ့တဲ့ မဟာညဏ်ကြီးရှင်ပဲ”

မျက်နှာဖုံးစွပ်အမျိုးသမီးက

ခေါင်းညိတ်ပြသည်။ “လွန်ခဲ့တဲ့နှစ်တွေက

မဟာမျိုးနွယ်စုကြီး လေးခုရှိခဲ့တယ်။

သူတို့က လူသားမျိုးနွယ်ထဲမှ

အကောင်းဆုံးမျိုးနွယ်စုတွေ အဲ့ဒါတွေက

ရွှမ်းယွမ်ကလန်၊ ကျန်းကလန်၊

ကျီမျိုးနွယ်နဲ့ ဂူကလန် ဒါပေမဲ့

နောက်ဆုံးမှာတော့ ရွှမ်ယွမ်ကလန်

အင်အားကြီးလာခဲ့တယ်။

အဲ့ဒါအစိကအားဖြင့် အဲ့ဒီစားကြောင့်ပဲ။
ဖန်ဆင်းရှင် တစ်ဒါဇင်ကျော်က
ပူးပေါင်းဖန်တီးထားတဲ့ အစိပတိစား”

ယန်ယဲ့က“မင်းငါ့စားကို
လိုချင်လို့လား...”

သူမက
ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်ပြီး
“ဒီစားက

ရှမ်ယွမ်မျိုးနွယ်အပိုင်မဟုတ်ဘူး။ သူ့မှာ ကိုယ်ပိုင်အသိစိတ်ရှိလို့ ဘယ်သူ့နောက်ကိုလိုက်မလဲဆိုတာ ရွေးချယ်လိမ့်မယ်။ တကယ်လို့ သူမက ငါ့ကျိုးမျိုးနွယ်ကို မရွေးချယ်ရင် အတင်းအကျပ်ယူထားရင်တောင် ဖြစ်နိုင်ချေရှိတဲ့ ပြဿနာတွေနဲ့ပဲ ရင်ဆိုင်ရလိမ့်မယ်”

ယန်ယဲ့က "ဒါဆိုရင် မင်း ငါ့ဆီ ဘာကြောင့်လာတာလဲ..."

သူမက "ကေရာဇ်ရှမ်ယွမ်က ငါ့ကျီမျိုးနွယ်ရဲ့အစောင့်ရှောက်နတ်သားရဲ့ဖြစ်တဲ့ ဒြပ်စင်ငါးပါး ချီလင်သားရဲကို လွှန်ခဲ့တဲ့နှစ်တွေကတည်းက ချိတ်ပိတ်ထားခဲ့တယ်။ သူ သေဆုံးပြီးတဲ့နောက်မှာ အဓိပတိဓားလည်း

ပျောက်ကွယ်သွားတယ်။ ပြီးတော့

ငါ့ကျီကလန်ရဲ့ အစောင့်အရှောက်

နတ်သားရဲ့က

အပြင်ထွက်မလာနိုင်တော့ဘူး။

လူသားအင်ပါယာအရှင်ကို

အကူအညီတောင်းပေမဲ့

သူ့တောင်းဆိုချက်တွေက

အရမ်းများတယ်။ ငါတို့ပက

ဒီလောက်ကြီးမားတဲ့တန်ကြေးကို

ပေးဆောင်ဖို့ ဆန္ဒမရှိဘူး။ ဒါ့ကြောင့် အခု
ငါတို့နှင့်ဆီကိုရောက်လာတာပဲ”

ယန်ယဲ့က ငြိမ်သွားသည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက
ဆက်ပြောသည်
“သူ့ကိုကောင်းကင်ကမ္ဘာကနေ ကယ်ဖို့
နှင့်အတွက်ခက်ခဲမယ် ထင်တယ်။
ဒါပေမဲ့နှင့်မှာ ငါ့ကျီကလန်ရဲ့

အကူအညီရှိရင်

အနည်းဆုံးကိုးဆယ်ရာခိုင်နှုန်းလောက်

အခွင့်အရေးရှိတယ်။

အရှုံးနဲ့အဆုံးသတ်ရင်တော့

ငါပြောခဲ့သမျှကို မေ့လိုက်”

ယန်ယဲ့က “မင်းရဲ့ ဒြပ်စင်ငါးပါးချီလင်ကို

လွှတ်ပေးဖို့ပဲ လိုတာလား…”

အမျိုးသမီးက
အနည်းငယ်ခေါင်းညိတ်ပြသည်။

ယန်ယဲ့က “ကောင်းပြီ
ငါသဘောတူတယ်”

သူမက “အရင်ဆုံး နင်က
ကောင်းကင်ကမ္ဘာကိုသွားနိုင်တယ်။
နင်အဲ့ဒီကိုရောက်တဲ့နဲ့ ငါကျီမျိုးနွယ်ရဲ့
အဆင့်မြင့်ကျင့်ကြံသူတွေရှိနေလိမ့်မယ်”

ယန်ယဲ့က ဘာမှပြန်မပြောဘဲ နေရာမှာပင်
ပျောက်ကွယ်သွားခဲ့တယ်။

သို့သော်လည်း သူထွက်သွားသည်နှင့်
မျက်နှာဖုံးစွပ်အဘိုးကြီးကို
တစ်ချက်လှည့်ကြည့်လိုက်သည်။

ယန်ယဲ့ထွက်သွားပြီးနောက်တွင်
မျက်နှာဖုံးစွပ်အမျိုးသမီးက

“ဦးရီးတော်ကျန်း၊ သူ့ကိုဘယ်လိုမြင်လဲ”ဟုမေးလိုက်သည်။

မျက်နှာဖုံးစွပ်အဘိုးကြီးက ခဏမျှငြိမ်သက်သွားကာ “မဆိုးပါဘူး ငါတို့ကျိုမျိုးနွယ်က သူနှင့်အတူ ပူးပေါင်းထားရင် အနားမှာ ကြီးကျယ်ခမ်းနားတဲ့ အနာဂတ် ရှိနေလိမ့်မယ်”

မျက်နှာဖုံးစွပ်အမျိုးသမီးက

“သနားစရာကောင်းလိုက်တာ”

ခဏအကြာတွင် ဤနေရာမှ

လူတိုင်းပျောက်သွားကြသည်။

လူတိုင်းထွက်သွားပြီးနောက်တွင်

အနက်ရောင်ဝတ်စုံဝတ်

အမျိုးသားတစ်ဦးပေါ်လာသည်။

ထိုလူက တိုးတိုးလေးပြောလိုက်သည်။

“ကျီကလန်၊ ဒီသခင်ငယ်က

အရမ်းလက်ပေါက်ကပ်တယ်။

ငါသာသိရင်

ဒီလောက်မိုက်မဲတဲ့အလုပ်ကို

လက်ခံမှာမဟုတ်ဘူး”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ထိုစကားပြောပြီးနောက်

ထွက်သွားရန်ပြင်လိုက်သည်။

သို့သော် တစ်ဖက်သို့လှည့်ကြည့်ကာ
“ကိုယ့်ကိုယ်ကိုပြပါ”

ထိုနေရာသည် တုန်လှုပ်သွားသည်။
မျက်နှာဖုံးစွပ်အဘိုးကြီးတစ်ယောက်
ရုတ်တရက်ထွက်ပေါ်လာသည်။

မျက်နှာဖုံးစွပ်အဘိုးကြီးက
“မင်းကဘယ်သူလဲ…”ဟုမေးလိုက်သည်။

အနက်ရောင်ဝတ်ရုံဝတ်အမျိုးသားက

"ဒီမေးခွန်းကို ငါမဖြေနိုင်ဘူး ဒါပေမဲ့

စိတ်မရှိပါနဲ့။ မင်းရဲ့ကျီမျိုးနွယ်ကို

ငါ့ဘာမှ ရည်ရွယ်ချက်မရှိဘူး"

မျက်နှာဖုံးစွပ်အဘိုးကြီးက

တိတ်ဆိတ်နေ၏။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

“တကယ်တော့ မင်းရဲ့ ကျီမျိုးနွယ်မှာ

နောက်ထပ် ပညာရှင်ဝိညာဉ်ခန္ဓာကိုယ်

ပေါ်လာဖို့ ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။

ဟားဟား…ဘယ်လောက်စိတ်ဝင်စားဖို့

ကောင်းလိုက်လဲ…”

ထိုစကားကြားသောအခါ

မျက်နှာဖုံးစွပ်အဘိုးကြီးက

ဖျတ်ခနဲပျောက်ကွယ်သွားခဲ့သည်။

“အုန်း…”

ခဏအကြာတွင် မီတာ ရာချီကျယ်သော

အာကာသပြင်

ချက်ချင်းပြိုကျသွားသည်။

တစ်ချိန်တည်းမှာပင် အဆုံးအစမဲ့သော

အာကာသပြင်သည်

ချက်ချင်းကြေမွသွား၏။

အချိန်အတော်ကြာမှသာ ဤနေရာသည်

လောကတာအိုဖြင့်

တစ်ဖြည်းဖြည်းပြုပြင်နေခဲ့သည်။

နှစ်ယောက်၏ အကြည့်များက

လေထဲတွင် ဆုံသွားသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ရယ်မောရင်း "သူမကို

ပညာရှင်တစ်ပိုင်းအဆင့်က
ကာကွယ်ပေးနေတယ်။ ဟားဟား
ဒီလိုမျိုးလွန်လွန်ကဲကဲလား...”

မျက်နှာဖုံးစွပ်အဘိုးကြီးက
အနက်ရောက်ဝတ်စုံဝတ်အမျိုးသားကို
စိုက်ကြည့်လိုက်သော်လည်း
ထပ်ပြီးမတိုက်ခိုက်ပေ။

ဤအချိန်တွင်

အနက်ရောက်ဝတ်စုံဝတ်အမျိုးသားက

“ကျိုမျိုးနွယ်က ကြီးမားတဲ့

အရာတစ်ခုခုကို စီစဉ်နေပုံပဲ။ ဒါပေမဲ့

ကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ငါနဲ့

ဘာမှမဆိုင်ဘူး အခြားကိစ္စရှိသေးတော့

ဒီမှာပဲ နှုတ်ဆက်ပါတယ်”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ပျောက်ကွယ်သွားသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ပျောက်ကွယ်သွားသည်နှင့်

တစ်ပြိုက်နက်

မျက်နှာဖုံးစွပ်အမျိုးသမီးက

ဘီးတပ်ကုလားထိုင်နှင့်အတူ

ပြန်ပေါ်လာသည်။

သူမက

ထိုလူပျောက်ကွယ်သွားသောနေရာကိုဂရု

မစိုက်ဘဲ စိုက်ကြည့်ရင်း

“ဦးရီးတော်ကျန်း၊ သူ့ဇစ်မြစ်ကိုသိနိုင်ပါ့မလား…”ဟုမေးလိုက်သည်။

မျက်နှာဖုံးစွပ်အဘိုးကြီးက ခေါင်းယမ်းလိုက်သည်။ “ ဒါပေမဲ့ သူက ယန်ယွဲ့နဲ့လည်း ဆက်စပ်နေတာဆိုတော့ သူသေချာပေါက်သိသင့်တယ်”

မျက်နှာဖုံးစွပ်အမျိုးသမီးက ခေါင်းညိတ်လိုက်သည် "ဦးရီးတော်ကျန်း စိတ်ပူစရာမလိုပါဘူး။ ဘာပဲဖြစ်ဖြစ် ရောက်လာမဲ့အရာတွေရှိသလို အချို့အရာတွေက ဘယ်လိုပဲတားတား တားနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ပုံမှန်အတိုင်းပဲဆက်လုပ်ပါ"

မျက်နှာဖုံးစွပ်အဘိုးကြီးက

ခေါင်းညိတ်ပြသည်“သခင်မလေး

သွားရအောင်…”

စကားပြောပြီးနောက်

နှစ်ယောက်သားဖျတ်ခနဲပျောက်သွားခဲ့

သည်။

ယန်ယဲ့သည် နတ်ဆိုးကမ္ဘာမှ

ထွက်လာပြီးနောက်တွင်

ကောင်းကင်ကမ္ဘာသို့ဦးတည်လိုက်သည်။

ကောင်းကင်ကမ္ဘာသို့ဝင်ခါနီးတွင်

သူ့ရှေ့၌

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ဦး ရုတ်တရက်ထွက်ပေါ်လာသည်။

ထိုလူက လျှို့ဝှက်ဆန်းကြယ်ပုံရသည်။

လျှို့ဝှက်ဆန်းကြယ်သောသူက

“ကျီမျိုးနွယ်”

ယန်ယဲ့သည်

လျှိုဝှက်ဆန်းကြယ်သောလူကို

စိုက်ကြည့်လိုက်ပြီး "ငါတို့ဒါကို

ဘယ်လိုလုပ်ကြမလဲ..."ဟုမေးလိုက်သ

ည်။

လျှို့ဝှက်ဆန်းကြယ်သောလူက

"ကောင်းကင်အင်ပါယာအရှင်က

ဝင်ပေါက်ကို စောင့်ကြပ်ဖို့

သူတပ်ဖွဲ့တွေကိုစေလွှတ်ထားတယ်။

မင်းကောင်းကင်ကမ္ဘာထဲကိုဝင်လာရင်

ချက်ချင်းအကြောင်းကြားလိမ့်မယ်။

ဒီတော့ ငါတို့က ဝင်ဖို့တခြားနည်းလမ်းကို

သုံးရမယ်”

စကားပြောပြီးနောက်

လျှို့ဝှက်ဆန်းကြယ်သောလူက

မြေပြင်ပေါ်တွင်

စက်ဝိုင်းပုံဆွဲလိုက်သည်။

ခဏအကြာတွင်

အပြာရောင်အလင်းဖျော့ဖျော့စက်ဝိုင်းတစ်ခုပေါ်လာသည်။

ပေါ်တယ်စနစ်။

လျှို့ဝှက်ဆန်းကြယ်သောလူက “သွားရအောင်” စကားပြောပြီးနောက် ယန်ယဲ့ကို လက်ဆွဲကာ စက်ဝိုင်းထဲသို့ဝင်သွားသည်။

အချိန်ခဏအကြာတွင် ပေါ်တယ်စနစ်က

ပြင်းထန်စွာတုန်လှုပ်သွားပြီး

နှစ်ယောက်သားနေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

မသိသောအချိန်တစ်ခုကြာပြီးနောက်

ယန်ယွဲ့သည် မျက်လုံးဖွင့်လိုက်သည်။

ဤအချိန်တွင်

သမုဒ္ဒရာအထက်၌ရှိနေသည်။

လှိုဝှက်ဆန်းကြယ်သောလူက

“လူသားအင်ပါယာအရှင်က ယုကျင်းကို

ကောင်းကင်မျိုးနွယ်ရဲ့

အမြင့်ဆုံးလုံခြုံရေးအကျဉ်းထောင်ဖြစ်

တဲ့ ကောင်းကင်အကျဉ်းထောင်မှာ

ပိတ်လှောင်ထားတယ်ဆိုတာ

ငါသတင်းရထားတယ်။ အဲ့ဒီနေရာကို

စောင့်ကြပ်နေတာ ပညာရှင်တွေ

မရှိပေမဲ့။

ပညာရှင်တစ်ပိုင်းအဆင့်တစ်ယောက်ရှိ
နေတယ် ငါတို့ကသူ့ကို
ထိပ်တိုက်တိုးလို့မရဘူး”

တစ်ချိန်ထဲမှာပင် ယန်ယဲ့နှင့်
လျို့ဝှက်ဆန်းကြယ်သောလူက
ကောင်းကင်မြို့ထဲသို့
ဝင်ရောက်သွားခဲ့သည်။

မြို့ထဲသို့ ဝင်လာပြီးနောက်တွင်

လျှို့ဝှက်ဆန်းကြယ်သောလူက

“ငါ့ကျီကလန်က

အဲ့ဒီပညာရှင်တစ်ပိုင်းအဆင့်ကို

အချိန်ဆွဲထားမယ်။ ကျန်တာတွေကို

မင်းတာဝန်ယူလိုက် ပြဿနာမဟုတ်ဘူး

ဟုတ်တယ်မလား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“ကိစ္စမရှိပါဘူး”

Translated by NyiNyiSoe

May Be:

.အပိုင်း ၂၃၈၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

လျှို့ဝှက်ဆန်းကြယ်သောလူက

“ငါနဲ့အတူလိုက်လာခဲ့”

ထိုနောက် သူတို့က မြို့တောင်ဘက်သို့ ဦးတည်သွားကြသည်။ ခဏအကြာတွင် အနက်ရောင် ခန်းမကြီးတစ်ခုအရှေ့သို့ ရောက်လာသည်။

လျှို့ဝှက်ဆန်းကြယ်သောလူက “ဒါက ကောင်းကင်အကျဉ်းထောင်၊ ကောင်းကင်ကမ္ဘာရဲ့ လုံခြုံရေးအမြင့်ဆုံးလို့

သတ်မှတ်ခံထားရတယ်။ ဒါဟာ

ကောင်းကင်မျိုးနွယ်ရဲ့ အပြစ်သားတွေနဲ့

နတ်ဆိုးမျိုးနွယ်က  ကျင့်ကြံသူ တချို့ကို

ဖမ်းချုပ်ထားတဲ့နေရာ။

အထူးသဖြင့်တော့ နတ်ဆိုးမျိုးနွယ်ရဲ့

ကျင့်ကြံသူတွေ။

ကောင်းကင်မျိုးနွယ်ကနေ

သူတို့လွတ်ထွက်သွားမှာစိုးလို့

အကျဉ်းထောင်ကို စောင့်ကြပ်ဖို့

ပညာရှင်တစ်ပိုင်းအဆင့်
စေလွှတ်ထားတယ်”

ယန်ယဲ့က “မင်းအဲ့ဒီလူကို
ဘယ်လိုလှည့်စားမလဲ...”

လျို့ဝှက်ဆန်းကြယ်သောလူက “ငါတို့မှာ
နည်းလမ်းရှိတယ်။ အဲ့ဒီပညာရှင်
အသတ်ခံရရင်တောင် မင်းက
သတိလက်လွှတ်မဖြစ်နိုင်ဘူးဆိုတာ

သတိရပါ။ ဒီအကျဉ်းထောင်ရဲ့
အစစ်အမှန်အခြေအနေကို
ငါတို့တောင်မသိဘူး။ ဒါပေမဲ့
အခြားအကာအကွယ်အစီအရင်တွေရှိနေ
မှာ သေချာတယ်။ တိုတိုပြောရရင်
အားလုံးက မင်းအပေါ်မှာပဲ မူတည်တယ်”

လျှို့ဝှက်ဆန်းကြယ်သောသူက
စကားပြောပြီးနောက် ဖျတ်ခနဲ
ပျောက်ကွယ်သွားခဲ့သည်။ ယန်ယွဲ့သည်

၁၅ မိနစ်ခန့်စောင့်ဆိုင်းနေပြီးနောက်

အကျဉ်းထောင်ထဲမှ အလင်းတန်းတစ်ခု

ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင်

ယန်ယွဲ့ရှေ့ရှိနေရာမှာ တုန်လှုပ်သွားပြီး

ထိုနေရာမှ

အသံတစ်သံထွက်ပေါ်လာသည်။

ဖယန်ယွဲ့သည် တွန့်ဆုတ်မနေဘဲ

အနက်ရောင်အရိပ်အဖြစ် ပြောင်းလဲကာ

ခန်းမထဲသို့ ဝင်ရောက်သွားသည်။

အရင်က ခန်းမတစ်ခုလုံးသည်

ထိုပညာရှင်အဆင့်၏

နတ်စိတ်အာရုံအသိအောက်တွင်ရှိနေခဲ့သ

ည်။ သို့သော်လည်း ယခုအခါ

ထွက်သွားပြီးနောက် မည်သည့်ပြဿနာမှ

မကြုံတွေ့ဘဲ ယန်ယဲ့သည်

ကောင်းကင်အကျဉ်းထောင်ထဲသို့

ခိုးဝင်လာနိုင်သည်။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ရာ လုံးဝ
ဗလာကျင်းနေသည်။  သို့သော် ရှေ့သို့
ဆက်သွားနေသည်။ ဤအချိန်တွင်
သူနှင့်မလှမ်းမကမ်း၌
သံချပ်ကာဝတ်တပ်သားတစ်ယောက်
ရုတ်တရက် ပေါ်လာသည်။ သူက
ပတ်ဝန်းကျင်ကို စစ်ဆေးကာ
မျက်မှောင်ကြုတ်လိုက်သည်။

ယန်ယဲ့သည် ထိုနေရာတွင် ငြိမ်သက်စွာ

ရပ်နေခဲ့သည်။ သူသည် ဓားနယ်မြေကို

ချက်ချင်းထုတ်ဖော်ကာ

သူ၏အငွေ့အသက်ကို တစ်ခါတည်း

ဖုံးကွယ်ထားလိုက်သည်။

အချိန်တော်တော်ကြာသွားမှသာ

သံချပ်ကာဝတ်တပ်သားက

ထွက်သွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့က မလှုပ်သေးပေ။
ထိုကဲ့သို့ပင် (၁၅)မိနစ်ခန့်ကြာပြီးနောက်
သံချပ်ကာဝတ်တပ်သားက ပြန်ပေါ်
လာသည်။ ထိုနောက် ပတ်ဝန်းကျင်ကို
စိုက်ကြည့်ပြီး ပြန်ထွက်သွားသည်။
သို့သော်လည်း ယန်ယဲ့သည်
မလှုပ်ရှားသေးပါ။
(၁၀)မိနစ်လောက်အကြာတွင်
ထိုလူနောက်တစ်ကြိမ်ပြန်ပေါ်လာပြီး

အပြင်ထွက်မသွားခင် ပတ်ဝန်းကျင်ကို

သေသေချာချာလေး

စစ်ဆေးကြည့်နေသည်။

သံချပ်ကာဝတ်တပ်သား နောက်တစ်ကြိမ်

ထွက်သွားသည်နှင့် နောက်ဆုံးတွင်

ယန်ယဲ့သည် ရှေ့သို့ ဆက်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

အနက်ရောင် လှောင်အိမ်ကြီးများ

အများအပြားကို တွေ့လိုက်သည်။

ဖုင်းသည်
သံမဏိလှောင်အိမ်ကြီးကဲ့သို့ပင်။
အထဲတွင် အကျဉ်းသား အများအပြားကို
ချုပ်နှောင်ထားသည်။ ယန်ယဲ့သည်
ဓားနယ်မြေကို
အသုံးပြုထားသောကြောင့်
သူရောက်နေသည်ကို
မည်သူမျှသတိမထားမိခဲ့ပေ။

ယန်ယွဲ့သည်ထိုလှောင်အိမ်များကို

အဆက်မပြတ် စစ်ဆေးရင်း ရှေ့သို့

ဆက်သွားခဲ့သည်။ သိပ်မကြာလိုက်ပေ

သူသည် ရပ်သွားခဲ့သည်။ သူ၏ညာဘက်

မနီးမဝေးတွင် အနက်ရောင်

လှောင်အိမ်တစ်ခုရှိကာ ထိုထဲတွင်

လူငယ်တစ်ဦးရှိနေသည်။ ယုကျင်းပါ။

ယုကျင်းကို မြင်သောအခါ ယန်ယွဲ့သည်

သိသိသာသာ သက်သာရာရသွားသည်။

သို့သော်လည်း ယုကျင်းက

သတိမထားမိခဲ့ပေ။ ယန်ယွဲ့သည်

လှောင်အိမ်အား ငုံ့ကြည့်လိုက်ရာ

လှောင်အိမ်တစ်ခုလုံး

လင်းထိန်းနေသောအလင်းရောင်ကို

သတိပြုမိလိုက်သည်။ သေချာသည်မှာ

အလင်းရောင်က သာမန်မဟုတ်ပေ။

ဤအချိန်တွင် ဓားတစ်ချောင်းက

လှောင်အိမ်ထောင့်တစ်နေရာသို့

ပိုင်းချသွားသည်။ ထိုပြင်

လျှို့ဝှက်ဆန်းကြယ်သောစွမ်းအင်ကြိုးမျှ

င်က လှောင်အိမ်တစ်ခုလုံးကို

ဖုံးလွှမ်းသွားသည်။

ထိုခဏလေးမှာပဲ

လှောင်အိမ်နစ်ခုလုံးတုန်လှုပ်လာသည်။

သို့သော် ဓားနယ်မြေကို

အသက်သွင်းထားသောကြောင့်

ဤနေရာရှိ အခြေအနေကို

ပတ်ဝန်းကျင်ရှိ မည်သူမျှ
သတိမထားမိလိုက်ပေ။ သို့ရာတွင်
ယုကျင်းက သတိပြုမိလိုက်သည်။

ယန်ယဲ့ကို မြင်သောအခါ အနည်းငယ်
ထိတ်လန့်သွားပြီး “ဟိတ်ကောင် မင်းဒီကို
ဘာလာလုပ်တာလဲ...”

ယန်ယဲ့က ခေါင်းယမ်းပြီး
ဘာမှပြန်မပြောပေ။ သူ၏ဓားက

လှောင်အိမ်ကို ဖြည်းညင်းစွာ

ပိုင်းဖြတ်သွားသည်။ သိပ်မကြာလိုက်ဘဲ

လှောင်အိမ်က သူ့ရှေ့တွင်

ပျောက်ကွယ်သွားသည်။

ယန်ယဲ့က "သွားရအောင်"

ယုကျင်းက တုံ့ဆိုင်းမနေဘဲ

ယန်ယဲ့နှင့်အတူ ထွက်သွားခဲ့သည်။

အချိန်သိပ်မကြာလိုက်ပေ

နှစ်ယောက်သား

အကျဉ်းထောင်အပြင်ဘက်သို့

အဆင်ပြေပြေထွက်လာနိုင်ခဲ့သည်။

သို့သော် အကျဉ်းထောင်ထဲမှ

ကျယ်လောင်သောအသံကြီးတစ်သံထွက်

ပေါ်လာသည်။

အကျဉ်းထောင်၏အပေါ်ဘက်၌

ဒေါသတကြီး အော်သံ

ပဲ့တင်ထပ်လာသည်။

အသံက "ပတ်ဝန်းကျင်ကို ချက်ချင်း ပိတ်ဆို့ထားလိုက်။ လူတစ်ယောက် ဒါမှမဟုတ် အငွေ့အသက်တစ်ခုမှ ပျောက်မသွားစေနဲ့"

စကားသံထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် နတ်ဘုရား စိတ်အာရုံအသိအများအပြားက ပတ်ဝန်းကျင်ဆီသို့ ပျံ့လွင့်လာသည်။

ခဏအကြာတွင် ယန်ယဲ့က

“ငါတို့သွားကြရအောင်”

ယန်ယဲ့သည် ယုကျင်းနှင့်အတူ မြို့အပြင်

ထွက်လာခဲ့သည်။

မြို့အပြင်ရောက်သည်နှင့်

လျှို့ဝှက်ဆန်းကြယ်သောသူကို

တွေ့လိုက်ရသည်။

“ငါနဲ့အတူလိုက်ခဲ့ပါ”

လျှို့ဝှက်ဆန်းကြယ်သောသူက
စကားပြောပြီးသည်နှင့် နေရာမှာပင်
ပျောက်သွားခဲ့သည်။ ယန်ယဲ့နှင့်
ယုကျင်းလည်း ချက်ချင်းပင်
သူ့နောက်ကနေ လိုက်သွားခဲ့သည်။

ကောင်းကင်မြို့တော်ထဲရှိ
ခန်းမအထဲတွင်

သက်လတ်ပိုင်းအဘိုးကြီးက

“ဘယ်သူလဲသိလား...”

အဘိုးကြီးက “ဒီကလေးကို

သူတို့ခေါ်သွားပြီးတော့ ငါ့ကို

အကြောင်းကြားခိုင်းလိုက်တယ်။ ဒါပေမဲ့

ဘယ်သူမှန်းတော့မသိဘူး။ ငါ့အထင်

ယန်ယဲ့ပဲဖြစ်သင့်တယ်”

သက်လတ်ပိုင်းအမျိုးသားက “ဒါက
သူတင်မဟုတ်ဘူး
တစ်ယောက်ယောက်က ကူညီခဲ့တယ်”

စကားပြောနေစဉ်
သက်လတ်ပိုင်းအမျိုးသားက
မျက်လုံးများ ဖြည်းညင်းစွာ
မှိတ်လိုက်သည်။ “စုံစမ်းကြည့်လိုက်
ငါတို့အရင်းအမြစ်တွေအကုန်လုံး

အသုံးပြုလိုက် ဘယ်သူက
ကူညီလဲဆိုတာ ကြည့်လိုက်ရအောင်”

ကောင်းကင်မြို့တော် အပြင်ဘက်တွင်
ယန်ယဲ့နှင့်ယုကျင်းသည်
လျှို့ဝှက်ဆန်းကြယ်သောသူ၏
ဦးဆောင်မှုဖြင့် တောအုပ်တစ်ခုဆီသို့
လိုက်သွားခဲ့ကြသည်။

လျှို့ဝှက်ဆန်းကြယ်သောသူက

ယန်ယဲ့ကို စူးစိုက်ကြည့်ကာ " မင်းကို

ကူညီခဲ့လို့ ငါ့ကျိုးမျိုးနွယ်က

ကောင်းကင်ကမ္ဘာမှာ

နှစ်ပေါင်းများစွာအထိ  အခြေချထားတဲ့

အခြေစိုက် စခန်းတွေကို

အကုန်ဖျက်ဆီးပစ်ရတော့မယ်။

ဒါကြောင့် မင်းရဲ့ ကတိကို သတိရပါ”

စကားပြောနေစဉ်

အဖြူရောင်အလင်းတန်းတစ်ခုက

ယန်ယဲ့၏

နဖူးအလယ်သို့ဝင်ရောက်လာသည်။

လျှို့ဝှက်ဆန်းကြယ်သောသူက “ ဒါဟာ

ငါ့ဂျိုကလန်ရဲ့ တည်နေရာ။ ကျေးဇူးပြုလို့

ငါ့ကျီမျိုးနွယ်ကို လာခဲ့ပါ။ အခုတော့

နှုတ်တက်ပါတယ်။ မှန်တယ်…

ကောင်းကင်အင်ပါယာအရှင်က မင်းကို

ခြေရာခံဖို့ ကောင်းကင်မျက်လုံးကို

ချက်ချင်း စေလွှတ်လိမ့်မယ်။ ဒါဟာ

အချိန်သိပ်ကြာမှာမဟုတ်ဘူး။ ဒါကြောင့်

အခုနေ မင်းက ကောင်းကင်ကမ္ဘာကနေ

တက်နိုင်သမျှ အမြန်ဆုံးထွက်သွားရင်

အကောင်းဆုံးပဲ”

စကားပြောပြီးနောက်

လျှို့ဝှက်ဆန်းကြယ်သောသူက

ပျောက်ကွယ်သွားသည်။ ဤအချိန်တွင်

ယန်ယဲ့က သူ၏ ညာလက်ကို

မြှောက်လိုက်သည်။ ယုကျင်းရှေ့တွင်

အဖြူရောင်

အလင်းလုံးတစ်ခုပေါ်လာသည်။

"ဒါကမင်းအတွက်ပဲ"

ယုကျင်းက အံ့ဩသွားသည်။

"အဲ့ဒါကဘာလဲ..."

ယန်ယဲ့က ပြုံးပြီး “အမွေအနှစ်တစ်ခု”

သူက ယုကျင်း၏ပခုံးကို ပုတ်ပြီး

“ကောင်းကောင်းကျင့်ကြံပါ။

အားလုံးနောင်တစ်ချိန်မှာ ပြန်ဆုံအောင်”

စကားပြောပြီးနောက် ယန်ယဲ့သည်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။ ယုကျင်းသည်

အချိန်တော်တော်ကြာ ထိတ်လန့်သွားပြီး

အဖြူရောင်အလင်းလုံးကို

စိုက်ကြည့်နေသည်။ သူ့လက်ကို

လှုပ်လိုက်သည်နှင့် နဖူးအလယ်သို့

ချက်ချင်းဝင်ရောက်သွားသည်။

ယုကျင်း၏ ခန္ဓာကိုယ်က

တင်းမာသွားသည်။

အချိန်တော်တော်ကြာမှ

မျက်လုံးပြန်ဖွင့်လိုက်သည်။

ဤအချိန်မှာ သူ့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

ပေါ်လာသည်။

ယုကျင်း၏ အဖေပင်ဖြစ်သည်။

ယုကျင်းက

သက်လတ်ပိုင်းအမျိုးသားအား

စိုက်ကြည့်ရင်း "အဖေ ဒါက

ဘာလဲဆိုတာ သိလား..."

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းယမ်းလိုက်သည်။

ယုကျင်းက “ငါတို့ ကောင်းကင်မျိုးနွယ်ရဲ့

အမွေအနှစ်ပဲ။ ပညာရှင်အမွေအနှစ်”

“ပညာရှင်တစ်ယောက်ရဲ့

အမွေအနှစ်လား…”

သက်လတ်ပိုင်းအမျိုးသားက

အံ့အားသင့်သွားပြီး “တကယ်လား…”

ယုကျင်းက “အဖေ ဘယ်လိုထင်လဲ…”

သက်လတ်ပိုင်းအမျိုးသားက

တစ်ကိုယ်လုံး

တုန်တုန်ယင်ယင်ဖြစ်နေသည်။

ယုကျင်းက ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

ယန်ယဲ့ပျောက်ကွယ်သွားသည့်

လမ်းကြောင်းအတိုင်းပါ။

“အဖေ အဖေရဲ့ညီကို

ပညာရှင်အမွေအနှစ်ပေးမှာလား...”

ဟုမေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက တိတ်ဆိတ်နေသည်။

ယုကျင်း၏မျက်နှာသည် တဖြည်းဖြည်း အေးစက်လာကာ "ငါတို့ကလန်က အရှုံးအဘိုးကြီးကိုပြောလိုက်။ သူ့မြေးက ပညာရှင်အဆင့်အမွေအနှစ်ကို ရခဲ့ပြီး ဒါပေမဲ့ ငါမှာ အခြေအနေတစ်ခုရှိတယ်။ သူငါ့ကို ယုကလန်ဆီ ပြန်လာစေချင်ရင်

ယုကလန်ရဲ့ ဘိုးဘေးအဆင့်အတန်း

လွှဲပေးရမယ်”

ယန်ယဲ့သည် ကောင်းကင်ကမ္ဘာမှ

ထွက်ခွာသွားသော်လည်း သူ့ရှေ့တွင်

ရွှေရောင် ချပ်ဝတ်တန်ဆာဝတ်

လူဆယ်ယောက် ပေါ်လာသဖြင့်

ရပ်တန့်နေလိုက်သည်။

ကောင်းကင်မျိုးနွယ်။

ယန်ယဲ့က ရယ်လိုက်သည်။

“ဒါကမြန်လိုက်တာ”

အမှန်တော့

သူမျှော်လင့်ထားသည့်အတိုင်းပင်ဖြစ်သည်။ အကြောင်းမှာ သူသာ အလွယ်တကူထွက်သွားနိုင်ခဲ့လျှင်

ကောင်းကင်မျိုးနွယ်သည်

အားနည်းနေပေလိမ့်မည်။  အဖွဲ့ရှေ့တွင်

လှံကိုင်ထားသော အဘိုးကြီးတစ်ယောက်ပေါ်လာသည်။

ရျာန်သခင်။

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ကာ
“မင်းကို ဘယ်သူက
ကူညီပေးနေတာလဲ...”

ယန်ယဲ့က ပြုံးပြီး “တွေးကြည့်လိုက်”

အဘိုးကြီးက ခေါင်းယမ်းလိုက်ပြီး
“ထားလိုက်ပါ။ မင်းက
လူသေဖြစ်နေပြီးပဲ”

သူ၏ဘယ်ဘက်လက်ကိုအနည်းငယ်
ဝှေ့ယမ်းလိုက်ရာ အလင်းတန်း(၁၀)ခုက
ယန်ယွဲ့ဆီသို့ ကျရောက်လာသည်။
ယန်ယွဲ့သည် သဘာဝအတိုင်း
ပေါ့ပေါ့ဆဆပြုမူမည် မဟုတ်ပေ။

ရွှေရောင်ချပ်ဝတ်

လူ(၁၀)ယောက်စလုံးက

အထွတ်အထိပ်အဆင့်တာအိုသခင်များ

ဖြစ်သည်။ သေချာသည်မှာ

ကောင်းကင်အင်ပါယာအရှင်က သူ့အား

အခွင့်အရေးမပေးလိုသောကြောင့်

တစ်ခါတည်း

အသေသတ်ခိုင်းလိုက်ခြင်းပင်ဖြစ်သည်။

ယန်ယွဲ့သည် မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်လိုက်သည်။

သူ့ရှေ့တွင် ဓားရှည် အချောင်း(၃၀)ခန့်

ပေါ်လာသည်။ ခဏအကြာတွင်

ဓားများက ပိုက်ကွန်တစ်ခုသဖွယ်

ပေါင်းစပ်သွားကာ သူ့အား

ပစ်လွှတ်လိုက်သော အလင်းတန်းများကို

တားဆီးထားသည်။ အလင်းတန်းများကို

တားဆီးပြီးနောက် ဓားများက ရုတ်ခြည်း

ပြန့်ကျဲသွားကာ အဘိုးကြီးနှင့်

အခြားသူများဆီသို့ ပစ်ခတ်လိုက်သည်။

လျှပ်စီးလက်သကဲ့သို့ပင် မြန်ဆန်သည်။

ဤအချိန်တွင် အဘိုးကြီးက လက်ညှိုးကို

ရှေ့သို့ထိုးလိုက်ရာ သူ၏လုံက

လျှပ်စီးလက်သလိုမျိုး

ပြေးထွက်လာသည်။ ထိုခဏလေးမှာပဲ

ကောင်းကင်အပြည့် လုံပုံရိပ်များ

ဖုံးလွှမ်းသွားကာ ယန်ယွဲ၏

ဓားစွမ်းအင်ကို ချေဖျက်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် လှံတစ်ချောင်းက

ယန်ယွဲ့ရှေ့ကို ရောက်လာသည်။

ယန်ယွဲ့၏အမူအရာသည်

ငြိမ်သက်နေကာ သူ၏ဓားကိုရှေ့သို့

လှမ်းထိုးလိုက်သည်။

“ဘုန်း…”

စူးရှသော

အသံတစ်သံထွက်ပေါ်လာသည်။

နှစ်ယောက်စလုံး ချက်ချင်း

နောက်ပြန်ဆုတ်သွားခဲ့သည်။

တစ်ယောက်နှင့်တစ်ယောက်

မီတာ(၃၀၀)အကွာလောက်အထိ

ရွေ့သွားကြသည်။

Translated by NyiNyiSoe

May Be:

.အပိုင်း ၂၃၈၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့သည် ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး ဓားနှင့်ထိုးလိုက်သည်။ ဓားနှင့်လုံက တိုက်ရိုက်ကျသောပုံစံဖြင့် နောက်တစ်ကြိမ် တိုက်မိသည်။

"ခလွပ်..."

အာကာသပြင်သည် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

မီတာရာချီကျယ်သော

အာကာသပြင်သည် အက်ကွဲသွားသည်။

အဘိုးကြီးက သူ၏လုံကို ရုတ်တရက်

ပြန်ရုတ်လိုက်ပြီး တိမ်တိုက်များပေါ်သို့

ခုန်တက်လာခဲ့သည်။ ထိုနောက်

သူ၏လက်များကို လေထဲသို့

မြှောက်လိုက်သည်

သူ၏လက်ဝါးများအကြားတွင်း

ဓားတစ်ချောင်းပေါ်လာသည်။

ထိုနောက်

အေးစက်စက်အလင်းတန်းများတောက်ပ

လာကာ လှံက တုန်ခါလာသည်။

ယန်ယဲ့သည် အဘိုးကြီးကို

မော့ကြည့်လိုက်ရင်း သူ၏လက်ထဲမှ

ဓားက ပျောက်ကွယ်သွားသည်။

အဘိုးကြီးက ရှာန်သခင်ဖြစ်သော်လည်း

သာမန်ရှာန်သခင်မဟုတ်ပေ။

အထူးသဖြင့် လက်ရှိတွင်

ထိုအဘိုးကြီးက

အလွန်အန္တရာယ်များသည်ဟု

ခံစားနေရသည်။ သူ၏

ခွန်အားအပြည့်မသုံးလျှင်

အသတ်ခံရမည်ဖြစ်ကြောင်းသိလိုက်သ

ည်။

အဘိုးကြီးက ယန်ယဲ့ကို ငုံ့ကြည့်ကာ

“ယန်ယဲ့ ဒါကိုယူလိုက်”

သူ၏ပုံရိပ်က

တဖျတ်ဖျတ်တောက်ပလာကာ

လှံအထက်တွင် ပေါ်လာပြီး

ညာခြေဖြင့်ဆောင့်ကန်သည်။

“ဘုန်း…”

အဘိုးကြီးနှင့် လုံက

လျှပ်စီးလက်သကဲ့သို့ ပစ်ချလာသည်။

ထိုခဏလေးမှာပဲ သူ့အောက်ရှိ

တိမ်တိုက်များ ကွဲအက်သွားပြီး

အာကာသပြင်သည် ပြိုကျသွားသည်။

အာကာသထဲတွင် ဧရာမ

လျှောက်လမ်းကြီးတစ်ခုပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် ပြင်းထန်သော

ဖိအားလှိုင်းကြီးတစ်ခုက

ယန်ယဲ့အောက်ရှိ မြေပြင်ကို

ချက်ချင်းပြိုကျသွားစေသည်။

သူ့အောက်တွင် ဧရာမ

ချောက်ကြီးတစ်ခုပေါ်လာခဲ့သည်။

ယန်ယဲ့သည် မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်လိုက်သည်။

သူ့ခန္ဓာကိုယ်ထဲမှ

ဧရာမဓားကြီးတစ်ချောင်းပေါ်လာသည်။

ဓားနှင့်လူတစ်သားတည်းပေါင်းစည်းခြ
င်း၊ ပြီးပြည့်စုံခြင်းအဆင့်။

၎င်းသည် ယန်ယဲ့၏ဝှက်ဖဲများထဲမှတစ်ခု
(သို့မဟုတ်) သူ၏အစွမ်းထက်ဆံုး
လှုပ်ရှားမှုဟုပြောရပါမည်။
ဓားအလင်းတန်းတစ်ခု
ကောင်းကင်အထက်သို့
လွင့်မျောလာသည်။

“အုန်း…”

ကောင်းကင်ယံတွင်

ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာသည်

။ ခဏအကြာတွင် မီးတာရာချီကျယ်သော

အာကာသပြင်သည် အက်ကွဲသွားကာ

ပတ်ဝန်းကျင်အနှံ့ အက်ကြောင်းများ

လျင်မြန်စွာ ပျံ့နှံ့လာခဲ့သည်။

သို့သော်လည်း တိုက်ပွဲသည်

ထိုနေရာတွင် မပြီးဆုံးခဲ့ပေ။

ဓားစွမ်းအင်နှင့် လှံစွမ်းအင်က
အက်ကွဲနေသော အာကာသပြင်ထဲတွင်
အဆက်မပြတ် တုန်ခါနေသည်။
ပေါက်ကွဲသံများက မိုးခြိမ်းသံများကဲ့သို့
ပဲ့တင်ထပ်နေ၏။

ဤအတိုင်းပင် တိုက်ပွဲသည်
တစ်နာရီခန့်ပင် ကြာသွားလေသည်။
ဤအချိန်တွင် ယန်ယွဲ့နှင့် အဘိုးကြီးက
မီတာ(၃၀၀)အကွာလောက်တွင်

ရပ်နေကြသည်။ နှစ်ယောက်စလုံး

အခြေအနေတော့ သိပ်မကောင်းလှပေ။

ယန်ယဲ့၏ ခန္ဓာကိုယ်သည် လုံချက်များ

ဖုံးလွှမ်းသွားသော်လည်း

မူလခရမ်းရောင်စွမ်းအင်ရှိနေသောကြော

င့် ထိုဒဏ်ရာများက သူ့အတွက်

ဘာမှမဟုတ်ပေ။ အဘိုးကြီးကတော့

တစ်ကိုယ်လုံး

ဓားဒဏ်ရာအများအပြားရှိနေသည်။

သို့သော် သူ၏အပြင်ပိုင်းအခြေအနေကို

အခြေခံ၍

အနည်းငယ်ကောင်းမွန်နေပုံရသည်။

အဘိုးကြီးက သူ၏လှံကို

တစ်ချက်ကြည့်လိုက်သည်။

ဤအချိန်တွင် သူ၏လှံမှာ

လှံတစ်ချောင်းလုံး

အက်ရာများထပ်နေခဲ့သည်။

ခဏကမျှတိတ်ဆိတ်နေပြီး ယန်ယဲ့ကို မော့ကြည့်ကာ“မင်းက တကယ်ကို သန်မာတယ်။ ဒါပေမဲ့ ဒီနေ့အသက်ရှင်နိုင်မှာမဟုတ်ဘူး”

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး “ဘာလို့မကြိုးစားတာလဲ…”

အဘိုးကြီးက ညာခြေကိုတစ်ချက်ပုတ်လိုက်ပြီးနောက်

ရှေ့သို့ ပြေးထွက်သွားကာ

လှံကိုမြှောက်ပြီး ယန်ယွဲ့ဆီသို့

လှမ်းထိုးလိုက်သည်။ ယန်ယွဲ့က

ရှောင်တိမ်းခြင်းမပြုပေ။ ယန်ယွဲ့က

ညာခြေကို တစ်ချက်ဆောင့်လိုက်ရာ

သူ့အောက်ရှိ အာကာသပြင်က

တုန်ခါသွားပြီးနောက်

အလင်းတန်းတစ်ခုအဖြစ်

ပျောက်ကွယ်သွားသည်။

“အုန်း...”

ပေါက်ကွဲသံထွက်ပေါ်လာ၏။ ပုံရိပ်နှစ်ခု လွင့်ပျံထွက်လာပြီး ၁ကီလိုမီတာ ၅အကွာအထိ အသီးသီး ရပ်တန့်သွားခဲ့သည်။ သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့် အဘိုးကြီးက လှံကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး ယန်ယဲ့ကို ပစ်ပေါက်လိုက်သည်။

“ဆူး…”

စူးရှတောက်ပသောအလင်းရောင်

ထုတ်လွှတ်နေသော လုံတစ်စင်းက

လေထုကို ဆုတ်ဖြဲကာ ယန်ယွဲ့ဆီသို့

တည့်တည့် တိုးဝင်သွားသည်။

ယန်ယွဲ့သည် သူ၏ညာလက်ကို

မြှောက်လိုက်ရာ ဓားတစ်ချောင်း

ရုတ်တရက် လွင့်မျောလာသည်။

ထိုနောက်တွင် ဓားက

အလင်းတန်းကြီးတစ်ခုအဖြစ်ကောင်း

ကာ နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။ ထိုနောက်

ဓားက မီတာ (၂၀၀)ကျော်အကွာတွင်

ပေါ်လာပြီး လုံ့ထိပ်ဖျားကို

ပိုင်းချလိုက်သည်။

ခဏမျှတိတ်ဆိတ်သွား၏။

“ခလွပ်...”

လုံ့က ရုတ်တရက်ပေါက်ကွဲသွားပြီး

ဓားက အဘိုးအိုဆီသို့ ပျံသန်းသွားသည်။

အဘိုးကြီးက ကြို့ပြီး

ပြင်ဆင်ထားသည့်အလား

သူ၏ညာဘက်လက်ဝါးကို ရှေ့သို့

ပုတ်လိုက်သည်။

“ဘုန်း…”

အဘိုးကြီးက ယန်ယဲ့၏ ဓားကို

တားဆီးလိုက်နိုင်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့သည်

သူ့ရှေ့တွင်ပေါ်လာသောကြောင့်

ချက်ချင်းပင် မီတာ (၃၀၀)ကျော်

အကွာသို့ ပြန်ဆုတ်သွားခဲ့သည်။

ယန်ယဲ့သည် အဘိုးကြီးနောက်ကို

မလိုက်ခဲ့ပေ။ သူသည်နေရာမှာပင်

ရပ်လိုက်ကာ ဓားတစ်ချောင်းက
သူ့ရှေ့တွင်လွင့်မျောနေသည်။

အဘိုးကြီးက ယန်ယဲ့၏ဓားကို
တစ်ချက်ကြည့်လိုက်ပြီး "အဓိပတိဓားက
မျှော်လင့်ထားတဲ့အတိုင်းပဲ"

သူ့အသံတွင် လှောင်ပြောင်သံများ
ထွက်ပေါ်လာသည်။

ထိုတိုက်ခိုက်မှုတွင် သူရှုံးနိမ့်ရသည့်

အကြောင်းအရင်းမှာ အဓိကအားဖြင့်

လက်နက်များ

အင်အားကွာခြားမှုကြောင့်သာ။

ထိုစကားကြားသောအခါ ယန်ယဲ့က

ရယ်မောလိုက်သည်။

“ဈာန်သခင်ရဲ့ အရေပြားက

ငါမျှော်လင့်ထားတဲ့အတိုင်းပဲ။

မင်းအရေပြားက ငါ့ထက် အများကြီး ပိုထူတယ်”

အဘိုးကြီး၏မျက်နှာက ချက်ချင်းပင် မမြင်နိုင်လောက်အောင်ဖြစ်သွားစည်။ ယန်ယဲ့သည် အရမ်းသန်မာလှသည်။ သူသည် ယန်ယဲ့၏ ကျင့်ကြံမှုအဆင့်ကို မေ့သွားသည် ။ သို့မဟုတ် အဆင့်တူ ကျင့်ကြံသူတစ်ယောက်အဖြစ် ဆက်ဆံခဲ့သည်ဟု ဆိုရပါမည်။

ဤအချိန်တွင် ယန်ယဲ့ကသူ့အား

အသိပေးလာသောကြောင့်

အကြားတာအိုသခင်သာ ဖြစ်ကြောင်း

ပြန်ပြီးသတိရသွားသည်။

အကြားတာအိုသခင်။

ထိုအဆင့်ကို တွေးမိသောအခါ

အဘိုးကြီး၏မျက်နှာက ပို၍ပင်

မနေနိုင်လောက်အောင်

ဖြစ်သွားပါတော့သည်။ သို့မဟုတ်

လေးနက်လာသည်ဟု ဆိုရပေမည်။

ယန်ယဲ့သည် အကြားတာအိုသခင်သာ

ဖြစ်သည့်တိုင် အလွန်သန်မာခဲ့သည်။

တွေးလိုက်ရုံဖြင့် နှလုံးသားတစ်ခုလုံး

ကြောက်စိတ်များ ပြည့်နှက်သွားသည်။

ဤအခိုက်အတန့်တွင် အဘိုးကြီးက

အလွန်ကြောက်လန့်နေ၏။

“ယန်ယဲ့သေရမယ်”

ထိုအတွေးပေါ်လာသည်နှင့် ယန်ယဲ့သည်

နေရာမှာပင် ပျောက်သွားခဲ့သည်။

ခဏအကြာတွင်

အဘိုးကြီး၏ဘေးနားကပ်လျက်

ဓားအူသံတစ်သံထွက်ပေါ်လာသည်။

ဓားအူသံကို ကြားသောအခါ

အဘိုးကြီး၏

အမူအရာသည်အနည်းငယ်ပြောင်းလဲ

သွားသည်။ သို့သော်

သူ၏တုန့်ပြန်မှုသည် အလွန်
လျင်မြန်သည်။ သူ့လက်ကို
ချက်ချင်းဖွဲ့ယမ်းလိုက်သည်။
ထိုခဏလေးအတွင်းမှာပင်
မရေမတွက်နိုင်သောလုံ့ပုံရိပ်များ
ဒီရေအလား ပြေးထွက်လာသည်။

“အုန်း...အုန်း..အုန်း...”

ပေါက်ကွဲသံများဆက်တိုက်

ထွက်ပေါ်လာ၏။ အဘိုးကြီးက

လက်နက်ဆုံးရှုံးသွားပြီးနောက်

ယန်ယွဲ့၏ဖိနှိပ်ခြင်းကိုသာ ခံနေရသည်။

သို့သော်လည်း ယန်ယွဲ့သည်

အဘိုးကြီးကို သတ်ဖို့ မဖြစ်နိုင်သည်မှာ

သိသာလှသည်။

“အုန်း…”

အဘိုးကြီးကို ရိုက်ထုတ်လိုက်ပြီးနောက်

ယန်ယွဲ့သည် ဆက်ပြီးတိုက်ခိုက်ရန်

ပြင်လိုက်သည်။ သို့သော်

သူ့နောက်ကျောမှ လှံစွမ်းအင်

အလင်းတန်း (၁၀)ခု တိုးဝင်လာသည်။

အထွတ်အထိပ်အဆင့် တာအိုသခင်

ဆယ်ယောက်က

တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

ယန်ယွဲ့သည် ရပ်လိုက်သည် နောက်ကို

လှည့်ကြည့်လိုက်ပြီး

သူ၏မျက်လုံးများက

ရက်စက်ကြမ်းကြုတ်သော

အမူအရာများ

တဖျတ်ဖျတ်လက်နေသည်။

ခဏအကြာတွင် လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားလှိုင်းကြီးတစ်ခုပေါ်လာသည်။

ဓားနယ်မြေ။

ဓားနယ်မြေပေါ်လာသည်နှင့်တစ်ပြိုင်နက်

လုံအလင်းတန်းများက ချက်ချင်း

နှေးကွေးသွားသည်။ ထိုနောက်တွင်

ယန်ယဲ့သည် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည် ထိုအခါ

ဓားနယ်မြေထဲ၌

ဓား(၃၆)ချောင်းပေါ်လာသည်။

ထိုနောက်တွင် ဓားများက အဆက်မပြတ်

လွင့်မျောသွားကာ ဓားနယ်မြေအနှံ့ အလင်းတန်းများ ဖုံးလွှမ်းထားသည်။

အနန္တဓားနယ်မြေ။

၎င်းသည် ဓားနယ်မြေ၏ ပြီးပြည့်စုံသောအဆင့်ဟု ဆိုရပေမည်။ သို့ရာတွင် ဆန်းကြယ်ချီစွမ်းအင် အများအပြား အသုံးပြုရသည်။ ယခု အကြားတာအိုသခင် ဖြစ်နေသည်တိုင်

အနန္တစားနယ်မြေကို

အပြည့်အဝထုတ်ဖော်အသုံးမပြုဝံ့ပေ။

အကယ်၍ သုံးလိုက်ပါက

သူ၏ချီစွမ်းအင်အားလုံး

ကုန်ဆုံးလုနီးပါးဖြစ်သွားပေမည်။

အလင်းတန်းများကသာ

ပတ်ဝန်းကျင်ကိုဖြတ်သွားသည်။

ထိုကဲ့သို့ပင် (၁၅)မိနစ်ခန့်ကြာပြီးနောက်မှ

အလင်းများ

တဖြည်းဖြည်းပျောက်ကွယ်ခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ရှေ့၌

သံချပ်ကာဝတ်တပ်သား

(၃)ယောက်သာလျှင် ကျန်တော့သည်။

ဓားနယ်မြေနှင့် ပေါင်းစပ်ထားသော

ဓားအစီအရင်က အထွတ်အထိပ်အဆင့်

တာအိုသခင် (၇)ယောက်ကို

ချက်ချင်းသတ်ပစ်လိုက်သည်။

အဘိုးကြီး၏အမူအရာက

ဤမြင်ကွင်းကြောင့်

ပို၍လေးနက်လာသည်။ ယန်ယွဲ့သည်

အထွတ်အထိပ်တာအိုသခင်

(၇)ယောက်ကို သုံးပြီးနောက်

ထပ်မံတိုက်ခိုက်ခြင်း မပြုတော့ပေ။

နောက်လှည့်ပြီး ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။

ထွက်ပြေးရန်။

သူသည် သဘာဝအတိုင်း

ထွက်ပြေးရန်စီစဉ်ထားသည်။

ဆက်နေပြီး တိုက်ခိုက်ဖို့က

အဓိပ္ပါယ်မဲ့ပါသည်။

အဘိုးကြီးကိုသတ်ဖို့က

တစ်ယောက်နှင့်တစ်ယောက်မတိုက်ခိုက်

လျှင် သတ်ပစ်ရန်ခဲ့ယဉ်းပါသည်။

သို့သော် အဘိုးကြီးက

တစ်ယောက်ချင်းတိုက်ခိုက်မည်မဟုတ်

ပေ။ ထိုပြင်အဘိုးကြီးက

ကောင်းကင်မျိုးနွယ်၏အဆင့်မြင့်

ကျင့်ကြံသူများကိုပင် ဆင့်ခေါ်နိုင်၏။

ထိုကြောင့် မည်သည့်အချိန်တွင်

ထွက်ပြေးရမည်ကို သိနေသည်က

အကောင်းဆုံးပင် ဖြစ်သည်။

ယန်ယဲ့ထွက်ပြေးသည်ကို

မြင်သောအခါတွင်

အဘိုးကြီး၏အမူအရာက

ပြောင်းသွားသည်။

“မလွှတ်စေနဲ့ သူကို လိုက်”

ထိုစကားပြောပြီးနောက်

လေးယောက်စလုံး ဖျတ်ခနဲ

ပျောက်သွားကြသည်။ သို့သော်

သိပ်မကြာလိုက်ဘဲ

အဘိုးကြီး၏မျက်နှာပေါ်တွင်

အလွန်ဆိုးရွားသော

အမှုအရာတစ်ခုပေါ်လာသည်။ ယန်ယဲ့က

အရမ်းမြန်လို့ပါ။ ဤအချိန်တွင်

ယန်ယဲ့၏ အငွေ့အသက်ကို

နားမလည်နိုင်တော့ပေ။ အဘိုးကြီးက

ကောင်းကင်ကို ရုတ်တရက်

မော့ကြည့်လိုက်ရင်း သိသိသာသာ

စိတ်အေးသွားသည်။

ယန်ယဲ့သည် ကောင်းကင်အဝေးသို့

တစ်ဟုန်ထိုးပျံသန်းနေသည်။

ထိုအဘိုးကြီးနှင့်အဖွဲ့က

သူ့နောက်မလိုက်ကြောင်း

သတိပြုမိသောအခါ ယန်ယဲ့သည်

သိသိသာသာကို တည်ငြိမ်သွားသည်။

သို့သော်လည်း သူနှင့် သိပ်မဝေးသော

နေရာတွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

လက်နှစ်ဖက်ကို နောက်ပစ်ထားလျက်

ယန်ယွဲ့အား အေးစက်စွာ

စိုက်ကြည့်နေသည်။

ကောင်းကင်အင်ပါယာအရှင်။

ယန်ယဲ့က ရပ်လိုက်သည်။

“မင်းကိုယ်တိုင်ရောက်လာမယ်လို့

ငါမမျှော်လင့်ထားဘူး”

ကောင်းကင်အင်ပါယာအရှင်က

“ဒီနေ့မင်းကို ဘယ်သူကယ်နိုင်မလဲဆိုတာ

ငါကြည့်ရအောင်”

ယန်ယွဲ့သည် တိုက်ခိုက်ရန် ပြင်လိုက်စဉ် သူ့နံဘေးနားမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

“မင်းသူ့ကို ဘယ်လိုသတ်နိုင်မလဲ ကြည့်ရအောင်”

Translated by NyiNyiSoe

May Be:

...အပိုင်း ၂၃၈၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

“မင်းသူ့ကို ဘယ်လိုသတ်နိုင်မလဲ

ကြည့်ရအောင်”

ထိုအသံကိုကြားသောအခါ

ကောင်းကင်အင်ပါယာအရှင်၏မျက်လုံး

များ ကျဉ်းမြောင်းသွားကာ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်။

“အဲဒါဘယ်သူလဲ…” ယန်ယွဲ့အတွက် ပထမဆုံး စိတ်ထဲတွင် ပေါ်လာသော မေးခွန်းပါ။

ကောင်းကင်အင်ပါယာအရှင်ကဲ့သို့ပင် သူလည်း လှည့်ကြည့်လိုက်သည်။ နှစ်ယောက်စလုံးက လုံတစ်ချောင်း

ကျောသိုင်းလွယ်ထားသော
သက်လတ်ပိုင်းအမျိုးသားတစ်ယောက်
ကို တွေ့လိုက်ရသည်။ သို့သော်
သက်လတ်ပိုင်းအမျိုးသား၏ပုံရိပ်က
အစစ်အမှန်ခန္ဓာကိုယ်ဖြစ်သည်။

ယန်ယဲ့သည် ထိုလူကိုမြင်သောအခါ
အံ့ဩသွားသည်။ သူက ၎င်းကို
ကောင်းကောင်းသိထားလို့ပါ ထိုနေ့က
သူ့အား လက်နက်လမ်းစဉ်၏

အမွေအနှစ်ကို လွှဲပေးခဲ့သော

သက်လတ်ပိုင်းအမျိုးသားပါ။

“သူဒီမှာ ဘာလုပ်နေတာလဲ…”

ယန်ယွဲ့သည် အတော်လေးတော့

အံ့သြသွားသည်။

ကောင်းကင်အင်ပါယာအရှင်က

သူ၏လက်သီးများကို ဖြည်းညင်းစွာ

ဆုပ်လိုက်သည်။ ထိုလူက
သူ၏ပင်မခန္ဓာကိုယ်ဖြင့် ဤနေရာကို
ရောက်လာသည်မှာ သိသာပါသည်။
သို့သော် ကောင်းကင်အင်ပါယာအရှင်က
ထိုလူကို နားမလည်နိုင်သလို
ခံစားနေရသည်။

သူက ကောင်းကင်အင်ပါယာအရှင်ကို
လျစ်လျူရှုကာ ယန်ယဲ့ကို စိုက်ကြည့်ပြီး
“အံ့သြသွားသလား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
“နည်းနည်းတော့”

သက်လတ်ပိုင်းအမျိုးသားက “ငါဒီကို
အကြောင်းပြချက်နှစ်ချက်နဲ့လာခဲ့တယ်။
လက်နက်လမ်းစဉ်ဟာ
လမ်းကြောင်းခြောက်သွယ်အကြားမှာ
ပြိုင်ဆိုင်မှုတစ်ခုရှိနေတယ်။
အနိုင်ရတဲ့လူဟာ ငါတို့ဘိုးဘေးတွေဆီက

စစ်မှန်တဲ့ လက်နက် မန္တာန်ကိုရနိုင်မယ်။

ဒါဟာ ငါ့အတွက် အသုံးမဝင်ပေမဲ့

မင်းအတွက်အရမ်းအသုံးဝင်တယ်။

မင်းရပြီးဆိုတာနဲ့ ပညာရှင်တစ်ပါးတောင်

မင်းကိုချက်ချင်းသတ်နိုင်မှာမဟုတ်ဘူး

အဲ့ဒါက မင်းကို လုံခြုံစေမဲ့

အဆောင်တစ်ခုလိုပဲ”

ယန်ယဲ့ ခဏတုံ့ဆိုင်းသွားပြီး

“ငါငြင်းလို့ရမလား…”

“ပါဝင်ဖို့ ပြင်းဆိုတာလား…”

သက်လတ်ပိုင်းအမျိုးသားက “ငါက သတ်ဖြတ်ခြင်းလမ်းကြောင်းမှာ တစ်ယောက်ပဲကျန်တော့တယ်။ မင်းငြင်းရင် ငါ့ကို ဝင်ပါဖို့ ပြောနေတာလား…”

သူက ကောင်းကင်ယံကို

မော့ကြည့်လိုက်ရင်း “

မင်းတကယ်ဆန္ဒမရှိရင်ရင်

ဘယ်သူမှမင်းကို

အတင်းအကျပ်မလုပ်နိုင်ပါဘူး။

ဟုတ်တယ် …

ငါနည်းနည်းခေါင်းမူးနေတယ်။ ဒါကြောင့်

အနားယူဖို့ ထွက်သွားရမယ်။

ကံကောင်းပါစေ”

သက်လတ်ပိုင်းအမျိုးသားက

လှည့်ထွက်သွားသည်။

ယန်ယဲ့သည် မျက်ခွံများ

လှုပ်ယမ်းသွားပြီးနောက် ကမန်းကတန်း

ပြောလိုက်သည်။

“တကယ်တော့ ငါက

လက်နက်လမ်းစဉ်ကို

သွားကြည့်ချင်နေတာကြာပြီး

ယခုအခွင့်အရေးရပြီးဆိုတော့

ဘယ်လိုလုပ် လက်လွှတ်နိုင်မှာလဲ…”

သက်လတ်ပိုင်းအမျိုးသားက

ယန်ယဲ့ကိုစိုက်ကြည့်ရင်း “မင်းကိုငါ

အတင်းအကျပ် မလုပ်ဘူး

ဟုတ်တယ်နော်”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“လုံးဝမဟုတ်ဘူး ငါ့ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့

လုပ်တာပါ”

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြီး “ကောင်းပြီ ဟုတ်တယ်

ငါမင်းကို ဒုတိယအချက်က

သတင်းဆိုးတစ်ခုပြောပြချင်တာ”

ယန်ယဲ့က

မျက်မှောင်ကြုတ်ပြီး“သတင်းဆိုးလား...”

သက်လတ်ပိုင်းအမျိုးသားက

“မင်းအရင်တုန်းက

မျောက်တစ်ကောင်ကို

ကူညီခဲ့သေးလား...”ဟု မေးလိုက်သည်။

ဝိညာဉ်မျောက်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် ဘာကြောင့်လဲ...”

“ဘာကြောင့်လဲ...ဟုတ်လား...”

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

က ဒေါသတကြီးအော်ငေါက်လိုက်သည်။

“အဲ့ဒီကတုံးတွေရဲ့ လုပ်ငန်းကို ဝင်ပြီး

စွက်ဖက်ဖို့

ဘယ်လိုသတ္တိရှိတာလဲ...။အဲ့ဒီမျောက်စု

တ်က ဗုဒ္ဓလမ်းစဉ်မှာ ဘာတွေလုပ်ခဲ့လဲ

သိလား…။ ဗုဒ္ဓလမ်းစဉ်ရဲ့ ဉာဏ်ကြီးရှင်

အချို့ကို သတ်ဖြတ်ခဲ့တယ်။ ဒါ့အပြင်

ဗုဒ္ဓအဖွဲ့ဝင်တစ်ယောက်ရဲ့ လူဝင်စားခြင်း

သံသရာကိုတောင်

ဖျက်ဆီးပစ်လိုက်တယ်။

သူတို့နှစ်ဖက်အကြားက ရန်ငြိုးတွေက

တစ်ယောက်မသေမချင်း

အဆုံးသတ်မှာမဟုတ်ဘူး”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ“ဒါက
ငါနဲ့ ဘာဆိုင်လို့လဲ...”

သက်လတ်ပိုင်းအမျိုးသားက
“တစ်ချိန်တုန်းက ဗုဒ္ဓသာဝက
တစ်ယောက်က အဲ့ဒီမြောက်ကို ဖမ်းဖို့
အခွင့်အရေးရခဲ့တယ်။
ဒါပေမဲ့နောက်ဆုံးမှာ
တစ်စုံတစ်ယောက်က မြောက်ကို
ကူညီပြီးတော့ သူ့ကို

တိုက်ခိုက်တဲ့အတွက်

ဘာမှမတက်နိုင်ဘူး။ အဲ့ဒီမျောက်က

လွတ်မြောက်သွားတယ်။ ဒါအပြင်

အဲ့ဒီဘယ်လူက မင်းကိုယ်တိုင်ပဲ။ အခု

မျောက်ရဲ့ လုပ်ရပ်က ဗုဒ္ဓလမ်းစဉ်ကို

ဒေါသဖြစ်စေတာကြောင့်

ဘယ်လိုနည်းနဲ့မှ မင်းကို

လွှတ်ထားမှာမဟုတ်ဘူး”

ယန်ယဲ့သည် အံ့အားသင့်သွားကာ

စကားမပြောနိုင်တော့ပေ။

သက်လတ်ပိုင်းအမျိုးသားက

ဆက်ပြောသည်။ “မှန်တယ် ဒါက

အဆိုးဆုံးသတင်းမဟုတ်ဘူး

နောက်ထပ်တစ်ခုရှိသေးတယ်။

လက်နက်လမ်းစဉ်တစ်ခုလုံးက

မင်းတည်ရှိနေတာကို သိသွားကြပြီ။

အထူးသဖြင့်တော့

ရှေးဖြစ်ဟောလမ်းကြောင်းပဲ ။

သူတို့ကိုယ်သူတို့

ညဏ်ကြီးရှင်တွေလို့ခေါ်တဲ့

အပေါင်းအပါတစ်သိုက်က

မင်းကိုသတ်ဖို့ ပြင်ဆင်နေကြပြီ။ အဲ့ဒါကို

ငါမကူညီနိုင်ဘူး။

ငါတို့လမ်းကြောင်းတွေအကြားက

ရန်ငြိုးတွေက အရမ်းနက်ရှိုင်းတယ်။

အခုငါတိုနှစ်ယောက်ပဲကျန်တော့တယ်။

အခုငါ့ကို လိုက်မရှာရဲကြဘူး။
ဒါကြောင့်သဘာဝအတိုင်း
မင်းကိုလိုက်ရှာပြီး သတ်ဖို့
စီစဉ်ထားကြတယ်”

ယန်ယဲ့၏ မျက်နှာက
မည်းမှောင်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက
“မင်းကြောက်တယ်လို့တော့ မပြောနဲ့”

ယန်ယွဲ့က သူ့ကို တစ်ချက်ကြည့်ကာ

“နည်းနည်းတော့”

“ဘာကိုကြောက်တာလဲ...”

သက်လတ်ပိုင်းအမျိုးသားက

နှုတ်ခမ်းကို ကိုက်လိုက်ပြီး “မကြောက်နဲ့

အားလုံးကို သတ်လိုက်ရုံပဲလေ”

ယန်ယဲ့ကစကားမပြောနိုင်။

“မင်းကလက်နက်လမ်းကလာတာ”

ကောင်းကင်အင်ပါယာအရှင်က

ရုတ်တရက် စကားပြောသည်။

သက်လတ်ပိုင်းအမျိုးသားက

ကောင်းကင်အင်ပါယာအရှင်ကို

စူးစိုက်ကြည့်ကာ

“ကောင်းကင်အင်ပါယာအရှင်

ထွက်သွားတော့

ငါလေးနက်တာပြောနေတယ်။ မင်းက

ဒီနေရာမှာ အာဏာပိုင်လို့ ယူဆနိုင်ပေမဲ့

ငါ့ရဲ့ ပင်မခန္ဓာကိုယ်ကို ဒီနေရာကို

လာခိုင်းရင် မင်းကို သတ်ပစ်နိုင်မှာ

သေချာတယ်”

“ငါ့ကို သတ်ပစ်နိုင်မှာလား…”

ကောင်းကင်အင်ပါယာအရှင်၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားကာ “မင်းမှာ ဒီလောက်

ယုံကြည်မှုရှိသလား...”

သက်လတ်ပိုင်းအမျိုးသားက

“မင်းကိုပြောစရာမလိုဘူး။

နှစ်ပေါင်းမရေမတွက်နိုင်တဲ့

အဲ့ဒီမျိုးဆက်ဟောင်းတွေအပြင်

မင်းရဲ့ကောင်းကင်မျိုးနွယ်က

အရူးအိုပြီးတောင်မှ ငါ့ကိုမသတ်နိုင်ဘူး”

ကောင်းကင်အင်ပါယာအရှင်၏

အမူအရာကပြောင်းသွားသည်။

“မင်းသူ့ကို သိနေတာလား…”

သက်လတ်ပိုင်းအမျိုးသားက

“ရိုးရိုးသားသားပြောရရင်

ဒီမှာအကြောင်းပြချက်တစ်ခုခုကြောင့်

မင်းကိုငါတကယ်မသတ်နိုင်ဘူး။

နောက်ဆုံးတော့

မင်းရဲ့ကောင်းကင်မျိုးနွယ်က

တာအိုလမ်းစဉ်ရှိနေတယ်။

ကောင်းကင်မျိုးနွယ်ကို

မျက်နှာသာမပေးရင်တောင်

တာအိုလမ်းစဉ်ကို

မျက်နှာသာပေးရမယ်။ နောက်ပြီး

စည်းမျဉ်းဖောက်ဖျက်လို့မရဘူး။ ဒါပေမဲ့

ဒီကလေးကို ကယ်တင်ဖို့

မင်းကိုသတ်လိုက်ရင် တာအိုလမ်းစဉ်က

ပြဿနာရှာမှာမဟုတ်ဘူး”

ကောင်းကင်အင်ပါယာအရှင်က

ယန်ယဲ့ကို စိုက်ကြည့်ရင်း

“မင်းရဲ့နောက်ခံက

သာမန်မဟုတ်သလိုပဲ”

“ဟမျှ…”

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး “လူတိုင်းက အကူအညီတွေရှိတာ သဘာဝပဲမဟုတ်ဘူးလား…”

ကောင်းကင်အင်ပါယာအရှင်က ယန်ယဲ့ကို စိုက်ကြည့်ကာ ပြုံးပြီး “ကောင်းပြီ ငါတို့ ပြန်တွေ့ကြတာပေါ့” လှည့်ထွက်သွားသည်။

ယန်ယဲ့က ရုတ်တရက် ပြောလိုက်သည်

“ကောင်းကင်အင်ပါယာအရှင်၊

ရှောင်ချီအတွက်

မျက်နှာသာလေးပေးပါရစေ။

ငါနဲ့ကောင်းကင်မျိုးနွယ်အကြားမှာ

ရန်ငြိုးသိပ်မရှိပေမယ့် မင်းငါ့ကို

ပြဿနာတက်ရှာနေမယ်ဆိုရင် ငါမင်းကို

သေချာပေါက် သတ်ပစ်မယ်”

ကျောင်းကင်အင်ပါယာအရှင်က “အဲ့ဒါကို ငါစောင့်မျှော်နေတယ်” ဟု ဂရုမစိုက်ဘဲ ပြောလိုက်သည်။ နေရာမှာပင် ပျောက်သွားခဲ့သည်။

“သူက အားနည်းတာမဟုတ်ဘူး”

ဒီအချိန်တွင် သက်လတ်ပိုင်းအမျိုးသားက “ကလေး သတိမလွတ်နဲ့” ဟုပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်သည်။

“ဟုတ်တယ်။ ဒါနဲ့မျောက်က

ဘယ်လိုအခြေအနေရှိလဲ…”

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းခါပြသည်။ “ဟုတ်တယ်

သေချာတော့မသိဘူး ဒါပေမဲ့

အခုအချိန်မှာ အခြေအနေ

တော်တော်ဆိုးနေလောက်တယ်။

ဗုဒ္ဓလမ်းစဉ်က ရဟန္တာ (၁၂)ပါးနဲ့ ဗုဒ္ဓသာဝက (၄)ပါးကို စေလွှတ်ခဲ့တယ်။ ဒါပေမဲ့ ဒီမျောက်က တော်တော်လေးအုံဩစရာကောင်းတော့ လွယ်လွယ်နဲ့တော့ သေမှာမဟုတ်ဘူး”

ယန်ယဲ့က “ဗုဒ္ဓလမ်းစဉ်ကနေ အဲ့ဒီတည်ရှိမှုက သူတို့ကို မကူညီဘူလား...”ဟု မေးလိုက်သည်။

“သူတို့ကိုကူညီမှာလား...”

သက်လတ်ပိုင်းအမျိုးသားက သူတို့ကို ရယ်မောရင်း “ဒီအရှုးအိုကြီးတွေက ပိုအရေးကြီးတဲ့ ကိစ္စတွေကို လုပ်ဖို့ရှိတယ်။ သူတို့အမြင်အရလောက်တော့ ဒါဟာ အသေးစား ပဋိပက္ခလောက်ပဲ။ အဲ့ဒါကို သူတို့လုံးဝ ဂရုမစိုက်ဘူး။ ဗုဒ္ဓလမ်းစဉ်က လမ်းကြောင်းတစ်ခုလုံး

ပျက်စီးနိုင်ချေအထိ

ခြိမ်းခြောက်တာမခံရရင်

သူတို့ကိုယ်သူတို့

ရှေ့ထွက်လာမှာမဟုတ်ဘူး။

နိုင်ငံတစ်ခုမှာ ဓာပြတွေပေါ်လာသလိုပဲ။

အင်ပါယာအရှင်က သူတို့ကို ကိုင်တွယ်ဖို့

ကိုယ်တိုင် ထွက်လာမယ်ထင်လား…”

ယန်ယွဲ့သည်

စကားမပြောနိုင်သလိုခံစားလိုက်ရသည်။

သက်လတ်ပိုင်းအမျိုးသားက လက်ကို ဝှေ့ယမ်းလိုက်စဉ် အလင်းတန်းတစ်ခုက ယန်ယဲ့၏ နဖူးအလယ်သို့ ဝင်ရောက်လာသည်။

“ဒါက ငါ့လက်နက်လမ်းစဉ်ရဲ့ တည်နေရာပါ။ (၆)လအတွင်း အရောက်လာပါ။ မင်းမလာရင် ငါ့လက်နက်လမ်းစဉ်ရဲ့

ရယ်မောစရာဖြစ်လာလိမ့်မယ်။

အဲ့ဒါဆိုရင် ဟီး...ဟီး...”

သူ၏ရယ်သံက မကောင်းသော

ရည်ရွယ်ချက်များဖြင့်

ပြည့်နှက်နေခဲ့သည်။

ယန်ယဲ့က '' မတော်တဆဖြစ်သွားရင်

ဘာဖြစ်မလဲ''

''တစ်ခုခုလွဲသွားဖို့ မကြိုးစားနဲ့ ''

သက်လတ်ပိုင်းအမျိုးသားက

''မင်းအန္တရာယ်ကြုံလာတဲ့အခါ ငါ

ဒီမှာရှိနေတာကံကောင်းတယ် ငါက

အလုပ်များတဲ့သူဆိုတော့

မင်းရဲ့သက်တော်စောင့်လုပ်ဖို့အချိန်မရှိ

ဘူး။ ကလေး...ကံကောင်းပါစေ။

မင်းတကယ်သေရင်

ငါ့မှာဆင်ခြေကြိုပြီးရှိနေတော့

လူရယ်စရာဖြစ်မှာကို မပူဘူး''

'' ဒီခွေးအိုကြီး…'' ယန်ယဲ့၏မျက်နှာက

မဲမှောင်သွားသည်။ သူက

သက်လတ်ပိုင်းအမျိုးသားကို

ဆောင့်ဆွဲပြီးရိုက်ပုတ်ချင်နေသည်။

သက်လတ်ပိုင်းအမျိုးသားက ''ကောင်းပြီ

ငါမင်းကိုစောင့်နေမယ်'' ဟုပြောပြီး

နေရာမှာပင်ပျောက်သွားသည်။

ယန်ယဲ့သည် ငြိမ်သွားသည်။

Translated by NyiNyiSoe

May Be:

...အပိုင်း ၂၃၈၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

လက်နက်လမ်းစဉ်။

သူသည် ပြဿနာတစ်ခုမှ

လွတ်မြောက်ခဲ့သော်လည်း

နောက်ထပ်တစ်ခုသို့

ရောက်သွားခဲ့ပြန်သည်။ ယန်ယဲ့သည်

အချိန်တော်တော်ကြာ

တိတ်ဆိတ်သွားပြီးနောက် နေရာမှာပင်

ပျောက်သွားခဲ့သည်။

လူသားကမ္ဘာ။

ယန်ယဲ့သည်

လူသားကမ္ဘာသို့ပြန်သွားခဲ့သည်။

သို့သော်

တစ်ကိုယ်လုံးဝတ်ရုံဖြင့်ဖုံးကွယ်ကာ

ပုန်းလျှိုးကွယ်လျှိုးသွားခဲ့သည်။

လူသားကမ္ဘာသို့

လှမ်းဝင်သည့်အချိန်တွင်

သူ့နောက်ကိုစုပြိုးမလိုက်စေချင်ပေ။

သူက ကြောက်ရွံ့သောကြောင့်မဟုတ်ဘဲ အချိန်မဖြုန်းလိုချင်ပင်။

ကျိုကလန်။

ယန်ယဲ့သည် လျှို့ဝှက်ဆန်းကြယ်သောလူပေးထားသည့်မြေပုံအတိုင်း ခရီးဆက်ခဲ့သည်။ အရှေ့ဘက်ချောက်နက်စီရင်စုဆီသို့ရောက်ရှိလာခဲ့သည်။ အကြောင်းမှာ

ကျိုကလန်က

အရှေ့ဘက်ချောက်နက်စီရင်စုတွင်ရှိသ

ည်။ ယန်ယွဲ့သည်

အဆုံးမရှိတောင်တန်းကိုဖြတ်၍

လျင်မြန်စွာ ဖြတ်လျှောက်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်

ရပ်တန့်လိုက်သည်။ အကြောင်းမှာ

သူသည် ပတ်ဝန်းကို

သတိပြုမိသောကြောင့်ပင်။

အစစ်အမှန်ဟုထင်ရသော်လည်း

ထိုသို့မဟုတ်ပေ။ ပတ်ဝန်းကျင်သည်

အစစ်အမှန်မဟုတ်ပေ။

ယန်ယဲ့သည် မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်လိုက်ပြီး

သူ၏ဓားနယ်မြေကို

အသက်သွင်းလိုက်သည်။

ဓားနယ်မြေပေါ်လာသည်နှင့်တစ်ပြိုင်တ

ည်း ပတ်ဝန်းကျင်သည်

တဖြည်းဖြည်းပြောင်းလဲလာခဲ့သည်။
ဤအခိုက်အတန့်တွင် သူသည်
မီးတောက်ပင်လယ်ထဲတွင်ရှိနေခဲ့သည်။
သူ့ခြေထောက်အောက်ရှိကျောက်တုံးက
ဤနေရာတွင် တစ်ခုတည်းသော
ကျောက်ဖျာဖြစ်သည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး ''ကျိကလန်က

ညှော့သည်တွေကို

ဒီအတိုင်းပဲညှော့ခံသလား ''

''ဘယ်ဟုတ်မလဲ...ဒါဟာ

ငါ့ကျိုကလန်ရဲ့အကာအကွယ်အစီအရင်

ထဲကတစ်ခုပဲ။

အဲဒါကိုမဖယ်ရှားရတဲ့အကြောင်းအရင်း

က အစ်ကိုယန်လာမယ်ဆိုတာမသိလို့ပဲ။

ဒါ့အပြင် နင့်ရဲ့ခွန်အားကိုအခြေခံပြီး

ဒီအစီအရင်က ဘာမှမဟုတ်ဘူးဆိုတာ

ငါတို့သေချာပေါက်သိတယ်

ဟုတ်တယ်မလား..."

"ဘာမှမဟုတ်ဘူးလား..."

ယန်ယဲ့၏ပါးစပ်ထောင့်တွင်

အပြုံးတစ်ခုပေါ်လာသည်။ ထို့နောက်

သူ့လက်ထဲမှဓားတစ်ချောင်းပေါ်လာကာ

"ဒီဓားကိုမြင်သလား ဘယ်အစီအရင်

ဒါမှမဟုတ်

ဘယ်လိုချိတ်ပိတ်စည်းမဆိုဖျက်ဆီးနိုင်စွ

မ်းရှိတယ်လို့ပြောကြတယ်။
မင်းရဲ့ကျိကလန်က ဒီအစီအရင်ကို
မလိုချင်တော့ဘူးဆိုရင်
ဒီအစီအရင်ကိုဖျက်ဆီးဖို့
ငါကိုယ်တိုင်ကူညီပေးမယ်''

ခဏမျှတိတ်ဆိတ်သွားပြီးနောက်
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ယန်ယဲ့ရှေ့တွင်ပေါ်လာသည်။ သူက
ယန်ယဲ့ရှေ့ကို ငုံ့ကြည့်ကာ ''

ငါတို့အလှမယ်လေးက

မင်းနဲ့တွေ့ချင်တယ် ''

စကားပြောပြီးနောက်

သူ့ညာလက်ကိုဝှေ့ယမ်းလိုက်ရာ

ပတ်ဝန်းကျင်သည်

ပုံမှန်အတိုင်းပြန်ဖြစ်သွားသည်။

ထို့အပြင် သူ့ရှေ့တွင်

တံခါးတစ်ချပ်ပေါ်လာသည်။

တံခါးပေါက်ထဲသို့ဝင်လိုက်သည်နှင့်

၎င်းနောက်ကွယ်တွင် မတူကွဲပြားပြီး

ခြားနားသောကမ္ဘာတစ်ခုရှိနေသည်။

ယန်ယဲ့ရှေ့တွင်

တောင်ကုန်းငယ်တစ်ခုရှိခဲ့သည်။

တောင်ကုန်းငယ်က သိပ်တော့မမြင့်ပေ။

အပေါ်တွင် ဇိမ်ခံနန်းတော်တချို့ကို

ဖျတ်ခနဲသတိထားမိလိုက်သည်။

ထိုတောင်၏တစ်ဝိုက်တွင်

အဖြူရောင်စွမ်းအင်မြူ

အမြောက်အမြားလွင့်မျောနေကာ

နတ်ကြိုးကြာများ

မကြာခဏပျံဝဲနေကြသည်။

အင်မောတယ်နတ်နယ်မြေတစ်ခုကဲ့သို့ပင်

။

ကျီမျိုးနွယ်။

ယန်ယွဲ့သည်

သက်လတ်ပိုင်းအမျိုးသားနှင့်အတူ

တောင်ထိပ်သို့လိုက်သွားကာ

မြို့ငယ်လေးတစ်ခုဆီသို့ရောက်လာခဲ့သ

ည်။ မြို့ကအလွန်သေးငယ်သည်ဟု

ဖော်ပြနိုင်သည်။ လူပေါင်း (၁)

သိန်းထက်ပင်မပိုနိုင်ပါ။ ယန်ယွဲ့သည်

ဤနေရာရှိ

လူများအားလုံးကိုကြည့်လိုက်သည်။

သူတို့အားလုံးက ကျင့်ကြံသူများပင်။

မည်သူကမျှ အားမနည်းကြပေ။

အရေးကြီးဆုံးကတော့

သဘာဝစွမ်းရည်က

အပြင်လောကရှိလူများထက်အများကြီး

သာလွန်သည်။

အချိန်တော်တော်ကြာပြီးနောက်

ယန်ယွဲ့သည်

အိမ်တော်တစ်လုံးရှေ့သို့ရောက်လာခဲ့သ

ည်။ သူရောက်လာသည်နှင့်

တံခါးပွင့်လာသည်။

အမျိုးသမီးတစ်ယောက်ထွက်လာသည်။

ကျီယွဲ့၏ညီမဖြစ်သူ ကျီလျန်း....

သူမက ယန်ယဲ့ဆီသို့လျှောက်လာကာ ''

ငါ့အစ်မက

နည်းနည်းအလုပ်များနေတော့ သူမ

နင့်ကိုမကြိုဆိုနိုင်ဘူး။

နင်စိတ်မရှိဘူးလို့မျှော်လင့်ပါတယ်''

ယန်ယွဲ့က ''အဆင်ပြေတယ် မင်းငါ့ကို တိတ်ဆိတ်တဲ့နေရာတစ်ခုရှာပေးနိုင်မလား''

သူမက ယန်ယွဲ့ကိုကြည့်ကာ ပြုံးပြီး ''ဒါပေါ့...''

''ညီမလျှန်၊ အဲဒါဘယ်သူလဲ...'' အသံတစ်သံရုတ်တရက်ထွက်ပေါ်လာသည်။ ခမ်းနားထည်ဝါသော

လူချောတစ်ယောက်က ယန်ယဲ့နှင့်တခြားလူတိုင်းဆီသို့လျှောက်လာခဲ့သည်။ ရှေ့ရှိအမျိုးသမီးက ရုတ်တရက် ''ဒါက ငါ့အစ်မရဲ့ညှော့သည်တော်အစ်ကိုယန်ဟုတ်တယ်...သူက အရမ်းအရေးကြီးတဲ့ညှော့သည်တော်ပဲ''

''ဟမ်...'' ထိုလူက ယန်ယဲ့ကိုစိုက်ကြည့်ရင်း

''မင်းဘယ်မျိုးနွယ်ကလဲဆိုတာ
ငါသိနိုင်မလား''

ယန်ယဲ့က ''ယန်မျိုးနွယ်''

''ယန်မျိုးနွယ်...'' ထိုလူက
မျက်မှောင်ကြုတ်ကာ
''ငါတစ်ခါမှမကြားဖူးဘူး''

ယန်ယဲ့က

''ဒါဟာမျိုးနွယ်စုလေးတစ်ခုပဲ''

ဟုပြောကာ

အမျိုးသမီးငယ်ကိုစိုက်ကြည့်နေသည်။

သို့သော်လည်း သူမက

လမ်းကြောင်းပြောင်းဖို့ရည်ရွယ်ချက်မရှိ

သဖြင့် ပြုံးကာ ''အစ်ကိုကျန်းဟွာ၊ သူက

သာမန်လူတော့မဟုတ်ဘူး။ ငါ့အစ်မက

သူ့အပေါ်အရမ်းသဘောထားကြီးတယ်''

''ဟုတ်လား…''ထိုလူက
ယန်ယွဲ့ကိုစိုက်ကြည့်ကာ
ဝေ့ဝဲကြည့်နေသည်။ အမျိုးသမီးက
ထပ်ပြောရန်ပြင်သော်လည်း
ယန်ယွဲ့ကရုတ်တရက် ရှေ့တိုးလာသည်။
''ကလေးမ…ငါပြောမဲ့စကားကိုနားထောင်
။ မင်းနဲ့အချိန်ဖြုန်းဖို့ ငါစိတ်မဝင်စားဘူး။
မင်းရဲ့လှည့်ကွက်က ဘာပဲဖြစ်ဖြစ်
ငါကရုမစိုက်ဘူး။

သဘောထားကွဲလွဲမှုတွေနဲ့ပြဿနာဖန်

တီးဖို့ ဆက်ကြိုးစားနေမယ်ဆိုရင်

သွေးဘယ်လောက်နီရဲသလဲဆိုတာ

ငါပြမယ်''

ယန်ယဲ့က

အမျိုးသမီးငယ်၏အကြောင်းအရင်းကိုမ

သိသော်လည်း

သူမအတွက်အချိန်မဖြုန်းချင်ခဲ့ပေ။

သူသည် ကျီကလန်ကိုကျေးဇူးပြန်ဆပ်ဖို့

ဤနေရာ၌ရှိခဲ့သည်။

အမျိုးသမီးငယ်၏အမူအရာသည်

အနည်းငယ်ပြောင်းသွားသည်။ ယန်ယဲ့က

တဲ့တိုးဆန်စွာပြောလာမည်ဟု

မထင်မှတ်ထားခဲ့ပေ။ ယန်ယဲ့က

သူမကိုမျက်နှာသာမပေးသောကြောင့်

ပို၍ပင်ဒေါသထွက်သွားသည်။

သူမ၏ဘဝတစ်လျှောက်လုံး

မျက်နှာသာမပေးဘဲ ငြင်းဆန်သောသူနှင့်

ပထမဆုံးအကြိမ်ကြုံဖူးသည်။

ထိုလူနှင့်ပတ်သက်ပြီး

တော်တော်လေးစိတ်မကောင်းဖြစ်သွားပုံ

ရသည်။

ဤအချိန်တွင် ကျန်းဟွာု

ဖြည်းညင်းစွာလျှောက်လာပြီး

ယန်ယဲ့ရှေ့တွင်ရပ်လိုက်သည်။

ထို့နောက်လက်ကိုမြှောက်ပြီး

ယန်ယဲ့၏ပါးကိုရိုက်ချလိုက်သည်။

ရိုက်ချမိလျှင် ယန်ယွဲ၏ပါးစပ်ထဲမှ သွားအားလုံးကြွေထွက်သွားနိုင်သည်။ ယန်ယွဲသည် သဘာဝအတိုင်း ထိုလူကို လက်သီးဖြင့်ထိုးလိုက်ရုံပင်။

''ဘုန်း...''

ကျန်းဟွာက တုံ့ပြန်နိုင်စွမ်းပင်မရှိခဲ့ဘဲ ချက်ချင်းပင် မီတာ ၃၀၀ အကွာသို့လွင့်ထွက်သွားသည်။

ထိုလူရုပ်တန့်လိုက်သည်နှင့်

ညာဘက်လက်ကိုင့်ကြည့်လိုက်ရာ

အရိုးများကွဲအက်သွားသည်ကိုသတိပြုမိ

သည်။ ကျန်းဟွာ၏အမူအရာက

ချက်ချင်းပင်ပြင်းထန်လာသည်။ သူက

ယန်ယွဲ့ကိုမော့ကြည့်ပြီး ''ဒီတော့ မင်းက

ခန္ဓာကိုယ်လမ်းစဥ်ကျင့်ကြံသူလား''

ဟုပြောပြီးနောက်တိုက်ခိုက်ရန်ပြင်လိုက်

သည်။

အနားကနေ

ရုတ်တရက်အသံတစ်သံထွက်ပေါ်လာ၏

။ ''ရပ်လိုက်''

ယန်ယဲ့က ကျော်ကြည့်လိုက်ရာ ကျိယွဲ့က

ဘီးတပ်ကုလားထိုင်နှင့်

ချဉ်းကပ်လာသည်ကိုတွေ့လိုက်ရသည်။

မျက်နှာဖုံးစွပ်အဖိုးကြီးက

သူ့မနောက်ကွယ်တွင်ရှိနေသည်။

ကျန်းဟွာက

ထပ်ပြီးမတိုက်ခိုက်တော့ပေ။

''မိန်းကလေးယွဲ့သူက

စော်ကားလိုက်တာ''ဟု

လေးနက်စွာပြောလိုက်သည်။

ကျိယွဲ့က

ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်သည်။

''သခင်လေး ကျွမ် ကျေးဇူးပြုပြီး

အနားယူပါ ငါ ဒီကိစ္စတွေကို

ကိုင်တွယ်လိုက်မယ်''

ကျွမ်ဟွာ၏မျက်နှာက

မနေနိုင်လောက်အောင်ဖြစ်သွားသည်။

''ဟမျှ...''

ကျိုယွဲ့က သူ့ကိုစိုက်ကြည့်နေသည်။ ''

ဘာလဲ''

ကျန်းဟွာက

ယန်ယဲ့ကိုစိုက်ကြည့်ကာထွက်သွားသည်။

''ကျိုလျန်း...'' ကျိုလျန်းကလည်း

ထွက်သွားချင်သော်လည်း ကျိုယွဲ့က

ရုတ်တရက် ''လျန်အာ၊

နင်ရဲ့လုပ်ရပ်တွေကိုပြန်စဥ်းစားကြည့်''

'' အို…'' သူမက ယန်ယဲ့ကို

မကျေမနပ်စိုက်ကြည့်ရင်း

အဝေးဆီသို့ပျောက်ကွယ်သွားသည်။

သူတို့နှစ်ယောက်ထွက်သွားသည်နှင့်

ကျိုယွဲ့က ယန်ယဲ့ကိုစိုက်ကြည့်ရင်း

''ငါ့ညီမလေးက ငယ်သေးတော့

အဲဒီနေ့ကဖြစ်ရပ်ကို

သင်ခန်းစာမယူတတ်သေးဘူး။

ဒါကြောင့် သူမဒီလိုလုပ်ခဲ့တာ

ဒါပေမဲ့သူက မင်းကိုဆိုးရွားတဲ့ရည်ရွယ်ချက်မထားပါဘူး။ ဒါကြောင့်မင်းဒေါသမထွက်ဖို့မျှော်လင့်တယ်''

ယန်ယဲ့ကခေါင်းညိတ်လိုက်သည်။''တကယ်တော့ ဘာမှကိုမဟုတ်ပါဘူး''

ကျိုယွဲ့က

''ဒီလိုကြားရတာဝမ်းသာပါတယ်

ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ''

စကားပြောပြီးသည်နှင့် သူမက

ယန်ယွဲ့၏ညာဘက်သို့ထွက်ခွာသွားသည်

။ ခဏအကြာတွင်

ဝါးတောထဲသို့ရောက်လာသည်။

ဝါးတောနောက်သို့လျှောက်လာကြရင်း

မြစ်သေးသေးလေးတစ်စင်းကိုတွေ့လိုက်

ရသည်။ မြစ်ရေသည် ကြည်လင်နေကာ
အောက်ခြေကိုပင်မြင်နိုင်သည်။
မြစ်အောက်ဘက်တွင်
ဝါးအိမ်တစ်လုံးရှိနေသည်။

ကျိုယွဲ့က "ဒီနေရာမှာ
ငါလေ့ကျင့်လေ့ရှိတယ်
အရမ်းတိတ်ဆိတ်နေလို့
ဒီမှာပဲနေလို့ရတယ် စိတ်မပူပါနဲ့ ဒီမှာဆို

နင့်ကိုဘယ်သူမှနှောင့်ယှက်မှာမဟုတ်ဘူး
''

ယန်ယဲ့က ''မင်းရဲ့မျိုးနွယ်ထဲက
ဒီနတ်သားရဲကို
ငါတို့ဘယ်အချိန်မှာပြန်လွှတ်ရမလဲ''

''သုံးရက်...သုံးရက်အတွင်းပြန်လွှတ်ဖို့
သွားကြတာပေါ့''

ယန်ယွဲ့ကခေါင်းညိတ်လိုက်သည်။

ဝါးအိမ်ဆီသို့ ဆက်သွားလိုက်သည်။

ကျိယွဲ့က ရုတ်တရက် ''အစ်ကိုယန်''

ယန်ယွဲ့ကစိုက်ကြည့်လိုက်သည်။

''အစ်ကိုယန် ငါ့ကျိကလန်က

အဲဒီကိုသွားမဲ့တစ်ခုတည်းသောမျိုးနွယ်

တော့မဟုတ်ဘူး။ သူမက ဒါက

မျိုးနွယ်စုလေးစုပိုင်ဆိုင်တဲ့နေရာ

ဒါကြောင့်

တခြားမျိုးနွယ်စုတွေလည်းရှိကောင်းရှိနို
င်တယ် ပြီးတော့..."

ယန်ယဲ့က

"သူတို့နဲ့တိုက်ခိုက်မှာကိုကြောက်လို့လား"

သူမက

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

"မျိုးနွယ်စုတစ်ခုက

လူသားအင်ပါယာအရှင်နဲ့အတူရှိနေတယ်
''

ယန်ယဲ့က ပြုံးပြီး ''ငါ့ကို မစော်ကားရင် ဒေါသထွက်မှာမဟုတ်ဘူး'' စကားပြောပြီးနောက် နေရာမှာပင် ပျောက်ကွယ်သွားသည်။ ကျိယွဲ့က ခဏမျှငြိမ်သက်သွားပြီး မျက်နှာဖုံးစွပ်အဖိုးကြီးနှင့်အတူ ထွက်သွားခဲ့သည်။

ဝါးအိမ်ထဲတွင် ယန်ယဲ့သည်

ဝါးကုလားထိုင်ပေါ်တွင်

တင်ပျဉ်ခွေထိုင်ကာ

မူလစေတီထဲသို့ဝင်လိုက်သည်။ အဆင့်

(၂)သို့တက်သွားသည်။ ထိုနေရာတွင်

ဇီအာက သတိလစ်နေတုန်းပါ။ ယန်ယဲ့က

ကောင်းကင်ငှက်ကိုစိုက်ကြည့်ကာ သူမ

အဆင်ပြေလား'' ဟုမေးလိုက်သည်။

ကောင်းကင်ငှက်က '' သူမကို

သေချာစစ်ကြည့်တော့ အသိစိတ်က တဖြည်းဖြည်းပြန်ကောင်းလာတာကိုသတိထားမိတယ်။

သူမရဲ့ခန္ဓာကိုယ်လည်းအဆင်ပြေတယ်။ ဒါပေမဲ့..."

ယန်ယဲ့က "ဘာလဲ"

''သူမရဲ့စိတ်ဝိညာဉ်အစိတ်အပိုင်းတစ်ခု
အားနည်းနေတာကို ငါသတိထားမိတယ်။
အရေးကြီးဆုံးအပိုင်းပေါ့...''

ယန်ယဲ့၏မျက်နှာက ချက်ချင်းပင်
အုံ့မှိုင်းသွားကာ
''ဒီစောက်ကောင်းကင်အင်ပါယာအရှင်ပဲ
လား'' ကောင်းကင်ငှက်က
ခေါင်းခါလိုက်ပြီ ''ငါလည်းမသိဘူး
ရှောင်ချီရဲ့ဝိညာဉ်ကို သူမခန္ဓာကိုယ်ထဲက

ခဲ့ထုတ်တဲ့အချိန်မှာ

ဖြစ်ပွားခဲ့တဲ့ပြဿနာတစ်ခုဖြစ်နိုင်တယ်

ဒါဆို ရှောင်ချီကိုမေးရမယ်''

ယန်ယဲ့က ''စောစောက

ဘာလို့မပြောတာလဲ''

ကောင်းကင်ငှက်က ''

ငါသာပြောလိုက်ရင်

မင်းကောင်းကင်ကမ္ဘာကနေထွက်သွားမှာ

မဟုတ်ဘူး''

ယန်ယဲ့က ငြိမ်သွားသည်။

ကောင်းကင်ငှက်က

''မင်းရဲ့လက်ရှိအင်အားက

မလုံလောက်သေးဘူး ဒါကြောင့်

ကောင်းကင်မျိုးနွယ်တစ်ခုလုံးကိုယှဉ်မ

ဆိုင်နိုင်ဘူး။ ဒါကြောင့် နင့်ကိုမပြောဘဲ

ကောင်းကင်ကမ္ဘာကထွက်သွားမှာကို

ငါစောင့်နေတာ... နင်ဒေါသတကြီးနဲ့

ကိုယ့်သေတွင်းကိုယ်တူးမှာ

ငါစိုးရိမ်မိတယ်''

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်။

''နားလည်ပါတယ် စိတ်မပူပါနဲ့

ငါ့ခွန်အားကိုမယုံမချင်း

ကောင်းကင်ကမ္ဘာကိုပြန်သွားမှာမဟုတ်

ဘူး''

Translated By NyiNyiSoe

May Be:

...အပိုင်း ၂၃၉၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ကောင်းကင်ငယ်က ခေါင်းညိတ်ပြီး

“ဇီအာနိုးလာတာနဲ့ ငါက

ဝင်ရိုးစွန်းကြယ်ကို

ပြန်သွားကြည့်ချင်တယ်” ဟု
ပြောလိုက်သည်။

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း
“ကောင်းပြီ ငါမင်းနဲ့အတူ
ပြန်လိုက်ခဲ့မယ်”

ကောင်းကင်ငယ်ကပြုံးပြီး
“ကောင်းပါပြီ”

ကောင်းကင်ငယ်နှင့် အချိန်တော်ကြာ

စကားစမြည်ပြောဆိုပြီးနောက်

ယန်ယဲ့သည် စပြီးကျင့်ကြံလိုက်သည်။

လက်ရှိတွင် သူက အကြားတာအိုသခင်

ဖြစ်နေသည်။ သူ၏ခွန်အားက

အချို့သော

ဗျာန်သခင်များနှင့်အဆင့်တူပါ။

ထို့ပြင်သူက သတ်ပစ်နိုင်သည်။

သို့ရာတွင် သူ၏ကျင့်ကြံမှုအဆင့်က

အလွန်နိမ့်ကျနေသေးသည်။ ထို့ကြောင့်
သူ့ကိုယ်သူဆက်ပြီး တိုးတက်အောင်
လုပ်ရပါမည်။

အချိန်များ
တဖြည်းဖြည်းကုန်ဆုံးလာသည်။
မူလစေတီထဲတွင်
အချိန်တစ်လကျော်သွားပါပြီ။
ဤတစ်လအတောအတွင်း
ယန်ယဲ့နေ့တိုင်း လုပ်ခဲ့သောအရာက

ကျင့်ကြံခြင်း၊ နှင်းပွင့်လေးနှင့်အတူ

ကစားခြင်းပင်။ ချင်းချက်မှာ

နှင်းပွင့်လေးမှာ အရွယ်အစား

အနည်းငယ် ပိုကြီးလာခဲ့သည်။

ထို့ပြင်သူမ၏ အမွေးပွပွလေးများက

ယခင်ထက်ပင် ပို၍ဖြူဖွေးလာသည်။

နှင်းပွင့်လေးက လုံးဝကို

နှင်းခဲလုံးလေးလိုပါ။

အကြောင်းအရင်းကိုတော့ မသိနိုင်ပေ။

ယန်ယဲ့က ကောင်းကင်ငယ်ကို

မေးလိုက်ရာ နောက်ဆုံးရှင်းပြချက်က

နှင်းပွင့်ဟာ တဖြည်းဖြည်း

အရွယ်ရောက်လာပြီး ဟူ၍ပင်။

"အရွယ်ရောက်လာပြီ"

နှင်းပွင့်က ဝိညာဉ်အင်ပါယာဖြစ်သည်။

နှင်းပွင့်ကဲ့သို့ ဝိညာဉ်အင်ပါယာက

အဆင့်တစ်ခုထဲရှိ

ဝိညာဉ်အင်ပါယာမဟုတ်ပေ။ သူမက

လောကစကြဝဠာတစ်ခုလုံး၏

မဟာဝိညာဉ်အင်ပါယာ ဖြစ်သည်။

လောကစကြဝဠာတွင် နှင်းပွင့်ကဲ့သို့

မဟာဝိညာဉ်အင်ပါယာတစ်ပါးတည်းရှိသ

ည်။  အခြားသော ဝိညာဉ်ဘုရင်များလည်း

အဆင့်တက်နိုင်သည် သို့သော်လည်း

ကောင်းကင်ငယ်က

ဝိညာဉ်အင်ပါယာများအကြောင်း

သိပ်ပြီးမသိခဲ့ပေ။ အကြောင်းမှာ

ဝင်ရိုးစွန်းကြယ်တွင်

ဝိညာဉ်အင်ပါယာရှိခဲ့သော်လည်း

ဝင်ရိုးစွန်းကြယ်မှထွက်ခွာသွားသော

ကြောင့်ဖြစ်သည်။ ထို့ပြင် နှင်းပွင့်က

အခြားသော

ဝိညာဉ်အင်ပါယာများမတူပေ။

သူမလေးက

မူလခရမ်းရောင်စွမ်းအင်ဖြင့် ရေချိုးရင်း

ကြီးပြင်းလာခဲ့သည့်

ဒဏ္ဍာရီလာဝိဉာဉ်အင်ပါယာဖြစ်သည်။

ကောင်းကင်ငယ်ပြောသည့်

စကားကိုကြားလိုက်သည်နှင့်

သူ့ရင်ခွင်ထဲတွင် အိပ်ပျော်နေသော

နှင်းခဲလေးကို ငုံ့ကြည့်လိုက်ကာ

ရယ်မောလိုက်သည်။

သူက "သူမတိုးတက်လာပြီးတဲ့နောက်မှာ

ဘယ်လိုဖြစ်လာမလဲလို့ ငါတွေးမိတယ်"

ယန်ယဲ့သည် နှင်းပွင့်၏အနာဂတ်ကို
အမှန်တကယ်ပင် မျှော်လင့်ထားသည်။

သုံးရက်ခန့်ကြာသွားသည်။

ယန်ယဲ့သည်  နှင်းပွင့်ကို
ကောင်းကင်ငယ်ဆီသို့ ပြန်ပေးကာ
မူလစေတီထဲမှ ထွက်လာခဲ့သည်။
အပြင်ထွက်လာသည်နှင့် ယန်ယဲ့သည်

အသက်ပြင်းပြင်းရှူလိုက်သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း

သူသည် မတိုးတက်ခဲ့သော်လည်း

အနည်းငယ် အကျိုးအမြတ်ရခဲ့သည်။

ဤအကျိုးအမြတ်များက

အများအားဖြင့်

သူ၏စိတ်ဝိညာဉ်အခြေအနေတိုးတက်မှုပ

င်ဖြစ်သည်။ အကြောင်းမှာ

သူသည်ပညာရှင်နှင့်

အနှောင်အဖွဲ့ကင်းမဲ့သူ၏

တိုက်ပွဲကိုပြန်ကြည့်ပြီးနောက် နားလည်မှု

အချို့ရခဲ့သည်။

လွန်ခဲ့သည့်လအတွင်း

ထိုနားလည်မှုအားလုံးကို

သူ၏ကိုယ်ပိုင်နားလည်မှုအဖြစ်

အပြည့်အဝဆင်ခြင်လိုက်သည်။ ၎င်းက

သူ၏ခွန်အားကို

ချက်ချင်းမတိုးတက်နိုင်သည့်တိုင်

ဓားတာအိုအတွက်တော့ လုံးဝကို

အကျိုးအမြတ်ရှိခဲ့သည်။

အတိုချုံးပြောရလျှင်

ကြီးမားသောအကျိုးအမြတ်ပင်ဖြစ်သည်

။

ဤအချိန်တွင်

မျက်နှာဖုံးစွပ်အဘိုးကြီးက

ကျီယွဲ့နှင့်အတူ ယန်ယဲ့ဆီသို့

လျှောက်လာသည်။

ကျိုယွဲ့က “အစ်ကိုယန်
အဆင်သင့်ဖြစ်ပြီးလား…”

ယန်ယဲ့က သူမကို
တစ်ချက်ကြည့်လိုက်ပြီး
“ဘယ်အချိန်မဆို သွားလို့ရပြီ”

ကျီယွဲ့က

အနည်းငယ်ခေါင်းညိတ်လိုက်သည်

“ဒါဆို ငါနဲ့လိုက်လာခဲ့ပါ”

အဘိုးကြီးက ဘီးတပ်ကုလားထိုင်ကို

တွန်းလိုက်ပြီး

တစ်ဖက်ပြန်လှည့်သွားခဲ့သည်။

ယန်ယဲ့သည် ချက်ချင်းပင်

နောက်ကနေလိုက်လာခဲ့သည်။

အချိန်သိပ်မကြာလိုက်ပေ မြို့ထဲမှ

ထွက်လာခဲ့သည်။ မြို့ပြင်တွင် သက်လတ်ပိုင်းအမျိုးသားတစ်ယောက် ရှိနေသည်။

သူက ယန်ယဲ့ကို စိုက်ကြည့်ပြီး“ကျိကလန်ရဲ့ ဘိုးဘေး ကျိဝူယွမ်”

“ကျိဝူယွမ်”

ယန်ယဲ့က လက်သီးဆုပ်ပြီး “တွေ့ရတာ ဝမ်းသာပါတယ် အကြီးအကဲ”

သက်လတ်ပိုင်းအမျိုးသားက ခေါင်းညိတ်ပြပြီး “ကောင်းပြီ ငါမင်းကို စိတ်ချလိုက်မယ်”

ယန်ယဲ့က “စိတ်မပူပါနဲ့။ ဒါဟာ ငါ့တာဝန်ပဲလေ”

သက်လတ်ပိုင်းအမျိုးသားက
ခေါင်းညိတ်ပြပြီး ကျီယွဲ့ကို
စိုက်ကြည့်ကာ “သတိထားပါ”

ကျီယွဲ့က “အစ်ကိုယန်ပါနေတာပဲ၊
စိတ်ပူစရာမလိုပါဘူး”

သက်လတ်ပိုင်းအမျိုးသားက
စကားတစ်ခွန်းမှမပြောဘဲ ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ ခဏအကြာတွင်

ကောင်းကင်ယံအထက်မှ

ရထားလုံးတစ်စင်းထိုးဆင်းလာကာ

သူတို့ရှေ့ ဆင်းသက်လာသည်။

ရထားလုံးက အလွန်ကြီးမားကာ

အနည်းဆုံး လူတစ်ရာလောက်

ဝင်ဆံ့နိုင်သည်။ ထို့ပြင်

ရထားလုံးအားဆွဲသည်က

သာမန်မြင်းများမဟုတ်ဘဲ နဂါးများပင်။

ယန်ယဲ့သည်

နဂါးများကိုစိုက်ကြည့်လိုက်သည်

အားလုံးက

အနက်ရောင်နဂါးများဖြစ်ကြသည်။

ထို့ပြင် တာအိုသခင်အဆင့်

နဂါးများဖြစ်သည်။ ယန်ယဲ့သည်

ကျီဝူယွမ်ကို

မသိမသာလှည့်ကြည့်လိုက်သည်။

ကျီမျိုးနွယ်သည်

တာအိုသခင်အဆင့်နဂါးများကို

ရထားဆွဲသော မြင်းများအဖြစ်

အသုံးပြုထားသောကြောင့်

သာမန်မဟုတ်မှန်း သိသာလှသည်။

ကျိုယွဲ့က ရုတ်တရက် ပြောလိုက်သည်။

“အစ်ကိုယန် ကျေးဇူးပြုပြီး

ငါနဲ့အတူလိုက်ခဲ့ပါ”

ယန်ယွဲ့က မငြင်းဘဲ ရထားထဲသို့
ဝင်သွားပြီးနောက် သူ့အတွက်
တိတ်ဆိတ်သော နေရာတစ်ခုကို
ရှာလိုက်သည်။ ဤအချိန်တွင်
ကျိုးယွဲ့လည်း လိုက်ပါဝင်လာသည်။
သို့သော် မျက်နှာဖုံးစွပ်အဘိုးကြီးက
သူမနှင့်အတူ လိုက်ပါမဝင်လာပေ။

ကျီယွဲ့က “ဦးလေးကျန်းက

ငါတို့ရထားလုံးကို

မောင်းနှင်ပေးလိမ့်မယ်”

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး ကျီယွဲ့၏

ဘီးတပ်ကုလားထိုင်ကို

စိုက်ကြည့်နေသည်။

သူက ခဏမျှ တုံ့ဆိုင်းသွားပြီး

“မိန်းကလေးကျီယွဲ့၊

မင်းခြေထောက်တွေက

ဘာဖြစ်နေတာလဲ...” ဟုမေးလိုက်သည်။

ကျီယွဲ့က အနည်းငယ်

ရယ်မောလိုက်သည်။

“တချို့အကြောင်းပြချက်တွေကြောင့်

ငါ့ခြေထောက်တွေက

အသက်ဝင်နေတယ်လို့ မခံစားရဘူး”

ယန်ယဲ့က “ငါက ကုသတဲ့နေရာမှာ တော်တော်လေးတော်တယ်။ မင်းငါ့ကို ကြိုးစားကြည့်စေချင်သလား…”

သူမက တိုးတိုးလေးပြောလိုက်သည်။ “ပညာရှင်တစ်ယောက်တောင်မှ ငါ့ကို ကူညီဖို့ တစ်ကြိမ်ကြိုးစားခဲ့သေးတယ်။ ကံမကောင်းစွာနဲ့ဘဲ အလုပ်မဖြစ်ခဲ့ဘူး”

“အို”

ယန်ယဲ့က

တခြားဘာမှထပ်မပြောတော့ပေ။

တစ်ချိန်တည်းမှာပင် ကျိုယွဲ့က “ဒါပေမဲ့ နင်ကြိုးစားလို့ရတယ်”

ယန်ယဲ့က

“ပညာရှင်တစ်ယောက်တောင်မှ

မအောင်မြင်ဘူးလို့ မင်းပြောခဲ့တာ

မဟုတ်ဘူးလား...”

ကျီယွဲ့က ပြုံးပြီး “နင်က

သာမန်လူမဟုတ်ဘူး။

ဖြစ်ကောင်းဖြစ်နိုင်တယ်

အံ့သြစရာတစ်ခု ရှိနိုင်တယ်။

ဘယ်လိုပဲဖြစ်ဖြစ်

နင်ကြိုးစားကြည့်နိုင်တယ်။ ငါ့ဘာမှ

မဆုံးရှုံးဘူးမဟုတ်လား...”

ယန်ယဲ့က ပြုံးပြီး "မိန်းကလေးကျိုယွဲ့၊

မင်းဟာ

စိတ်သဘောထားအရမ်းကောင်းတယ်။

ပြီးတော့ ပေါ့ပေါ့ပါးပါးပဲနေတယ်။

ဒါပေမဲ့လို့ မင်းက သာမန်မဟုတ်ဘူး"

ကျိုယွဲ့က ပြုံးပြီး ဘာမှပြန်မပြောပေ။

ယန်ယဲ့က မတ်တတ်ထရပ်ကာ ကျိုယွဲ့ဆီ
လျှောက်သွားပြီးနောက်
သူမ၏ခြေထောက်များကိုစိုက်ကြည့်နေ
သည်။ ကျိုယွဲ့၏အမူအရာက
ပုံမှန်ဖြစ်သည်။ သူ့အကြည့်ကို လုံးဝ
စိတ်အနှောက်အယှက်ဖြစ်ပုံမရပေ။
ယန်ယဲ့လည်း အရမ်းကြီး
စိတ်ရှုပ်နေပုံမပေါ်။ သူ့လက်ကို ကျိုယွဲ့၏
ခြေထောက်နှစ်ဖက်ပေါ်

တင်လိုက်ပြီးနောက်

မူလခရမ်းရောင်စွမ်းအင်များကို

ဖြည်းညင်းစွာ ပို့လွှတ်လိုက်သည်။

အချိန်သိပ်မကြာလိုက်ဘဲ

ကျီယွဲ့၏မျက်လုံးထဲ၌ အံ့အားသင့်သော

အမူအရာများ ထွက်ပေါ်လာသည်။

သို့သော်လည်း ယန်ယွဲ့၏အမူအရာသည်

ရုတ်တရက်ဆိုသလို သိသိသာသာ

ပြောင်းလဲသွားသည်။

“အုန်း…”

မမြင်နိုင်သော စွမ်းအင် လှိုင်းလုံးများဖြင့် ယန်ယဲ့သည် လွင့်ထွက်သွားခဲ့သည်။

“ဝုန်း…”

ရထားလုံးတစ်ခုလုံးသည် ပြင်းထန်စွာ တုန်ခါသွားသည်။

ယန်ယဲ့သည်ဖြည်းဖြည်းချင်း

မတ်တတ်ထရပ်ပြီးနောက်

သူ၏လက်နှစ်ဖက်စလုံးကွဲထွက်သွားသ

ည်ကို အံ့အားသင့်စွာ

သတိပြုမိလိုက်သည်။

သူ၏လက်နှစ်ဖက်မှ သွေးများ

အဆက်မပြတ် စီးကျနေသည်။ ထို့ပြင်

ကောင်းကင်ယံမှ

အရောင်စုံလျှပ်စီးကြောင်းကြီးတစ်ခု

ဆင်းသက်လာကာ ရထားလုံးဆီသို့
တည့်တည့် ပစ်လွှတ်လိုက်သည်။

ယန်ယဲ့သည် အံ့ဩသွားမိခဲ့သည်။

“သောက်ကျိုးနည်း
ငါဘာလုပ်ခဲ့လို့လဲဟ...”

အရောင်စုံနတ်လျှပ်စီးကြောင်းက
ကောင်းကင်အပေါ်မှ ပစ်ချလိုက်သည်။

ရထားလုံးအပေါ်တည့်တည့်

ဆင်းသက်လာပါတော့သည်။

၎င်းတွင်ပါရှိသော သဘာဝ

အဖျက်စွမ်းအားက အရာအားလုံးကို

ဖျက်ဆီးပစ်နိုင်ပုံရသည်။ ဤအချိန်တွင်

မျက်နှာဖုံးစွပ်အဘိုးကြီးက

ကောင်းကင်ပေါ်သို့ ခုန်တက်သွားပြီး

အလင်းတန်းတစ်ခုဖြင့်

လှျပ်စီးကြောင်းဆီသို့ လျင်မြန်စွာ ပစ်လွှတ်လိုက်သည်။

“ဖောင်း…”

ကျယ်လောင်သော ပေါက်ကွဲသံ ထွက်ပေါ်လာသည်။ သို့သော်လည်း နတ်လှျပ်စီးကြောင်းကပျောက်ကွယ်မသွားပေ။ ထို့ပြင် အရှိန်ပင် မြန်လာသည်။ အဘိုးကြီးက

မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင် ကျိယွဲ့ပ သူမ၏

လက်နှစ်ဖက်ကို

ခြေထောက်နှစ်ဖက်ပေါ်တင်ကာ

အားအနည်ငယ် ထုတ်လိုက်သည်။

သူမ၏ ခြေထောက်နှစ်ဖက်က

ခရမ်းဖျော့ဖျော့ စွမ်းအင်များ

ရုတ်တရက် ပြန်ထွက်လာသည်။

ယန်ယွဲ့ပိုလွှတ်ပေးလိုက်သော

မူလခရမ်းရောင်စွမ်းအင်ပါ။

မူလခရမ်းရောင်စွမ်းအင်ကို

အပြင်ပြန်ထုတ်လိုက်သည်နှင့်

တစ်ပြိုင်နက် ကောင်းကင်ယံအထက်မှ

ဆင်းသက်လာသော

အရောင်စုံနတ်လျှပ်စီးကြောင်းက

ရုတ်ခြည်းပင် ပျောက်ကွယ်သွားခဲ့သည်။

ထိုနောက်တွင် ပတ်ဝန်းကျင်သည်လည်း

တစ်ဖန်ပြန်လည် ငြိမ်သက်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် ရထားလုံးတံခါး ရုတ်တရက် ပွင့်လာပြီး အဘိုးကြီးက ရထားလုံးထဲသို့ တစ်ချက်လှမ်းကြည့်သည်။ ကျီယွဲ့ အဆင်ပြေနေသည်ကို မြင်သောအခါ ပြန်လှည့်မသွားခင် ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်သည်။

ယန်ယွဲ့က “ဒါက ဘာလဲ…”

ကျီယွဲ့က ပြုံးပြကာ "ကောင်းကင်ဘုံ၏
ကျိန်စာ"

"ကောင်းကင်ဘုံ ကျိန်ဆဲခြင်း"

ယန်ယွဲ့က မျက်မှောင်ကြုတ်ပြီး
"ငါတကယ်ကို နားမလည်ဘူး"

ကျီယွဲ့က "လူတချို့က
အချို့ကဏ္ဍတွေမှာ ထူးချွန်လွန်းတဲ့အခါ

ကောင်းကင်ဘုံက
မနာလိုဖြစ်တက်တယ်”

ယန်ယွဲ့၏မျက်ခွံများလှုပ်ယမ်းသွားသည်
။ “တကယ်လား...။ ဒီလိုမျိုးတွေရှိမှန်း
ငါမသိဘူး”

ကျိုယွဲ့က အနည်းငယ် ခေါင်းညိတ်ပြကာ
သူ့ရှေ့မှာ လွင့်မျောနေသော
မူလခရမ်းရောင်စွမ်းအင်ကြိုးမျှင်ကို

စိုက်ကြည့်ရင်း “အစ်ကိုယန်၊ နင့်ရဲ့
ဒီခရမ်းရောင်ချိစွမ်းအင်က
သာမန်မဟုတ်နိုင်ဘူး”

ယန်ယဲ့က “ကံမကောင်းစွာနဲ့ပဲ
မင်းရဲ့ဒဏ်ရာကို မကုသနိုင်ခဲ့ဘူး”

ကျိုယွဲ့က ခေါင်းခါလိုက်သည်
“မဟုတ်ဘူး ကောင်းကင်ဘုံရဲ့

အမျက်ဒေါသက ထွက်ပေါ်လာတော့ ငါတို့အပေါ်ဖိနှိပ်ထားခဲ့တယ်”

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ “နင့်ကို ဒီအထဲဆွဲခေါ်မိတဲ့အတွက် တောင်းပန်ပါတယ်”ဟု ဆက်ပြောသည်။

Translated by NyiNyiSoe

May Be:

...အပိုင်း ၂၃၉၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က သူမ၏ခြေထောက်များကို

စိုက်ကြည့်ကာ ဘာမှပြန်မပြောပေ။

ဤအခြေအနေမျိုး ကြုံဖူးသည်မှာ

ပထမဆုံးအကြိမ်ဖြစ်သည်။

သူသည်ခဏကမျှတုံ့ဆိုင်းသွားပြီး

“မိန်းကလေးကျီယွဲ့၊ အဲ့ဒါကို ဖြေရှင်းဖို့

နည်းလမ်းမရှိဘူးလား…”

“ဟုတ်ပါတယ်”

ကျီယွဲ့က ပြုံးပြီး

“အခုမလုပ်မလုပ်နိုင်ဘူး။ ဒါပေမဲ့

အနာဂတ်မှာ ငါလုပ်နိုင်မှာဖြစ်နိုင်တယ်”

ယန်ယွဲ့က "ကောင်းကင်ကြီးက ဘာလို့
ငါ့ကို မနာလိုတာလဲ..."ဟု ရုတ်တရက်
ပြောလိုက်သည်။

ကျီယွဲ့က အနည်းငယ်
အံ့အားသင့်သွားပြီးနောက် "ဘယ်လို...။
ကောင်းကင်ဘုံက နင့်ကို
ကျိန်ဆဲနေလို့လား..."ဟုပြန်မေးသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “မဟုတ်ဘူး။ ငါက တော်တော်ထူးချွန်လို့ပဲထင်တယ်”

ကျိုယွဲ့က စကားမပြောနိုင်တော့ပေ။

ခဏကြာ စကားစမြည်ပြောဆိုပြီးနောက် ရထားလုံးအတွင်း ရုတ်တရက် တိတ်ဆိတ်သွားသည်။ ရထားလုံးက သူထင်ထားသည်ထက် အများကြီး

ပိုမြန်နေသည်ကို ယန်ယဲ့လည်း
သတိထားမိလိုက်သည်။

နောက်တစ်ရက်အကြာတွင်တော့
ရထားလုံးရပ်သွားသည်။

ယန်ယဲ့နှင့် ကျီယွဲ့လည်း တစ်ချိန်တည်း
မျက်လုံးဖွင့်လိုက်သည်။
နှစ်ယောက်သားအကြည့်ချင်း ဖလှယ်ပြီး
ရထားလုံးပေါ်က ထွက်လာကြသည်။

ထိုအခါ မြင်လိုက်ရသည်ကာ

စိမ်းလန်းသောတောင်တန်းများ၊

အဖြူရောင်တိမ်တိုက်များ၊ မြို့ငယ်လေး

တစ်မြို့ပင်တည်း။

ရထားလုံးအပေါ်ကနေ

လှမ်းမျှော်ကြည့်ပါက

သူတို့၏အမြင်အာရုံအဆုံး

မထင်မရှားတောင်တန်းတချို့ရှိနေသည်။

တောင်တန်းများအောက်တွင်

မြို့ငယ်လေးတစ်မြို့ရှိနေသည်။
ထိုမြို့ငယ်လေးမှာ မီးခိုးများ
လွင့်မျောနေသည်။
ရွာငယ်လေးတစ်ရွာဟုပင် ထင်ရ၏။

ယန်ယဲ့က ကျီယွဲ့ကို လှည့်ကြည့်ပြီး
"ဒီနေရာက ဘာလဲ..."

ကျီယွဲ့က "နတ်နယ်မြေတစ်ခု
အပြင်လောကရဲ့ မဟာဂိုဏ်းကြီး

(၁၀)ခုကို ခေါ်တာမျိုးတော့ မဟုတ်ဘူး။ ဒါဟာ ပညာရှင်တွေအများကြီးကာကွယ်ထားတဲ့ စစ်မှန်တဲ့ နတ်နယ်မြေတစ်ခု”

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ ဆက်ပြောသည်။ “အစ်ကိုယန်၊ ဒီနေရာကို ပညာရှင်တွေက ကာကွယ်ပေးထားတယ်။ မြို့သားတွေ သူတို့က ငါတို့လို အပြင်လူတွေကို

မမုန်းပေမဲ့ ငါတို့ရောက်နေတာကို

ကြိုဆိုမှာမဟုတ်ဘူး။ ဒါကြောင့်

အထူးသဖြင့်  ငါတို့လို

အပြင်လူတွေအတွက် ဒီနေရာမှာ

တိုက်ခိုက်တာကို တားမြစ်ထားတယ်

ဆိုတာ သတိထားပေးပါ။

စည်းမျဉ်းဖောက်ဖျက်ရင်

ပညာရှင်တစ်ယောက်ရဲ့ ဒေါသကို

ရင်ဆိုင်ရမယ်”

ယန်ယွဲ့ခေါင်းညိတ်လိုက်သည်။
“ငါနားလည်ပါတယ်။ စိတ်မပူပါနဲ့ ငါ
ကမောက်ကမမလုပ်ဘူး”

ယန်ယွဲ့ထံမှ ထိုကတိစကားကို
ကြားလိုက်ရသောအခါ ကျိယွဲ့က ပို၍
သက်သောင့်သက်သာရှိသလိုပင်။
နောက်ဆုံးတွင် ထိုသူမရှေ့ရှိလူက
လူကောင်းတစ်ယောက်မဟုတ်ပေ။
အရူးတစ်ယောက်ဖြစ်သည်။ ထိုအရူးက

စိတ်ထင်တိုင်း လျှောက်လုပ်တက်သည်။

အကယ်၍ ထိုအတိုင်းဖြစ်သွားလျှင်

သူမလုပ်ဆောင်ခဲ့သမျှ

အလဟဿဖြစ်သွားပေမည်။

ခဏအကြာတွင်တော့ သုံးယောက်သား

မြို့ထဲသို့ ဝင်လာကြသည်။

မြို့အတွင်းနေထိုင်သူအချို့က

ကိုယ်ပိုင်အလုပ်မလုပ်ခင် ဝင်လာသော

ယန်ယဲ့နှင့်အဖွဲ့ကို
တစ်ချက်ကြည့်လိုက်ရုံသာ။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို
စစ်ဆေးကြည့်လိုက်သည်။ မှန်သည်။
မြို့ထဲရှိ လူအများစုက
သာမန်လူများချည်းသာ။ အချို့ကတော့
သာမန်လူများမဟုတ်ပေ။ သို့သော်
ဆန်းကြယ်ချီစွမ်းအင်
အတက်အကျမရှိကြပေ။

သေချာသည်မှာ
ခန္ဓာကိုယ်လမ်းစဉ်ကျင့်ကြံသူများပင်ဖြစ်
သည်။

ဤအချိန်တွင် ဘေးဘက်မှ
ကျယ်လောင်သောအသံ တချို့
ထွက်ပေါ်လာသည်။ သုံးယောက်သား
လှည့်ကြည့်လိုက်သည်။
အသက်(၅)နှစ်အရွယ်ကလေးမလေးတစ်
ယောက်ကို ဆူပူကြိမ်းမောင်းနေသော

သက်လတ်ပိုင်းအဘွားကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

“နင် ခွေးမလေး ငါ့ကိုပြောစမ်း။ နင့်အမေက ငါ့ဆီက ဒါခိုးဖို့ ပြောခဲ့တာလား...။ ငါ့ကိုပြော သူမ လုပ်ခိုင်းတာလား...”

သက်လတ်ပိုင်းအဘွားကြီးက စကားပြောရင်း မြင်းမြီးကြာပွတ်နှင့်

မိန်းမငယ်လေးကို ရိုက်နေသည်။ သူမလေး၏ အဝတ်အစားများက ဟောင်းနွမ်းနေကာ အပေါက်များနှင့် အကွက်အနည်းငယ်ပင်ရှိသည်။ သို့သော် သူမ၏ ခန္ဓာကိုယ်အနောက်ဖက်တွင် လက်နှစ်ဖက်ကိုပစ်ထားသည်။ လက်ကလေးသေးသေးလေး အကြား၌ အသားညှပ်ပေါင်မုန့်တစ်လုံးလည်း

ရှိနေသည်။ သူမက ၎င်းကို
ပြင်းပြင်းထန်ထန်ဆုပ်ကိုင်ထားခဲ့သည်။

သက်လတ်ပိုင်းအဘွားကြီးက
ဆက်ပြောသည်။ “အဖေမရှိတဲ့
ခွေးမတစ်ကောင်က
မျှော်လင့်ထားတဲ့အတိုင်းပဲ၊ နင်က
ငယ်ငယ်ကတည်းက ခိုးနေတာ။
အသက်ကြီးလာတဲ့အခါ သိသိသာသာကို
ပြောင်းလဲလိမ့်မယ်။ နင့်အမေအတွက်

ထားထားတဲ့ဗီဇရုပ်က ဆွဲဆောင်မှုရှိတဲ့ မျက်နှာလေးပဲ ကျန်တယ်။ သူက ယောကျ်ားတစ်ထောင်နဲ့လိုက်ဖူးတဲ့ ပြည်တန်ဆာတစ်ယောက်ဆိုတာ သေချာတယ်”

ကလေးမလေးက အဘွားအိုကို ရုတ်တရက် မော့ကြည့်လိုက်သည်။ “မဟုတ်ဘူး ငါ့အမေကို မစော်ကားနဲ့”

“ဖြောင်း…”

သက်လတ်ပိုင်းအဘွားကြီးက

ကလေးမလေးကို ရုတ်တရက်

ပါးရိုက်လိုက်ရာ

ကလေးမလေးကမြေပြင်ပေါ်သို့လဲကျ

သွားသည်။ သို့သော်

သူမ၏လက်ကလေးနှစ်ဖက်ဖြင့်

ပေါင်မုန့်ကို တင်းကျပ်စွာ

ဆုပ်ကိုင်ထားဆဲပါ။

သက်လတ်ပိုင်းအဘွားကြီးက

ကလေးမလေးကို လွှတ်ပေးဖို့

ရည်ရွယ်ချက်မရှိပုံရသည်။

ကလေးမဆီသို့ လျှောက်သွားပြီး

“နင်ခွေးမ နင့်အမေနဲ့အတူတူပဲ”

“အစ်ကိုယန် သွားကြစို့”

ဤအချိန်တွင် ကျိုယွဲ့က ရုတ်တရက် ပြောလိုက်သည်။

ယန်ယဲ့က ကလေးမလေးနှင့် သက်လတ်ပိုင်းအဘွားကြီးကို တစ်ချက်ကြည့်လိုက်သည် “မင်း ဒီကိစ္စကို ဘာမှလုပ်မပေးဘူးလား…”

ကျိုယွဲ့က ခေါင်းကို အနည်းငယ် ခါယမ်းကာ “ဒီကလူတွေဟာ

ကျင့်ကြံသူတွေမဟုတ်ကြဘူး။ သူတို့မှာ ကိုယ်ပိုင်ဘဝရှိတယ်။ ငါတို့ ဝင်စွက်ဖက်ရင် ငါတို့ရဲ့ ကံကြမ္မာက ညစ်နွမ်းသွားလိမ့်မယ်။ အဲ့ဒါက သူတို့အတွက် ကောင်းတဲ့အခါမဟုတ်ဘူး”

ယန်ယဲ့က တဟားဟားရယ်ပြီး “ငါကတော့ အဲ့လိုမထင်ဘူး။ ကံတရားကို ဂရုမစိုက်ဘူး။ ငါဂရုစိုက်တာက

နှလုံးသားပဲ။ ဒီလိုအရာမျိုးကို
ငါမကြည့်နိုင်သလို နှစ်ခုခုလုပ်ဖို့
ခွန်အားရှိတဲ့အခါ ငြိမ်မနေနိုင်ဘူး”

စကားပြောပြီးနောက်နေရာမှာပင်
ပျောက်သွားခဲ့သည်။ ကျိယွဲ့က
စကားမပြောဘဲ တိတ်ဆိတ်နေခဲ့သည်။
သက်လတ်ပိုင်းအဘွားကြီးက ဆက်ပြီး
ကျိန်ဆဲနေသော်လည်း ယန်ယဲ့က
သူမရှေ့တွင် ရုတ်တရက်ပေါ်လာသည်။

သူက

အင်မော်တယ်သလင်းကျောက်တစ်လုံး

ကို အဘွားကြီးထံပစ်ပေးလိုက်သည်။

“သူမအတွက် ဒီပေါင်မုန့်ကို

ငါဝယ်လိုက်မယ်”

အဘွားကြီးက ထိတ်လန့်သွားပြီး

သူမ၏လက်ထဲမှ

အင်မော်တယ်သလင်းကျောက်ကို တစ်ချက်ကြည့်လိုက်သည်။

ခဏအကြာတွင် ယန်ယွဲ့အား ရုတ်တရက် လက်ညှိုးထိုးကာ "နင်က လူယုတ်မာ နင်ငါ့ကိုအသုံးမဝင်တဲ့ ကျောက်တုံးနဲ့ လာပြီး လှည့်စားနေတာလား..."

"ဖြောင်း..."

လက်ဝါးတစ်ဖက်က

သူမ၏မျက်နှာပေါ်သို့ ရုတ်တရက်

ကျဆင်းလာသည်။ ကျယ်လောင်သော

ပါးရိုက်သံနှင့်အတူ အဘွားကြီးက

မြေပြင်ပေါ်သို့ လဲကျသွားသည်။

ယန်ယဲ့သည် ခွန်အားများစွာ

ထုတ်မထားသောကြောင့်

သူမ၏မျက်နှာက

ဖောင်းကားနေသော်လည်း အသက်

အန္တရာယ်တော့ မရှိပေ။

အမျိုးသမီးက

အံ့အားသင့်သွားသော်လည်း

အချိန်တော်တော်ကြာပြီးနောက်

ထိတ်လန့်မှုကနေ သတိပြန်ဝင်လာသည်။

သတိဝင်ဝင်လာချင်းမှာပဲ ခုန်ထလာပြီး

ယန်ယွဲ့ကို ရှုးသွပ်စွာအော်ငေါက်ရင်း

“နှင်ခွေးကောင် ငါ့ကို
ဘယ်လိုရိုက်ရဲတာလဲ...”

သူမ၏အသံက ရုတ်တရက်
ရပ်တန့်သွားသည်။ အကြောင်းမှာ
လက်တစ်ဖက်က သူမ၏လည်ပင်းကို
ဖမ်းဆုပ်ထားလို့ပါ
အဘွားကြီး၏ခန္ဓာကိုယ်က
ဖြည်းညင်းစွာကြွတက်လာကာ

မျက်နှာက ချက်ချင်းပင်
ခရမ်းရောင်ပြောင်းသွားသည်။

ကျိုယွဲ့က ရုတ်တရက်
အော်ပြောလိုက်သည်။ “အစ်ကိုယန်၊
နင်သတ်လို့မရဘူး”

ယန်ယွဲ့က ကျိုယွဲ့၏စကားကို
လျစ်လျူရှုထားကာ သူ့မျက်လုံးထဲ၌
သတ်ဖြတ်လိုစိတ်များ

မှိန်ဖျော့ဖျော့လက်လာကာ အဘွားကြီးကို တည့်တည့်စိုက်ကြည့်လိုက်သည်။

ဤအချိန်တွင် ကျိယွဲ့က "အစ်ကိုယန်၊ နင်ကတိပေးထားတယ်လေ" ဟုထပ်ပြောသည်။

ယန်ယွဲ့က ရုတ်တရက် လွှတ်ချလိုက်ရာ မြေပြင်ပေါ်သို့ လဲကျသွားသည်။

သူမအသက်ဝဝရှူလိုက်ပြီးနောက်
မြေပြင်ပေါ်ထထိုင်ပြီး ငိုကြွေးကာ
“ယောကျ်ားက မိန်းမကို ဘယ်လို
ရိုက်နှက်တာလဲ”

“ယောကျ်ားက မိန်းမကို ရိုက်နှက်တယ်”

“လူတိုင်းသူ့ကိုကြည့်လိုက်”

ယန်ယဲ့က ဘာပြောရမှန်းမသိတော့ပေ။

အမျိုးသမီးက “ဒီကမ္ဘာမှာ အကြင်နာ
ဘာအကြောင်းမှမရှိဘူး
ဘာမှမဟုတ်ဘူးလား…။ ကောင်းကင်ဘုံ
မျက်လုံးဖွင့်ပြီး တစ်ချက်ကြည့်လိုက်ပါ”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
“ငါ့တစ်သက်မှာ မရေမတွက်နိုင်တဲ့
ရန်သူတွေရှိခဲ့တယ်။ ဒါပေမဲ့
မင်းတစ်ယောက်တည်းက ငါ့ကို

စကားသိပ်မပြောတက်အောင်

လုပ်လိုက်တာပဲ”

လူများ

တဖြည်းဖြည်းဖြစ်များပြားလာသည်။

ဤအချိန်ကျယ်ွှဲ့က အဘွားကြီးရှေ့သို့

ရုတ်တရက် လျှောက်လာပြီး

လက်သီးဆုပ်အရွယ် ရွှေတုံးတစ်တုံးကို

ပစ်ပေးလိုက်သည်။

ရွှေတုံးကိုမြင်သောအခါ အမျိုးသမီးက

ငိုကြွေးလက်စ ချက်ချင်းရပ်ကာ

ရွှေတုံးကို ယူပြီး ထွက်ပြေးသွားခဲ့သည်။

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး

ကလေးမလေးကို

လှည့်ကြည့်လိုက်သည်။ သူမလေးက

မျက်နှာဝိုင်းဝိုင်း ပုပုလုံးလုံးလေးဖြင့်

အလွန်ချစ်စရာကောင်းလှသည်။

ဤအချိန်တွင် ကလေးမလေးက

သူ့နောက်ဖက်မှ အိမ်ငယ်လေးဆီသို့

ရုတ်တရက် ပြေးဝင်သွားသည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

ကလေးမလေး၏နောက်သို့

လိုက်သွားခဲ့သည်။ နံရံလေးခုမှလွဲ၍

ဘာမှမရှိသော

အိမ်ဟောင်းလေးတစ်လုံးပါ။ ပရိဘောဂ

အနည်းငယ်မျှသာ ရှိသည်။

အခန်းထောင့်တွင်ဟောင်းနွမ်းစုတ်ပြတ်

နေသော အိပ်ယာတစ်ခုတွေ့ရှိခဲ့သည်။

ကုတင်ပေါ်တွင် အမျိုးသမီးတစ်ဦး

လဲလျောင်းနေသည်။ သူမ၏မျက်နှာက

ဖြူဖပ်ဖြူရော်နှင့်

အလွန်အားနည်းနေပုံပင်။ သို့သော်လည်း

သူမ၏မျက်နှာပုံစံကို အခြေခံ၍

ယခင်ကလှပသော

မိန်းမချောတစ်ဦးဖြစ်ခဲ့ကြောင်း

သိသာပါသည်။

ဤအချိန်တွင် ကလေးမလေးက
မုန့်ထုပ်ကို အမျိုးသမီး၏နှုတ်ခမ်းသို့
တေ့လိုက်ပြီး “အမေ... အမေ..စား...စား”

ဤအချိန်တွင် အမျိုးသမီးက
ရုတ်တရက် မျက်လုံးဖွင့်လာသည်။
သူမက ကလေးမလေးအား မကြည့်ဘဲ
ယန်ယဲ့ကို ကြည့်နေလေသည်။ ယန်ယဲ့က
သူ့အား ထွင်းဖောက်မြင်နေသလို
ခံစားရသောကြောင့်

မျက်မှောင်ကြုတ်ကာ
စိတ်မသက်မသာဖြစ်သွားစေသည်။

ဤအချိန်တွင် သူမက လက်ကို
ရုတ်တရက်ဆန့်ကာ “အနားကိုလာ” ဟု
တိုးတိုးလေးပြောလိုက်သည်။

ယန်ယွဲ့သည် ခဏတုံ့ဆိုင်းသွားပြီး
လျှောက်သွားသည်။

အမျိုးသမီးက ယန်ယဲ့၏ လက်ကို

ရုတ်တရက်  ဆုပ်ကိုင်လိုက်ပြီး

ကလေးမလေး၏လက်ကိုတင်ကာ

“လူငယ်လေး၊ သူ့နာမည်က တျန်းရှူပါ။

သူမက ငါ့မျိုးနွယ်ရဲ့

နောက်ဆုံးမျိုးဆက်ပဲ။

ငါသေသွားတဲ့အခါ သူမကို ဂရုစိုက်မဲ့လူ

မရှိရင် အသက်မရှင်နိုင်တာ

သေချာတယ်။ ဒါဆိုကျေးဇူးပြုပြီး
သူမကို နင်နဲ့အတူထားခဲ့လိုက်မယ်”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။
ဤအချိန်တွင် အမျိုးသမီး၏ အသံ
သူ့စိတ်ထဲ၌ ရုတ်တရက်
ထွက်ပေါ်လာသည်။

“လျော်ကြေးအနေနဲ့
နင့်အကြောင်းတစ်ခုပြောပြမယ်”

ယန်ယဲ့က "ဘာလဲ..."

အမျိုးသမီးက ယန်ယဲ့ကိုကြည့်ရင်း "နင့်မှာ အရင်ဘဝမရှိခဲ့ဘူး။ ပြီးတော့ နောင်ဘဝလည်းမရှိဘူး"

ယန်ယဲ့က အံ့သြသွားသည်။

အမျိုးသမီးက ယန်ယဲ့၏နောက်ဖက်ကို ရုတ်တရက် ကြည့်လိုက်သည်

“အနန္တမကောင်းဆိုးဝါးလက်နက်။ သူ့ရဲ့ ဆိုးညစ်တဲ့ ဝိညာဉ်က အသက်ဝင်လာတော့မယ်။ လူငယ်၊ နင့်အတွက်တော်တော် အန္တရာယ်များတယ်”

ဤအချိန်တွင် ယန်ယဲ့၏အမူအရာက အလွန်လေးနက်နေပါသည်။ သူ့ရှေ့ရှိ

အားနည်းသော အမျိုးသမီးက

မကောင်းဆိုးဝါးရတနာကို

တကယ်မြင်နိုင်ခဲ့၏။ အကယ်၍ သူမက

တမင်တကာ

လျှို့ဝှက်ဆန်းကြယ်နေလျှင်

ယခုပြောလိုက်သော စကားကို အခြေခံ၍

သာမန်လူမဟုတ်မှန်း သိသာလှသည်။

မကောင်းဆိုးဝါးလက်နက်။

ပညာရှင်များသာ လက်တွေ့ကျကျ မြင်နိုင်သောအရာဖြစ်သည်။

“သူမက ပညာရှင်တစ်ယောက်လား…”

သို့သော် အမျိုးသမီး၏ပုံစံက ပညာရှင်တစ်ယောက်ဖြစ်ပုံမပေါ်ပါ။ အကြောင်းမှာ အမျိုးသမီးသာ ပညာရှင်ဖြစ်နေလျှင် ဤကဲ့သို့ သေလုမြောပါးအခြေအနေမရှိနိုင်ပါ။

ယန်ယဲ့က သူ့အတွေးများကို ထိန်းကာ "မင်းက ဘယ်သူလဲ..."ဟု လေးနက်စွာမေးလိုက်သည်။

အမျိုးသမီးက ခေါင်းကို အနည်းငယ် ခါယမ်းကာ "လူငယ် ဒါက ကောင်းကင်ဘုံရဲ့ အစီအစဉ်ဟုတ်မဟုတ်ဆိုတာ မသိဘူး။ ငါတို့ဒီမှာ

ဆုံတွေ့ခဲ့တဲ့တိုက်ဆိုင်မှုတချို့ကြောင့်
နင့်ကို ဝင်စွက်ဖက်ဖို့ ရွေးချယ်ခဲ့တာ
ဒါပေမဲ့ အရေးမကြီးပါဘူး”

သူမက ကလေးမလေး တန်ရှုကို
စိုက်ကြည့်ကာ “တန်ရှုအာ။ ရှုအာက
ငါတို့မျိုးနွယ်က ကောင်းကင်ဘုံကို
ဆန့်ကျင်ဖို့မွေးဖွားလာတယ်။ ဒါကြောင့်
ကောင်းကင်ဘုံက ငါတို့ကို ကျိန်ဆဲတယ်။
အဲ့ဒါက ငါတို့အပြစ်မဟုတ်ဘူး။

ဒီလောကမှာရှိတဲ့ သတ္တဝါတိုင်းမှာ
ကိုယ်ပိုင်ဘဝရှိတယ်။ တစ်စုံတစ်ဦးကို
ကူညီလိုတဲ့အခါမှာ နင်ရဲ့နှလုံးသားကို
မေးမြန်းနိုင်တယ်ဆိုတာ သတိရပါ။
နင်တကယ်ကူညီချင်ရင် လုပ်ပါ။
ကိုယ့်နှလုံးသားကို လိုက်နာပါ
နားလည်လား...”

တန်ရှူက အသားညှပ်ပေါင်မုန့်ကို
အမျိုးသမီး၏

ပါးစပ်နားတွေ့ပေးလိုက်ပြီး “အမေ
ဒါကိုစားလိုက် စားပြီးရင်
ပိုကောင်းလာမယ်။
တကယ်အရသာရှိတယ်”

အမျိုးသမီးက
တစ်ချက်ကြည့်လိုက်သည် “ဒါ့အပြင်
ဟိုမှာ နင့်ရဲ့အကိုကြီးပြောတာ
နားထောင်ရမယ်။ နင်ကသာမန်ဖြစ်လို့
သူစွန့်ပစ်မှာမဟုတ်ဘူး။ သူက

အရမ်းသဘောကောင်းတယ်။ ဒါက သူ့နှလုံးသားကို သစ္စာစောင့်သိတဲ့ လူတစ်ယောက်ဆိုတာ သက်သေပြနေတယ်။ ဒါဆို ရှူအာက သူ့ကို ယုံလို့ရတယ်။ နားလည်လား…”

ဤအချိန်တွင် တန်ရှူက “အမေ အမေက သမီးကို စွန့်ပစ်မှာလား…”

အမျိုးသမီးက သူ့မျက်နှာကို

ပေါ့ပေါ့ပါးပါး ပွတ်သပ်ပြီးပြောသည်။

“ရှု့အာ သမီးအသက်ကြီးလာတဲ့အခါ

ဒီနေ့အမေလုပ်ခဲ့တဲ့အရာတွေကို

လိုလိုလားလားလုပ်ခဲ့တာကို

သတိရရမယ်  ငါဘာမှနောင်တမရဘူး။

ငါ့ရဲ့ အလိုချင်ဆုံး ဆန္ဒက အမေ့ရဲ့

ရှုအာကို အသက်ရှင်လျက်

မြင်ချင်တာပဲ”

Translated by NyiNyiSoe

May Be:

...အပိုင်း ၂၃၉၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ထို့နောက် ယန်ယွဲ့ကို စိုက်ကြည့်ကာ

“လူငယ်၊ နင့်ပတ်ဝန်းကျင်မှာ

ချည်နှောင်ထားတဲ့ ကံအကြွေးတွေ

များလွန်းတယ်။ နှစ်ခုက
ငါတောင်ရှင်းရှင်းလင်းလင်း
မမြင်နိုင်ဘူး…”

စကားဆုံးသည်နှင့် သူမ၏လက်ကို
ဝှေ့ရမ်းလိုက်ရာ လက်သီးဆုပ်အရွယ်
ပုလဲတစ်လုံးက ယန်ယဲ့ရှေ့တွင်
ပေါ်လာသည်။ “အဲ့ဒါကို
ပြန်လည်မွေးဖွားခြင်းပုလဲလို့ခေါ်တယ်။

တစ်နေ့မှာ နင့်ကိုကူညီနိုင်မဲ့အချိန်

ရောက်လာလိမ့်မယ်”

သူမက အပေါ်မျက်နှာချပ်ကို ရုတ်တရက်

မော့ကြည့်လိုက်ပြီး “ကောင်းကင်ဘုံက

လူတစ်ယောက်ကို သေစေချင်ရင်

အဲ့ဒီလူသေရမှာပဲ။ ကောင်းကင်ဘုံကို

ဆန့်ကျင်တဲ့စကားလုံးတွေ အဲ့ဒါတွေက

မသိရင်တော့ ရယ်စရာအကောင်းသား”

ယန်ယွဲ့က အချိန်သိပ်မကြာလိုက်ဘဲ

အမျိုးသမီး၏သက်တမ်းလျော့သွားသ

ည်ကို ခံစားမိလိုက်သည်။ ယန်ယွဲ့သည်

ခဏတုံ့ဆိုင်းသွားပြီးနောက်

မူလခရမ်းရောင်စွမ်းအင်ကိုအသုံးပြုကာ

အမျိုးသမီးအား

ကယ်တင်ရန်ပြင်လိုက်သည်။

သို့သော်

အမျိုးသမီး၏လက်ကိုထိလိုက်သည်နှင့်

တစ်ပြိုင်နက် မူလခရမ်းရောင်စွမ်းအင်က

နောက်ကြောင်းပြန်လှည့်ကာ

မူလစေတီထဲသို့ ပြန်ဝင်သွားသည်ကို

သတိပြုလိုက်သည်။

အမျိုးသမီးကငြင်းပယ်ခဲ့တာ

မဟုတ်ပေ။

မူလစေတီကိုယ်တိုင်က ငြင်းပယ်ခဲ့တာ

သူမကိုကယ်တင်ဖို့ ငြင်းပယ်ခဲ့တာ။

ဒါကပထမဆုံးကြိမ်ဖြစ်ဖူးတာပဲ။

ဤအချိန်တွင် အမျိုးသမီးက

ရုတ်တရက်စိုက်ကြည့်ကာ "မအံ့သြပါနဲ့။

အဲ့ဒါကနင့်ကိုကယ်တင်ချင်နေလို့

တချို့အရာတွေက နင့်ကို ပစ်မှတ်

မထားစေချင်ဘူး။ လူငယ် ငါက တန်ရှူကို

နင်နဲ့အတူထားခဲ့မယ်။ သူမကို

အသက်ဂနှစ်အထိပဲ ကာကွယ်ရမှာပါ

သူမအသက်ဂနှစ်ပြည့်တာနဲ့

နင့်ကိုပြန်ပြီးကာကွယ်ပေးလိမ့်မယ်”

စကားဆုံးသည်နှင့် အမျိုးသမီးက

နောက်ဆုံးထွက်သက်ကို ရှူလိုက်သည်။

သူမ သေပြီ။

ယန်ယဲ့က တန်ရှူကို ကြည့်လိုက်သည်။

တန်ရှူက ငိုကြွေးခြင်းမရှိပေ။

ကုတင်ပေါ်မှ အမျိုးသမီးကို

ငေးကြည့်နေလေသည်။ ယန်ယဲ့က

သက်ပြင်းချကာ ခေါင်းညိတ်လိုက်သည်။

ခဏအကြာတွင် တျန်းရှူက

ယန်ယဲ့ကိုမော့ကြည့်လိုက်ပြီး

“အစ်ကိုကြီး၊ အမေ့ကို သင်္ဂြိုဟ်ဖို့

ကူညီပေးနိုင်မလား…”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“ဒါပေါ့”

မြို့အပြင်ဘက် တောင်ကုန်းတစ်ခုတွင်

ယန်ယဲ့သည်

ဂူတစ်လုံးရှေ့တွင်ရပ်နေသည်။

သူ့နံဘေးတွင်

ကလေးမလေးတစ်ယောက်ရှိကာ
ဒူးထောက်နေခဲ့သည်။ ထိုကဲ့သို့ပင်
သူမလေးက ထိုနေရာတွင်
၂နာရီကျော်ကြာအောင်
ဒူးထောက်ထိုင်နေခဲ့သည်။

ရုတ်တရက်၃ကြိမ်တိုင်တိုင် ဦးညွတ်ကာ
"အမေ၊ ရှုအာ အခုသွားတော့မယ်။
ရှုအာပြန်လာရင် ထပ်တွေ့မယ်"

ထို့နောက် မက်တပ်ထရပ်ပြီး
ယန်ယွဲ့ဆီသို့ လျှောက်သွားသည်။
ယန်ယွဲ့က တျန်းရှု၏ ခေါင်းလေးကို
ပွတ်သပ်ပြီး ထွက်သွားလိုက်သည်။

ဤအချိန်တွင် မထင်မှတ်ထားသော
အရာတစ်ခု ရုတ်တရက်
ဖြစ်ပေါ်လာသည်။
ကောင်းကင်ယံအထက်မှ
နတ်လျှပ်စီးကြောင်းတစ်ခု

ဆင်းသက်လာသည်။ အလွန်မြန်ဆန်ကာ
အုတ်ဂူပေါ်သို့
ချက်ချင်းပစ်ချလိုက်သည်။

"ဘုန်း"

အုတ်ဂူကိုဖျက်စီးပစ်လိုက်သည်။

ယန်ယွဲ့၏မျက်နှာက အံ့မှိုင်းနေကာ
ကောင်းကင်ကိုမော့ကြည့်ရင်း"သောက်

ကျိုးနည်း ကောင်းကင်ဘုံ၊

သေဆုံးသူတွေကိုတောင်

အနားယူခွင့်မပေးဘူးလား…”

ကောင်းကင်ယံမှ

အကြောင်းပြန်မလာပေ။

တန်ရှူက ခပ်ဝေးဝေးကို

စိုက်ကြည့်နေသည်။

သူမက

ကောင်းကင်ကိုမော့ကြည့်လိုက်ပြီး

“အစ်ကိုကြီး၊ ဘာဖြစ်လို့လဲ…”ဟု

တိုးတိုးလေးမေးခဲ့သည်။

ယန်ယဲ့က ငြိမ်သွားပြီး “ဘာ့ကြောင့်လဲ…”

သူမက ယန်ယဲ့ကိုစိုက်ကြည့်ကာ

ထပ်မေးသည်။

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်

“အစ်ကိုကြီးက မင်းကို

အခုလောလောဆယ် မဖြေနိုင်ဘူး။

ဒါပေမဲ့ နောင်မှာ မင်းကိုယ်တိုင်

သွားမေးနိုင်တယ်။

ကောင်းကင်ဘုံရဲ့ရှေ့မှာရပ်ပြီး မေးပါ။

ဒါပေမဲ့ မင်းအခုမလုပ်နိုင်သေးဘူး

နားလည်လား…”

တျန်းရှူက ခေါင်းညိတ်ပြီး
နောက်ထပ်စကားမပြောတော့ပေ။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားသည်
“မြို့ထဲမှာ ခဏလောက်နေဦး။
ငါတစ်ခုခုလုပ်စရာရှိသေးလို့
ပြန်လာတာနဲ့ ရှူအာကို ခေါ်လာမယ်”

တျန်းရှူက ယန်ယဲ့ကို ကြည့်ပြီး
“အစ်ကိုကြီး ငါ့ကို
နှင့်နှောက်မခေါ်ချင်ဘူးလား...”

ယန်ယဲ့က ခေါင်းခါလိုက်သည်
“မဟုတ်ဘူး ငါသွားမဲ့နေရာက
အန္တရာယ်ရှိနိုင်တယ်”

တျန်းရှူက “ရှူအာက မကြောက်ဘူး...”

ယန်ယဲ့က ခေါင်းခါပြီး“ကောင်းပြီ။ အစ်ကိုကြီး မင်းကို တခြားနေရာခေါ်သွားပေးမယ်။ အထဲမှာ အဖော်လေးတစ်ယောက်ရှိတယ်။ မင်းသူမနဲ့ ကစားနေလို့ရတယ်”

စကားပြောပြီးနောက် ညာလက်ဝှေ့ယမ်းကာ မူလစေတီထဲသို့ ပို့လိုက်သည်။ မူလစေတီထဲတွင် နှင်းပွင့်က သူမရှေ့ပေါ်လာသည့်

ကလေးမလေးကို စိုက်ကြည့်နေသည်။ တန်ရှုလည်း အလားတူပင်။ နှင်းပွင့်ကို ပြန်ကြည့်နေသည်။

တျန်းရှုက ရုတ်တရက်“နင်က နှင်းပွင့်လေး၊ ဝိညဉ်အင်ပါယာလား...”

နှင်းပွင့်၏ မျက်လုံးသေးသေးလေးများက အံ့အားသင့်သွားသည်။

သူမက တျန်းရှုဘယ်လိုသိတာလဲဟု မေးနေပုံပါ။

တျန်းရှုက ကောင်းကင်ကိုမော့ကြည့်ရင်း “ဟိုမှာ ငါ့ကိုငုံ့ကြည့်နေတာ တစ်ခုရှိတယ်။ ဒီနေရာမှာ ငါ့ကို ကြိုဆိုတဲ့ပုံမပေါ်ဘူး”

နှင်းပွင့်လေးက
ကောင်းကင်ကိုမော့ကြည့်လိုက်သည်။
သူမက မျက်တောင်ခတ်ပြီး
လက်သည်းများကို အနည်းငယ်
ဝှေ့ယမ်းလိုက်သည်။

တချန်းရှူက “တကယ်လား…”

နှင်းပွင့် ကမန်းကတန်း
ခေါင်းညိတ်လိုက်သည်။

တျန်းရှူက "ဒါဆို ငါတို့ကမိတ်ဆွေတွေ။
နင်ငါ့ကိုအခုကာကွယ်ပေးရင်
အနာဂတ်မှာ နင့်ကိုကာကွယ်ပေးမယ်"

နှင်းပွင့်က ချစ်စဖွယ်ပြုံးလိုက်သည်။

သို့သော် ဤနေ့သူမ၏ကြင်နာမှုက
အနာဂတ်တွင် ထူးခြားဆန်းကြယ်သော
ပညာရှင်တစ်ဦး၏

အကူအညီရခဲ့ပြီကိုတော့ မသိနိုင်ခဲ့ပေ။

အနာဂတ်တွင် နှင်းပွင့်က

သူမ၏လက်သည်းလေးများကို

ဝှေ့ယမ်းရုံမျှသာ ဖြစ်သည်။

လောကတစ်ခုလုံး သူမရှေ့တွင်

တုန်လှုပ်သွားရပါမည်။ ထိုကဲ့သို့ပင်

နှင်းပွင့်လေးက

မိတ်ဆွေအသစ်တစ်ယောက်ရလာသော

ကြောင့် နှစ်ယောက်သား

အတူတူကစားကြပါတော့သည်။

မြို့ထဲတွင် ကျီးယွဲ့က နေရာမှာပင်

စောင့်နေတုန်းဖြစ်သည်။

ယန်ယွဲ့က "မိန်းကလေးကျီးယွဲ့

မင်းကိုစောင့်ခိုင်းမိလို့

တောင်းပန်ပါတယ်"

ကျီယွဲ့က အနည်းငယ်ခေါင်းညိတ်ကာ "အဆင်ပြေပါတယ်။ ဒါက လုံးဝပြဿနာမဟုတ်ပါဘူး။ အကုန်လုံး ကိုင်တွယ်ပြီးပြီလား…"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ကျီယွဲ့က ပြုံးလိုက်ပြီး "အကိုယန်၊ နင်က အရာရာတိုင်းမှာ နှလုံးသားကို တကယ်လိုက်စားတဲ့လူတစ်ယောက်ပါ။

ဒါပေမဲ့ ဒီကလေးမလေးက

သာမာန်မဟုတ်ဘူး။ ဟုတ်တယ်မလား…”

ယန်ယဲ့က "မိန်းကလေးကျီယွဲ့၊ မင်းက

အကြောင်းပြချက်မရှိဘဲ

ရှုပ်ထွေးအောင်လုပ်ခဲ့တာ တကယ်တော့

အရာရာတိုင်းက အရမ်းရိုးရှင်းတယ်။

မသန့်ရှင်းတဲ့ရည်ရွယ်ချက်တွေကြောင့်ပဲ

ရှုပ်ထွေးလာတာပါ”

ကျီယွဲ့က ခဏလောက်ငြိမ်သွားပြီး

“ငါလည်းဒီလိုပဲထင်တယ်”

ယန်ယွဲ့က “သွားရအောင်”

ကျီယွဲ့က အနည်းငယ်ခေါင်းညိတ်ပြပြီး

သုံးယောက်သားရှေ့ကို

ဆက်သွားကြသည်။

လမ်းတစ်လျှောက်လုံး

တိတ်ဆိတ်နေခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်
မြို့ထဲမှထွက်လာကာ မြို့အနောက်ဘက်
တောင်တန်းတစ်ခုရှေ့သို့
ရောက်လာကြသည်။ မြေပြင်သည်
မှန်တစ်ချပ်ကဲ့သို့ ညီညာပြန့်ပြူးနေ၏။

ကျီယွဲ့က “အကိုယန်၊ ခဏတော့စောင့်ပါ။
နောက်ထပ် လူအနည်းငယ်လောက်
ဒီကိုရောက်လာဦးမယ်”

ယန်ယွဲ့က သူမကိုစိုက်ကြည့်ရင်း “မင်းက
တခြားသူတွေကိုပါ
ဖိတ်ခေါ်လိုက်တာလား...”

ကျိယွဲ့က ခေါင်းခါလိုက်ပြီး
“ဒီနတ်နယ်မြေမှာ
တခြားကမ္ဘာတစ်ခုရှိတယ်။
တကယ်တော့ ဒီနတ်နယ်မြေကို
ပညာရှင်တွေ စောင့်ကြပ်ဖို့
ရွေးချယ်ခဲ့တဲ့အကြောင်းအရင်းက

ဒီနေရာမှာ သဘာဝတရားရဲ့ နတ်နယ်မြေ

အသေးစားလေးတစ်ခုရှိနေလို့။ ဒါကို

မျိုးနွယ်စုကြီးလေးခုစလုံးက

ပိုင်ဆိုင်တယ်။ ဒါကြောင့်

မျိုးနွယ်စုလေးခုစလုံးပေါင်းပြီး

ဒီအထဲကို ဝင်ရောက်ရတယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး “ကောင်းပြီ

ဒါဆို သူတို့ကို စောင့်ရအောင်”

အချိန်များ

တရွေ့ရွေ့နှင့်ကုန်ဆုံးလာသည်။

နှစ်နာရီလောက်အကြာတွင် အဝေးမှ

လူငယ်တစ်ယောက်

လမ်းလျှောက်လာသည်။

နောက်ကျောတွင်

ဓားတစ်ချောင်းသိုင်းလွယ်ထားကာ

ရင်ဘက်တွင်တော့ ရှမ်ယွမ်

ဟူသောစကားလုံးတစ်လုံးကို

ရေးထိုးထားသည်။ ယန်ယဲ့သည်

ထိုလူငယ်ကို ငုံ့ကြည့်လိုက်ပြီး

သူ့အကြည့်ကိုဖယ်လိုက်သည်။ သူသည်

ရှမ်းယမ်ကလန်ကို

ကောင်းကောင်းအထင်ကြီးခြင်း မရှိပါ။

ထိုနေ့တွင် သူနှင့်အတူ ပြဿနာရှာဖို့

ရောက်လာခဲ့သူများဖြစ်သည်။

ထိုလူငယ်က

သူတို့အနီးသို့ရောက်သောအခါ

ရပ်လိုက်ပြီး“ရှမ်းယမ်ကလန်…

ရှမ်းယွမ်ယန်”

ကျိုးယွဲ့က

အနည်းငယ်ခေါင်းညိတ်ပြပြီး“ကျိုးယွဲ့”

တစ်ယောက်ကိုတစ်ယောက်

နှုတ်ဆက်ရင်း

တိတ်ဆိတ်ငြိမ်သက်သွားသည်။

စကားတစ်ခွန်းမှမပြောဖြစ်ကြပေ။

ထိုကဲ့သို့ပင်

လေးနာရီခန့်ကြာသွားပြီးနောက်

အခြားလူငယ်တစ်ယောက်ရောက်လာသ

ည်။ ထိုလူငယ်က

ထည်ဝါသောဝတ်ရုံဝတ်စုံကိုဝတ်ဆင်

ထားပြီး ပခုံးထက်ထိကျဆင်းနေသော

ဆံပင်ရှည်များ ပိုင်ဆိုင်ထားသည်။ သူက

အနှောင်အဖွဲ့ကင်းမဲ့နေပုံရသည်။

လူငယ်က ကျီယွဲ့နဲ့ ရှမ်ယွမ်ယန်ကို
တစ်ချက်ကြည့်လိုက်သည်။
“ကျန်းပေါင်”

ကျီယွဲ့နှင့် ရှမ်းယွမ်ယမ်က
ခေါင်းညိတ်ကာ မိတ်ဆက်ပြန်သည်။
မဟာမျိုးနွယ်စုကြီးလေးခုမှ မျိုးနွယ်စု
တစ်ခုသာလျှင်ကျန်တော့သည်။

ဂူကလန်။

နောက်ထပ် နှစ်နာရီခန့်ကြာသော်

ဂူကလန်မှ ကျင့်ကြံသူ

ရောက်မလာသေးပါ။

ကျန်းပေါင်က

ရုတ်တရက်ပြောလိုက်သည်။“ဒီဂူကလန်

က အမြဲတမ်း အရမ်းနောက်ကျတယ်”

ကျီယွဲ့က ပြုံးပြီး“သူတို့တစ်ခုခုကြောင့် ကျန်ကြာနေတာ သေချာပါတယ်”

“ကောင်းပြီ ခဏလောက်စောင့်ရအောင်”

ကျန်းပေါင်က ယန်ယွဲ့ကို စိုက်ကြည့်ရင်း “မိန်းကလေးကျီယွဲ့၊ ဒါကဘယ်သူလဲ”

ကျီယွဲ့က “ကျီယွဲ့၊ ငါ့ဝမ်းကွဲအစ်ကိုပဲ။ သူဒီမှာလေ့လာဖို့ လိုက်လာတာ”

“အိုး …”

ကျန်းပေါင်က ယန်ယဲ့ကို
ခဏစိုက်ကြည့်ရင်း “ကျေကလန်က
မင်းကိုလာခွင့်ပေးတဲ့အတွက် မင်းက
သာမာန်လူမဟုတ်တာ သေချာတယ်”

သူက ရုတ်တရက်ရယ်မောလိုက်ပြီး
“ငါအရမ်းသိချင်နေတယ်

နောက်မျိုးဆက်မှာ ကျီကလန်ကို
ဘယ်သူက ထိန်းချုပ်မလဲ…”

ကျီယွဲ့က ပြုံးပြီး ပြန်မဖြေ။ ယန်ယဲ့ရဲ့
သဘာဝအတိုင်း ဘာမှမပြောပေ။
သူသည် ကျီယွဲ့ကို
ကူညီဖို့လိုက်ပါလာသောကြောင့်
ဘာမှမပြောဘဲ ငြိမ်နေရုံသာ။
အချိန်များတရွေ့ရွေ့နှင့်ကုန်ဆုံးသွားသ
ည်။

နောက်ထပ်တစ်နာရီခန့်အကြာတွင်တော့ အသံတစ်သံရုတ်တရက်ထွက်ပေါ်လာသည်။

“မင်းတို့ကိုစောင့်ခိုင်းမိတာ တောင်းပန်ပါတယ်”

အသံနှင့်အတူ အနက်ရောင်ပုံရိပ်တစ်ခုပေါ်လာသည်။ ပုံရိပ်က အနက်ရောင်ပုံရိပ်က အရိပ်ကဲ့သို့

လုံးဝမည်းနက်နေကာ
၎င်း၏အသွင်အပြင်ကို မမြင်ရပေ။

အနက်ရောင်ပုံရိပ်က ယန်ယဲ့ကို
ရုတ်တရက်စိုက်ကြည့်ပြီး
"ငါတို့တွေ့ဖူးသလား…"

ထိုစကားကိုကြားသောအခါ
ဤနေရာရှိလူတိုင်းသည်
ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

“မင်းငါ့ကိုတွေ့ဖူးသလား...”

အနက်ရောင်အရိပ်က

ရုတ်တရက်မေးသည်။

“မင်းနာမည်ဘယ်လိုခေါ်သလဲ...”

ယန်ယဲ့က“မင်းမသိရင်မေ့လိုက်ပါ”

အနက်ရောင်အရိပ်က

တိတ်ဆိတ်သွားသည်။

ဤအချိန်တွင် ကျီယွဲ့က

ရုတ်တရက်ရှေ့တက်လာပြီး

“ငါတို့အားလုံးဒီကိုရောက်နေပြီဆိုတော့

သွားကြရအောင်”

စကားပြောပြီးနောက်

သူမ၏ညာဘက်လက်ဝါးကို

လှန်လိုက်ရာ

အနီရောင်ပုလဲလုံးတစ်လုံးပေါ်လာသည်။

အနီရောင်ပုလဲလုံးက

ဖြည်းညင်းစွာလွင့်ပျံလာပြီး လေထဲတွင်

ရပ်တန့်သွားသည်။ ရှမ်ယွမ်ယန်၊

ကျန်းပေါင်းနဲ့

လျှို့ဝှက်ဆန်းကြယ်သောအနက်ရောင်အ

ရိုပ်တို့လည်း ပုလဲလုံးတစ်လုံးစီကို

ထုတ်လိုက်သည်။ ခဏအကြာတွင်

ပုလဲလုံး သုံးလုံး လွင့်ပျံလာပြီး

ကျီယွဲ့၏ပုလဲလုံးနဲ့အတူ

စက်ဝိုင်းပုံသဏ္ဍာန်ဖွဲ့လိုက်သည်။

စက်ဝိုင်းပုံသဏ္ဍာန်

ဖွဲ့လိုက်သည်နှင့်တပြိုင်နက်

အောက်မြေပြင်သည် ပြင်းထန်စွာ

တုန်ခါသွားသည်။

ထို့နောက် မြေပြင်သည်

ရုတ်တရက်အက်ကွဲသွားသည်။

လူတိုင်း၏

ခြေထောက်အောက်မြေပြင်သာမကဘဲ

သူတို့ရှေ့ရှိ တောင်တန်းများပင်

တဖြည်းဖြည်း အက်ကွဲသွားသည်။

ဤအခိုက်အတန့်တွင်

ပတ်ဝန်းကျင်အခြေအနေသည်

ကြီးမားစွာ ပြောင်းလဲသွားပုံရသည်။

အချိန်သိပ်မကြာလိုက်ပေ

တောင်ခြေရင်းမှ တောက်လျှောက်

ကွဲထွက်သွားကာ

မြို့ငယ်တစ်မြို့ပေါ်လာခဲ့သည်။

ကျီယွဲ့က သူမ၏လက်ကို ညင်သာစွာ

ဆွဲယမ်းလိုက်ရာ ပုလဲလုံးက လက်ထဲသို့

ပြန်ရောက်လာသည်။

ထို့နောက် အခြားလူတိုင်းကို

လှည့်ကြည့်ကာ“သွားရအောင်”

အထဲမြို့ဆီသို့ မသွားခင်

မျက်နှာဖုံးစွပ်အဘိုးကြီးအား

စိုက်ကြည့်ရင်း“ ဦးလေးကျန်း၊ ငါတို့ကို

ဒီမှာစောင့်ပါ”

မျက်နှာဖုံးစွပ်အဘိုးကြီးက
အနည်းငယ်ခေါင်းညိတ်ကာ
“သတိထားပါ သခင်မလေး”

ကျီယွဲ့က ခေါင်းညိတ်ပြပြီးနောက်
အခြားလူတိုင်းနဲ့အတူ မြို့ဆီသို့
ဖြည်းညင်းစွာလျှောက်လာသည်။
သိပ်မကြာလိုက်ဘဲ ဂိတ်တံခါးဝရှေ့သို့
ရောက်လာသည်။ ဂိတ်တံခါးဝတွင်

အနက်ရောင်စာလုံးတစ်လုံး

“ကောင်းကင်ငယ်မြို့တော်”ဟူ၍ပင်။

“ဒါဆိုဒါက

ကောင်းကင်မြို့တော်နှင့်တူတယ်”

ဤအချိန်တွင် ရှမ်ယွမ်ယန်က

ရုတ်တရက်ပြောသည်။

“ငါထင်ထားတဲ့အတိုင်း မဟုတ်သလိုပဲ”

ကျန်းပေါင်က “အမှန်ပဲ”

ကျိယွဲ့က ပြုံးပြီး “အားလုံးပဲ ကံကောင်းပါစေ ငါအရင်သွားလိုက်မယ်”

သူမက ယန်ယွဲ့ကို စိုက်ကြည့်ကာ “ငါနင့်ကို ဒုက္ခနည်းနည်းတော့ပေးမယ် အကိုယွဲ့”

ယန်ယွဲ့က ခေါင်းညိတ်ပြသည်။

ကျိုးယွဲ့ကို ဘေးဘက်သို့

ဆွဲခေါ်လိုက်သည်။

Translated by NyiNyiSoe